# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၈၂ ခုနှစ်၊ ပြာသိုလဆန်း ၃ ရက် | ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီ ၁၅ ရက်၊ သောကြာနေ့ | အတွဲ (၆၀)၊ အမှတ် (၁၀၇)


### မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)

# ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုအဖြစ် တည်ဆောက်ရာတွင် နိုင်ငံတော်အစိုးရနှင့်အတူ တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးက စိတ်တူကိုယ်တူ ဆန္ဒတူညီစွာဖြင့် ပူးပေါင်းလက်တွဲ ကြိုးပမ်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် က**

**(၆၉) နှစ်မြောက် ကယားပြည်နယ်နေ့အခမ်းအနားသို့**

**ပေးပို့သည့်သဝဏ်လွှာ**

**၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်**

**ချစ်ခင်လေးစားရပါသော ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ ခင်ဗျား–**

ယနေ့ ကျရောက်သည့် (၆၉) နှစ်မြောက် ကယားပြည်နယ်နေ့ နေ့ထူးနေ့မြတ် အခါသမယတွင် ကယားတိုင်းရင်းသားများနှင့်တကွ ကယားပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသည့် ပြည်ထောင်စုဖွားတိုင်းရင်းသား မိဘပြည်သူ ညီအစ်ကိုမောင်နှမများအားလုံး ကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

ကယားပြည်နယ်တွင် ကယားမျိုးနွယ်စု (၉) မျိုးနှင့်အတူ ဗမာ၊ ကရင်၊ ရှမ်း၊ ပအိုဝ်းနှင့် အင်းသား စသည့်တိုင်းရင်းသားလူမျိုးပေါင်းစုံတို့သည် ရှေးယခင်ကပင် ရိုးသားဖြူစင်စွာ၊ တစ်ဦးနှင့်တစ်ဦး ချစ်ကြည်ရင်းနှီးစွာ အတူတကွ နေထိုင်ခဲ့ကြပါသည်။ ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ကရင်နီပြည်နယ်သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ ပြည်နယ်တစ်ခုအဖြစ်ပါဝင်ခဲ့ပြီး ၁၉၅၁ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပြင်ဆင်ချက် အက်ဥပဒေအရ လူထုဆန္ဒဖြင့် ၁၉၅၂ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့မှစ၍ ကရင်နီပြည်နယ်မှ ကယားပြည်နယ်အဖြစ် တရားဝင် ပြောင်းလဲခေါ်ဝေါ် ခဲ့ပါသည်။ "ကရင်နီပြည်နယ်" မှ "ကယားပြည်နယ်" သို့ ပြောင်းလဲခေါ်တွင်သည့်နေ့ကို "ကယားပြည်နယ်နေ့" အဖြစ် သတ်မှတ်ခဲ့ရာ ယခုဆိုလျှင် (၆၉) နှစ်တိုင်ခဲ့ပြီဖြစ်ပါသည်။ နှစ်စဉ် ကယားပြည်နယ်နေ့တွင် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုပြခန်းများ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအကပြိုင်ပွဲများ၊ တေးဂီတဖျော်ဖြေပွဲများ၊ လှေလှော်ပြိုင်ပွဲများ၊ အားကစားပြိုင်ပွဲများ၊ စပါးထောင်းပြိုင်ပွဲ၊ ဈေးရောင်းပွဲတော်များ၊ ကုန်စည်ပြပွဲ စသည်ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြသော်လည်း ယခုနှစ်တွင် တစ်ကမ္ဘာလုံး၌ Coronavirus Disease (COVID–19) ကူးစက်ရောဂါဖြစ်ပွားနေဆဲကာလဖြစ်၍ ယခင်နှစ်များကဲ့သို့ စည်ကားသိုက်မြိုက်စွာ ကျင်းပခွင့်မရကြသည့်အတွက် အထူးစိတ်မကောင်းဖြစ်ရပါသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ◆



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ရပ်စောက်မြို့နယ်အတွင်း ကာကွယ်ရေးဝန်ကြီးဌာနမှ ပြန်လည်စွန့်လွှတ်အပ်နှံသည့် လယ်ယာမြေများအား တောင်သူများထံသို့ လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ -၇) လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကာကွယ်ရေးဝန်ကြီးဌာနမှ ပြန်လည်စွန့်လွှတ်အပ်နှံသည့် လယ်ယာမြေများအား တောင်သူများထံ လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ - ၇) လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်

**ရပ်စောက် ဇန်နဝါရီ ၁၄**

လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးတင်မြင့်၊ ဗိုလ်ချုပ် စိုးတင့်နိုင်နှင့် ဗိုလ်ချုပ်မြင့်နွယ်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရဟတ်ယာဉ်များဖြင့် နေပြည်တော်မှ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် ရပ်စောက်မြို့သို့ ရောက်ရှိပြီး ရသဝတီခန်းမ၌ ကျင်းပသည့် ရပ်စောက်မြို့နယ်အတွင်း ကာကွယ်ရေးဝန်ကြီးဌာနမှ ပြန်လည်စွန့်လွှတ်အပ်နှံသည့် လယ်ယာမြေများအား တောင်သူများထံသို့ လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ -၇) လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်သည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❋




မြန်မာ့အလင်း

# အမှားကို မြင် အမှန်ကို ပြင်မှသာလျှင်

အမေရိကန်နိုင်ငံ၏ ရွေးကောက်ပွဲတွင် အာဏာလက်ကိုင် သမ္မတဖြစ်သော ဒေါ်နယ်ထရမ့်က မဲရှုံး၏။ ပြည်နယ်အလိုက် ကိုယ်စားပြုပေးရသည့် မဲအရေအတွက်တွင် ပြိုင်ဘက်ဒီမိုကရက်တို့က မဲအသာဖြင့် နိုင်၏။ ယင်းကို ထရမ့်က မဲမသမာမှုဖြစ်သည်ဟုဆိုကာ ပြည်နယ်တရားရုံးများတွင် တိုင်၏။ မဲပြန်လည်ရေတွက်၏။ ရှုံးမြဲ ရှုံး၏။ တရားရုံးတို့၏ အဆုံးအဖြတ်အားလုံးကလည်း ထရမ့်ရှုံးသည်ဟူ၍ဖြစ်၏။ ထိုအရှုံးကို လက်မခံနိုင်သောထရမ့်က သူ့ကိုထောက်ခံကြသော လူအစုအဝေးကိုစည်းရုံးကာ လွှတ်တော်ကို စီးနင်းဝင်ရောက်ပြီး အကြမ်းဖက်မှုများဖြစ်၏။ ထိုအခါ ထရမ့်၏ ပါတီခေါင်းဆောင်များနှင့် ထရမ့်၏ ဒုတိယသမ္မတဖြစ်သူတို့ကပါ ထရမ့်ကို ဆန့်ကျင်ကြတော့သည်။ ကိုယ့်ပါတီကို ကာကွယ်ရန်ဟူသည့် အကြောင်းပြချက်ဖြင့် အမှားဘက်တွင် မရပ်တည်နိုင်ပြီ။ ပြည်သူ့ဘက်က လိုက်မည်ဟု ကြေညာ၏။

ယင်းကိုပင် ဒီမိုကရေစီ၏ အနှစ်သာရကို လက်မခံနိုင်ကြသည့် အချို့သော အင်အားစုတို့က ထို ရီပတ်ဘလီကန် ခေါင်းဆောင်များနှင့် ဒုတိယသမ္မတတို့ကို သစ္စာမရှိသူများအဖြစ် သမုတ်ကြလေသည်။ ယင်းအဆိုကို ပါတီအပေါ် သစ္စာမရှိသူများ၊ အမှန်တရားအပေါ် သစ္စာရှိသူများ၊ ပြည်သူလူထုအပေါ် သစ္စာရှိသူများဟု ဆိုရပါမည်။

ရှစ်လေးလုံး လူထုဒီမိုကရေစီ အရေးတော်ပုံကြီးဖြစ်လာသည့်အခါ လမ်းစဉ်ပါတီ၏ လောင်းရိပ်အောက်တွင် အကြောင်းအမျိုးမျိုးဖြင့် ရှိနေကြသည့် များစွာသောသူတို့သည် ဒီမိုကရေစီဘက်သားများဖြစ်လာသည့်အခါ ထိုစဉ်က အာဏာရအစိုးရ၏ ထိပ်သီးခေါင်းဆောင်ကြီးတစ်ဦးက သာကူးတွေဟူသော အသုံးအနှုန်းကို သုံးစွဲခဲ့ဖူး၏။ အနေအထားကို ဆင်ခြင်ရာတွင် အမှန်တရားကို ထည့်သွင်းမစဉ်းစားခဲ့ဘဲ ပြောမိခဲ့သည်ဟု ဆိုရမည်။ ထိုသို့ မှားယွင်းနေသည့် တစ်ပါတီအာဏာရှင်စနစ်မှသည် ဒီမိုကရေစီစနစ်ဆီသို့ ပြောင်းလဲကြရန်လိုသည်ဆိုသော အမှန်တရားဘက်သို့ ကူးပြောင်းလာကြခြင်း ဖြစ်ပါသည်။ လူသည် အယူအဆတွင် ဖြစ်စေ၊ ပြုမူဆောင်ရွက်မှု၌ ဖြစ်စေ မှားနေပြီဆိုလျှင် အမှားမှန်း သိရန်လို၏။ ထိုသို့ သိပြီးသည့်နောက် အမှန်ကို ပြောင်းလဲပြုပြင်ရန်လည်း လို၏။

ဘုရားအလောင်းတော် သိဒ္ဓတ္ထသည် မင်းစည်းစိမ်ကို စွန့်ကာ လောကသစ္စာကို ရှာဖွေမည်ဟူသည့် ပိုင်းဖြတ်မှုဖြင့် တောထွက်ကာ တရားကျင့်၏။ ဥရုဝေလတောအုပ်တွင် မလျှော့သောဇွဲဖြင့် တရားကျင့်တော်မူရာ၌ ခေါင်းခေါင်းပါးပါး ပြင်းပြင်းထန်ထန် ခြိုးခြံကျင့်နိုင်မှ တရားထူးရမည်ဟူသော အတွေးအခေါ်များ လွှမ်းမိုးနေသည့် ခေတ်ကာလဖြစ်လေရာ ထိုအယူအတိုင်း အလောင်းတော်လည်း ဒုက္ကရစရိယာကို ခြောက်နှစ်တိုင်တိုင် ကျင့်တော်မူ၏။ အစားအစာကိုစားသည် မဆိုရုံသာ စား၏။ မနားမနေ တရားကျင့်၏။ တစ်ချိန်တွင် မိမိ၏ တရားကျင့်ပုံကို ဆင်ခြင်မိသည့်အခါ အစွန်းရောက်နေသော အယူအဆကိုမြင်၏။ ကာမဂုဏ်စည်းစိမ်ကို နှစ်ခြိုက်မွေ့လျော်ခြင်းလည်းမဟုတ်၊ မိမိကိုယ်ကိုယ် နှိပ်စက်ညှဉ်းပန်းမှုလည်း မဖြစ်မည့် မဇ္ဈိမပဋိပဒါဟူသည့် အလယ်အလတ်လမ်းစဉ်ကို လက်ခံပြောင်းလဲ၍ ဝိပဿနာတရားကို ဆက်လက်ကျင့်တော်မူကာ ဘုရားအဖြစ်သို့ ရောက်တော်မူလေသည်။

လူသည် မှားတတ်၏။ အမှားကို သိဖို့လိုအပ်သကဲ့သို့ အမှားကို ပြုပြင်ကာ အမှန်သို့ ပြောင်းလဲရဲရန်လည်း လို၏။ အယူအဆမှား အပြုအမူအမှားကို ရာသက်ပန်ဖက်တွယ်ထားရန်မဟုတ်။ အတွေ့အကြုံနှင့် ဉာဏ်အမြင်အလျောက် ပြောင်းလဲမှုရှိရမည်ဖြစ်၏။ ထိုပြောင်းလဲမှုမှာ အကောင်းဘက်သို့ ဦးတည်သည့် ပြောင်းလဲမှုဖြစ်ရန်သာလို၏။ ယင်းသို့ပြောင်းလဲမှုသည် မှန်ကန်သောပြောင်းလဲမှုဖြစ်ရေးက အရေးကြီး၏။

အထက်ပါ အတွေးအမြင်ကို အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက သူ၏ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိတွင် ထည့်သွင်းဖော်ပြခဲ့၏။ အလေးနက်ပြု စဉ်းစားထိုက်သည့် အယူအဆဖြစ်ပါသည်။ အချို့သော ပြောင်းလဲမှုများကိုဆင်ခြင်ရာတွင် မိမိ၏ အခွင့်အရေးနှင့် အကျိုးစီးပွားကိုမျှော်ကာ ပြောင်းလဲခြင်း မဟုတ်ဘဲ အများပြည်သူ၏ အကျိုးစီးပွားကိုကြည့်သည့် ပြောင်းလဲမှု၊ လောကအကျိုးစီးပွားကို အလေးပေးသည့် ပြောင်းလဲမှု၊ အယူအဆမှားက အယူအဆမှန်၊ အပြုအမူမှားက အပြုအမူမှန်ကို ပြောင်းကြခြင်းကို ကြိုဆိုထောက်ခံ အားပေးကြရမည်ဟု ယုံကြည်ပါ၏။

အမှားကိုမြင် အမှန်ကို ပြင်နိုင်ကြပါစေသတည်း။ ။



Artist Life Art Gallery ပန်းချီဆရာကြီး ဦးလွန်းကြွယ် လွန်းပန်းချီမိသားစုက ကိုဗစ်-၁၉ ကာကွယ်ဆေး ရန်ပုံငွေအတွက် ပညာဒါန အလှူငွေကျပ် သိန်း ငါးရာကို ဇန်နဝါရီ ၁၁ ရက်တွင် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းသို့ လွန်းပန်းချီမိသားစုဝင် သမီး ဒေါ်ခင်ကျော်ရီက ပေးအပ်လှူဒါန်းရာ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း အလုပ်အမှုဆောင် အဖွဲ့ဝင် ဒေါက်တာသန့်သော်ကောင်း က လက်ခံရယူပြီး မှတ်တမ်းတင်ဂုဏ်ပြုလွှာ ပေးအပ်စဉ်။

အောင်သူရ

## ကျောင်းကုန်းမြို့နယ်ရှိ ရုံးတော-ပုဂံစု-ကျုံတာဖျားလမ်း လမ်းခင်းမည့်အခြေအနေ ဒေသခံများအား ရှင်းလင်း

ကျောင်းကုန်း ဇန်နဝါရီ ၁၄

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ရုံးတောကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံတွင် ရုံးတော - ပုဂံစု - ကျုံတာဖျားလမ်း ကွန်ကရစ်ခင်းမည့် အခြေအနေကို ယမန်နေ့ နံနက်ပိုင်းက ဒေသခံများအား ရှင်းလင်းဆွေးနွေးသည်။

ရှေးဦးစွာ မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန တာဝန်ခံ အင်ဂျင်နီယာ ဒေါ်ဆုသီရိမွန်က ကွန်ကရစ်ခင်းမည့် အခြေအနေကို ရှင်းလင်းပြောကြားပြီး ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းထွန်းနှင့် တာဝန်ရှိသူများက ကွန်ကရစ်လမ်းခင်းရာတွင် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုပ်ငန်းအရည်အသွေး ပြည့်မီစွာ ဆောင်ရွက်နိုင်ရေးအတွက် ရှောင်ကွင်းလမ်းစနစ်တကျ ပေးထားရမည်ဖြစ်ကြောင်း၊ တင်ဒါအောင်မြင်သော ကုမ္ပဏီက လုပ်ငန်းဒီဇိုင်းနှင့်အချက်အလက်များကို ဗီနိုင်းထောင်ပေးရမည်ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

အဆိုပါ ရုံးတော-ပုဂံစု-ကျုံတာဖျားလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းသည် လမ်းအရှည် တစ်မိုင်၊ အကျယ် ၁၂ ပေနှင့် ထုခုနစ်လက်မဖြင့် လာဘ်မိုးသဲကုမ္ပဏီက တင်ဒါအောင်မြင်ကာ ငွေကျပ် ၂၇၈ သန်းဖြင့် ခင်းကျင်းမည်ဖြစ်ကြောင်း၊ ပြည်သူ့ဘဏ္ဍာငွေဖြင့် ခင်းမည့်လမ်းဖြစ်၍ ပြည်သူများ သိရှိစေရန်အတွက် ယခုကဲ့သို့ လာရောက်ရှင်းပြရခြင်းဖြစ်ကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

## ရွှေသွေးဂျာနယ်ထွက်ရှိ

နေပြည်တော် ဇန်နဝါရီ ၁၄

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

ဇန်နဝါရီလ ၁၆ ရက် (စနေနေ့) တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် သစ်သားနှင့် မထုလုပ်ဘဲ ငါးခြောက်နှင့် အခြားပစ္စည်းများကို ရောနှောကာ ကြွက်ရုပ်တုကို ထုလုပ်ထားသည့် ဉာဏ်ရည်ထက်မြက်သော မောင်ညိုအကြောင်းကို တင်ဆက်ထားသည့် "ဉာဏ်ထက်သူ" မျက်နှာဖုံးကာတွန်း၊ ရှမ်းတိုင်းရင်းသားအများစု၏ ရိုးရာဟင်းလျာများတွင် အသုံးပြုကြသည့် ရှမ်းပဲပုပ်အကြောင်းကို တင်ဆက်ထားသည့် "ရှမ်းပဲပုပ်" သုတဆောင်းပါး၊ မြန်မာ့ဆိုင်းဝိုင်းတွင် အသုံးပြုသော လေမှုတ်တူရိယာများအနက် အဓိကအကျဆုံးနှင့် အသုံးအတွင်ကျယ်ဆုံး တူရိယာဖြစ်သော နှဲအကြောင်းကို ရေးသားထားသည့် " နှဲအကြောင်း သိကောင်းစရာ" သုတဆောင်းပါးကဏ္ဍ၊ ကလေးတို့ စိတ်ကြိုက်အရောင်များကို ရွေးချယ်ပြီး အရောင်များ ခြယ်သနိုင်ရန် တင်ဆက်ထားသည့် "ဆေးရောင်လှလှခြယ်ကြမယ်" ကဏ္ဍ၊ ကိုဗစ်ကပ်ရောဂါများကူးစက်မှုကို ကာကွယ်နိုင်ရန်အတွက် ထုတ်ပြန်ထားသည့် စည်းကမ်းချက်များကို မပေါ့မလျော့ဘဲ ဆက်လက်လိုက်နာရန် လိုအပ်ကြောင်း ပညာပေးတင်ဆက်ထားသည့် "မောင်ထွေးလေးနှင့် ကိုဗစ်" နှစ်မျက်နှာကာတွန်း၊ တပည့်လိမ္မာလေးကြောင့် အိမ်ဖော်အားလုံးတို့သည် ဆရာကြီးကို အလွန်လေးစား ကြည်ညိုသွားကြပုံအကြောင်းကို ပညာပေးတင်ဆက်ထားသည့် "တပည့်လိမ္မာ" ကလေးဝတ္ထု၊ ကလေးတို့ပေးပို့သော ကာတွန်းလက်ရာများကို ဖော်ပြပေးထားသည့် "ရွှေသွေးတို့လက်ရာ" ကဏ္ဍအပါအဝင် အင်္ဂလိပ်စာကဏ္ဍ၊ ကဗျာကဏ္ဍ စုံလင်စွာဖြင့် ဖတ်စရာ မှတ်စရာများ ပါရှိကြောင်း သိရသည်။




သတင်းစဉ်

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက်
ဒီးယက်ကျေးရွာ ဂျာနယ်
ထွက်ရှိ



၁၅-၁-၂၀၂၂ ရက်နေ့ထုတ် အတွဲ(၁၈)၊ အမှတ်(၂)တွင်
- ဆန်းသစ်တီထွင်မှုများနှင့် မြန်မာ့ရိုးရာရက်ကန်းလုပ်ငန်း
- ကော်ဖီအထွက်တိုးစေရန် မြေဩဇာကို အပင်သက်တမ်းအလိုက် ဘယ်လိုကျွေးရမလဲ
- မှိုသီးနှံကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး စိုက်ပျိုးစရိတ်ချေးငွေရရှိရန် ဆောင်ရွက်မှုအကြောင်း သိကောင်းစရာ
- မိသားစုစားဝတ်နေရေးအဆင်ပြေစေသော ဘဲမွေးမြူရေးလုပ်ငန်း
- ကျွဲ နွား သိုး ဆိတ် မွေးမြူရေးအတွက် အစာစီမံခန့်ခွဲမှု (၁၃)
- ကျောက်ကပ်ကျန်းမာရေးနှင့် ဓာတ်စာ
- နှလုံးသွေးကြောကျဉ်းရောဂါအကြောင်း သိကောင်းစရာ အပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ သုတရသစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ပါသည်။

တစ်စောင် (၂၀၀) ကျပ်
အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။
DKY Journal

## ကျောက်တန်းမြို့နယ် မြစိမ်းရောင်(ငါးကဏ္ဍ) ခြောက်ကြိမ်မြောက် ချေးငွေများထုတ်ချေး

နေပြည်တော် ဇန်နဝါရီ ၁၄

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ကြီးကြပ်ဆောင်ရွက်နေသည့် မြစိမ်းရောင်ကျေးရွာစီမံကိန်း(ငါးကဏ္ဍ)၏ ကျေးရွာဖြစ်သော ဝင်းကြီးကျေးရွာ၏ ခြောက်ကြိမ်မြောက် မြစိမ်းရောင်ချေးငွေအရင်း ကျပ်သိန်း ၅၂၃၀၀၀၀၀ ကို ချေးယူသူ ၂၆၈ ဦးထံသို့ ပြန်လည်ပေးအပ်ချေးငှားခဲ့ခြင်းကို ယမန်နေ့က ကျောက်တန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူးရုံးတွင် ပြုလုပ်ရာ မြစိမ်းရောင်(ငါးကဏ္ဍ) ကျေးရွာစီမံကိန်းကော်မတီအဖွဲ့ဝင်များ၊ ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ကြကြောင်း မြို့နယ်ဦးစီးမှူး ဦးခင်ဝင်းထံမှ သိရသည်။

သတင်းစဉ်

# ပြည်သူသာလျှင် အဓိက

◆ *ရှေ့ဖုံးမှ*

မြန်မာနိုင်ငံတွင် COVID–19 ကပ်ရောဂါ စတင်ဖြစ်ပွားချိန်၌ ကယားပြည်နယ်သည် ရောဂါကူးစက်မှု မရှိအောင် အစွမ်းကုန် ကြိုးစားဆောင်ရွက်ခဲ့ပြီး အချိန်အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်နိုင်ခဲ့ကာ လက်ရှိအချိန်တွင် ရောဂါပိုးတွေ့ရှိသူများ ရှိလာသော်လည်း ရောဂါပိုးတွေ့ရှိသူအနည်းဆုံး ပြည်နယ်တစ်ခုဖြစ်သည်ကို တွေ့ရှိရပါသည်။ COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသခြင်းလုပ်ငန်းများကို စေတနာ၊ မေတ္တာအပြည့်အဝထား၍ မိမိတို့၏ကိုယ်ပိုင်အသိစိတ်ဓာတ်ဖြင့် ကျရာအခန်းကဏ္ဍမှ ဆောင်ရွက်ခဲ့သူများ၊ ပံ့ပိုးကူညီခဲ့သူများ တစ်ဦးချင်းကို လည်းကောင်း၊ ကျန်းမာရေးဆိုင်ရာ အသိပညာပေးညွှန်ကြားချက်များအား တိကျစွာ လိုက်နာကြသည့် တိုင်းရင်းသား ညီအစ်ကိုမောင်နှမအားလုံးကိုလည်းကောင်း အသိအမှတ်ပြု ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါသည်။

လက်ရှိအချိန်တွင် COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသခြင်းလုပ်ငန်းများကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အင်တိုက်အားတိုက် ဆောင်ရွက်နေသကဲ့သို့ တစ်ဖက်တွင်လည်း နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုတစ်ဝန်းလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး၊ တိုင်းဒေသကြီး/ ပြည်နယ်များအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်လျက်ရှိပါသည်။ ကယားပြည်နယ်အတွင်းတွင်လည်း သောက်သုံးရေ ရရှိရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီး ရရှိရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး အစရှိသဖြင့် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ပေးလျက်ရှိပါသည်။

ရိုးရာဓလေ့အစဉ်အလာများ၊ တောတောင်ရေမြေ သဘာဝအလှအပများစွာ ပိုင်ဆိုင်ထားသော ကယားပြည်နယ်သည် မီးခိုးမထွက်သည့်စက်ရုံဟု တင်စားခေါ်ဝေါ်ကြသည့် ခရီးသွားလုပ်ငန်း ဖြစ်ထွန်းအောင်မြင်နိုင်သည့် အခြေခံကောင်းများစွာ ပိုင်ဆိုင်ထားပါသည်။

သို့ဖြစ်၍ ပြည်တွင်းပြည်ပခရီးသွားများ လေ့လာလည်ပတ်နိုင်ရန် လူထုအခြေပြုခရီးသွားလုပ်ငန်းကို ၂၀၁၄ ခုနှစ် အကုန်ပိုင်းမှစတင်၍ တစိုက်မတ်မတ် ဆောင်ရွက်ခဲ့သည့်အတွက် နိုင်ငံခြားသားခရီးသွားဧည့်သည်များ၊ ပြည်တွင်းခရီးသွားများ ဝင်ရောက်လာမှုမှာ တစ်စတစ်စတိုးတက်လာရာ ဒေသခံတိုင်းရင်းသားပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိခဲ့ပြီး လူမှုစီးပွားဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့မြင်နေရပြီ ဖြစ်ပါသည်။

ကယားပြည်နယ်အတွင်း မီတင်းနေထိုင်ကြသော တိုင်းရင်းသား ညီအစ်ကို မောင်နှမများ၏ စည်းလုံးညီညွတ်မှု၊ ပူးပေါင်းဆောင်ရွက်မှုများကြောင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့် ကဏ္ဍတစ်ခုချင်းအလိုက် တိုးတက်အောင်မြင်မှုများကို ရရှိခဲ့ပြီး ၂၀၁၉ ခုနှစ်အတွင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ချီးမြှင့်သော Patient Safety Champion ထူးချွန်ဆု၊ ခုတင် (၅၀) ဆံ့ တိုင်းရင်းဆေးရုံ ဘက်စုံစွမ်းဆောင်ရည်ဆု၊ ဒီဇင်ဘာလူထုအားကစား လှုပ်ရှားမှုများတွင် အတက်ကြွဆုံး ပါဝင်ဆင်နွှဲခဲ့ကြသဖြင့် တိုင်းဒေသကြီး/ ပြည်နယ်အဆင့် ပထမဆုတို့ကို ထိုက်တန်စွာ ရရှိထားရာ ကောင်းမြတ်သည့်အစဉ်အလာကောင်းကို ဆက်လက်ထိန်းသိမ်းသွားရန် တိုက်တွန်းလိုပါသည်။

ယခင်က လက်နက်ကိုင်ပဋိပက္ခများကြောင့် ကယားပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲများရှိခဲ့သော်လည်း ယခုအခါ လက်နက်ကိုင်ပဋိပက္ခများ မရှိတော့သလောက်ဖြစ်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ နယ်မြေအေးချမ်းသာယာပြီး လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်သည်နှင့်အမျှ ကယားပြည်နယ်နေ ပြည်သူများ၏ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် နိုင်ငံရေးဆွေးနွေးပွဲ လုပ်ငန်းစဉ်များတွင် အပြည့်အဝ လက်တွဲပူးပေါင်းပါဝင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြပါရန် အလေးအနက်တိုက်တွန်းလိုပါသည်။

> “ယခင်က လက်နက်ကိုင်ပဋိပက္ခများကြောင့် ကယားပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲများရှိခဲ့သော်လည်း ယခုအခါ လက်နက်ကိုင်ပဋိပက္ခများ မရှိတော့သလောက်ဖြစ်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ နယ်မြေအေးချမ်းသာယာပြီး လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်သည်နှင့်အမျှ ကယားပြည်နယ်နေ ပြည်သူများ၏ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များအနေဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေး လုပ်ငန်းစဉ်များနှင့် နိုင်ငံရေးဆွေးနွေးပွဲ လုပ်ငန်းစဉ်များတွင် အပြည့်အဝလက်တွဲပူးပေါင်းပါဝင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြ”

ပြည်ထောင်စုကြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူများအားလုံး၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရန် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစု ပင်လုံအစည်းအဝေးများကို လေးကြိမ်တိုင်ကျင်းပခဲ့ပြီး သဘောတူညီချက်အများအပြားရရှိခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါအစည်းအဝေးများမှ ရရှိလာသော ဒီမိုကရေစီနှင့် ဖက်ဒရယ်ဆိုင်ရာဘုံသဘောတူညီချက်များအရ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ သာတူညီမျှ အခွင့်အရေးရရှိခြင်းနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိခြင်းဟူသော နိုင်ငံရေးအနှစ်သာရများ ပြည့်ဝသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုအဖြစ် တည်ဆောက်ရာတွင် နိုင်ငံတော်အစိုးရနှင့်အတူ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက စိတ်တူကိုယ်တူ ဆန္ဒတူစွာဖြင့် ပူးပေါင်းလက်တွဲ ကြိုးပမ်းသွားကြရန် ဤနေ့ထူးနေ့မြတ်အခါသမယတွင် တိုက်တွန်းနှိုးဆော်လျက် သဝဏ်လွှာပေးပို့အပ်ပါသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ



ဗထူးတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး တင်နိုင်ဦး စွန့်လွှတ်မြေများနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကို တောင်ကြီးခရိုင် အုပ်ချုပ်ရေးမှူးထံ လွှဲပြောင်းပေးအပ်စဉ်။ သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ တောင်သူများကိုယ်စား တောင်သူတစ်ဦးအား လယ်ယာမြေလုပ်ပိုင်ခွင့် လက်မှတ် (ပုံစံ- ၇) များ ပေးအပ်စဉ်။ သတင်းစဉ်



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ် တောင်သူများကိုယ်စား တောင်သူတစ်ဦးအား လယ်ယာမြေလုပ်ပိုင်ခွင့် လက်မှတ် (ပုံစံ- ၇) များ ပေးအပ်စဉ်။ သတင်းစဉ်

❊ *ရှေ့ဖုံးမှ*

အခမ်းအနားသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြန်လည်စွန့်လွှတ်သည့်မြေများအား လက်ခံရယူကြမည့် တောင်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယသမ္မတက တောင်ကြီးခရိုင် ရပ်စောက်မြို့နယ် ဗထူးတပ်နယ်အတွင်းရှိ ကာကွယ်ရေးဝန်ကြီးဌာနမှ ပြန်လည်စွန့်လွှတ်အပ်နှံခဲ့သည့် ကန်တော်မင်ဧရိယာ ၁၀၆၃၄ ဒသမ ၉၅၆ ဧကအတွင်းရှိ စိုက်ပျိုးမြေဧရိယာဧက ၅၁၈၄ ဒသမ ၇၀ ကို မူလတောင်သူ ၁၁၁၆ ဦးထံသို့ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇)များ ပေးအပ်သွားမည်ဖြစ်ပါကြောင်း။

စွန့်လွှတ်အပ်နှံမြေများအား မူလတောင်သူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ပွဲများကို မိမိကိုယ်တိုင် တက်ရောက်အားပေးခဲ့ရာ ယခုအခမ်းအနားသည် (၂၄) ကြိမ်မြောက်ဖြစ်ပြီး ကာကွယ်ရေးဝန်ကြီးဌာနမှ ပြန်လည်စွန့်လွှတ်အပ်နှံသည့်မြေများအနက် ယခုအကြိမ်သည် ပမာဏအများဆုံးဖြစ်သည့်အပြင် မိမိတို့အစိုးရတာဝန်ယူစဉ်ကာလအတွင်း ဌာနများမှ ပြန်လည်စွန့်လွှတ်အပ်နှံခဲ့သည့် မြေများတွင်လည်း ပမာဏအများဆုံးဖြစ်သဖြင့် ပြန်လည်လွှဲအပ်ခြင်းအခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပလိုသော်လည်း လက်ရှိရင်ဆိုင်ကြုံတွေ့နေရသည့် ကိုဗစ် – ၁၉ ကပ်ရောဂါ အခြေအနေကြောင့် ယခုကဲ့သို့ အကျဉ်းချုံးဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ အဆိုပါကပ်ရောဂါမှ ကင်းဝေးလွတ်မြောက်စေရန် ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်များကို တိကျစွာ လိုက်နာဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း။

စွန့်လွှတ်အပ်နှံမြေများ မူလပိုင်ရှင်သို့ ပြန်လည်လွှဲပြောင်းပေးနိုင်ရေး ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနမှ စွန့်လွှတ်ထားပြီးဖြစ်သော်လည်း မူလလက်ငုတ်နှင့် လက်ရှိ လက်ငုတ်အငြင်းပွားနေမှုများကြောင့် ကာယကံရှင်လက်ဝယ်သို့ ရောက်ရှိရန် အချိန်ကြန့်ကြာနေမှုများကိုလည်း တွေ့ရှိရပါကြောင်း၊ ထို့ကြောင့်

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

အောက်ခြေမှ စိစစ်တွေ့ရှိချက်များနှင့် မြေပြင်ပကတိအခြေအနေ ကွဲလွဲမှုမရှိစေရေးအတွက် ကွင်းဆင်းစိစစ်ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

စိစစ်တင်ပြလာသည့် အမှုတွဲများအနက် တင်ပြတိုင်ကြားသူ ကာယကံရှင်အား ယနေ့အချိန်ထိ ဆက်သွယ်စုံစမ်းမရသည့် အမှုတွဲများနှင့် လိပ်စာရှင်ရှာဖွေမတွေ့ရှိသည့် အမှုတွဲများကိုလည်း တင်ပြတိုင်ကြားသူများ၏ အကျိုးစီးပွားနစ်နာမှုမရှိစေရေးအတွက် (Notice Board) တင်၍ တင်ပြခြင်းနှင့် နိုင်ငံပိုင်သတင်းစာများတွင် ကြော်ငြာထည့်သွင်းခြင်းများဖြင့် တိုင်ကြားသူအပါအဝင် ဆွေမျိုးသားချင်းနှင့် မိတ်ဆွေသင်္ဂဟများသိရှိအောင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။



စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံတွင် လယ်ယာမြေသည် လယ်သမားများအတွက် အသက်သွေးကြောဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့အစိုးရအနေဖြင့် လယ်သမားများအတွက် အသက်တမျှ အရေးကြီးလှသည့် လယ်ယာမြေများ ပြန်လည်ရရှိရေးကို ဦးစားပေး အထူးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့ပါကြောင်း။

**စနစ်တကျ စိစစ်လွှဲပြောင်း**

ပြန်လည်စွန့်လွှတ်သည့်မြေများ မူလတောင်သူများထံ မြန်မြန်ရောက်ရှိပြီး စောစောအကျိုးခံစားနိုင်ရန် စိုက်ပျိုးရာသီအမီ အမြန်လွှဲပြောင်းပေးအပ်နိုင်ရေးအတွက် ပွင့်လင်းမြင်သာမှုရှိပြီး ရေရှည်ဖွံ့ဖြိုးမှုဖြစ်စေမည့် မူဝါဒနှင့် လုပ်ငန်းစဉ်များချမှတ်ကာ စနစ်တကျ စိစစ်လွှဲပြောင်းပေးနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ထိုသို့ ဆောင်ရွက်ပေးနိုင်ခြင်းဖြင့် လယ်မဲ့၊ ယာမဲ့၊ အလုပ်အကိုင်အခွင့်အလမ်းမရှိသဖြင့် ကျေးလက်ဒေသများကို စွန့်ခွာသွားမှုများ၊ မြို့ကြီးပြကြီးများသို့ မိသားစုလိုက်ရွှေ့ပြောင်းကျူးကျော်နေထိုင်မှုများ၊ ပြည်ပနိုင်ငံများသို့ နည်းလမ်းမျိုးစုံဖြင့် သွားရောက်လုပ်ကိုင်နေမှုများနှင့် မြန်မာပြည်မှ ခေတ်ပညာတတ်လုပ်ငန်းကျွမ်းကျင်မှုရှိသော လူ့စွမ်းအားအရင်းအမြစ်များ ပြည်ပသို့ ထွက်ခွာဆုံးရှုံးနေမှုများသည်လည်း တဖြည်းဖြည်း လျော့ကျလာမည်ဖြစ်ပါကြောင်း။

ယနေ့လယ်ယာမြေလုပ်ပိုင်ခွင့် ပြန်လည်ရရှိကြသည့် တောင်သူများအနေဖြင့် နိုင်ငံတော်အစိုးရ၏ အလေးထားဆောင်ရွက်ပေးနေမှုများကို နားလည်သိရှိပြီး မိမိတို့မိသားစုလူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ရိုးသားကြိုးစားစွာ လုပ်ကိုင်ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ ထို့အတူ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းပြီး မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးကာ အရည်အသွေး အဆင့်အတန်းမြင့်မားပြီး အထွက်နှုန်းတိုးတက်မြင့်မားအောင် ဆောင်ရွက်ကြရန် လိုအပ်သကဲ့သို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ကျရာ အခန်းကဏ္ဍမှ ပူးပေါင်းပါဝင်ကြရန် တိုက်တွန်းလိုပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ရေရှည်တည်တံ့သည့် လယ်ယာထုတ်ကုန်စနစ် ထွန်းကားစေပြီး နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာစေရေးနှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန် မျှော်မှန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင် လုပ်ကွက်ငယ် တောင်သူလယ်သမားများ စိုက်ပျိုးလုပ်ကိုင်လျက်ရှိကြသည့် မြေများ တရားဝင်ပိုင်ဆိုင်နိုင်ရေး၊ လယ်ယာမဲ့တောင်သူလယ်သမားများ အမှန်လုပ်ကိုင်ဆောင်ရွက်မည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအတွက် လုပ်ပိုင်ခွင့်လွယ်ကူစွာရရှိရေး၊ ဒေသခံတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာအရ သတ်မှတ်မြေများ၊ အများပြည်သူနှင့် တိုင်းရင်းသားများဆိုင်ရာ ဘာသာရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေးတို့အတွက် လက်ရှိအသုံးပြုထားသည့် မြေများကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအဖြစ် ခွင့်ပြုချထားခြင်းမပြုစေရေးတို့အတွက် ၂၀၁၂ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများဥပဒေကို ၂၀၁၈ ခုနှစ်၊ စက်တင်ဘာ ၁၁ ရက်တွင်လည်းကောင်း၊ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေကို ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁၄ ရက်တွင်လည်းကောင်း ပြင်ဆင်ပြဋ္ဌာန်းပေးခဲ့ပြီးဖြစ်ပါကြောင်း။

ယခုကဲ့သို့ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ရရှိကြသည့် တောင်သူများအနေဖြင့် ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေပါ လယ်ယာမြေကို လုပ်ပိုင်ခွင့်နှင့် ယင်းမှပေါ်ထွက်လာသော အကျိုးအမြတ်ခံစားခွင့်များအပြင် သတ်မှတ်စည်းကမ်းများနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်၊ ပေးကမ်းခွင့်နှင့် အမွေဆက်ခံခွင့်များကိုလည်း ရရှိကြမည်ဖြစ်ပါကြောင်း။



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ သမိုင်းဝင်ကျိုက်သလွံစေတီတော်ရင်ပြင် မြေထိန်းနံရံ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

ယခုကဲ့သို့သော စွန့်လွှတ်အပ်နှံမြေများကို မူလတောင်သူလယ်သမားများလက်ဝယ်သို့ ပြန်လည်ပေးအပ်နိုင်အောင် ကြိုးစားဆောင်ရွက်ပေးခဲ့ကြသည့် ကာကွယ်ရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် တာဝန်ရှိသူများကို နိုင်ငံကိုယ်စား၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီကိုယ်စား ကျေးဇူးတင် အသိအမှတ်ပြုပါကြောင်း၊ တောင်သူလယ်သမားကြီးများအနေဖြင့်လည်း မိမိတို့ပိုင်ဆိုင်လုပ်ကိုင်ခွင့်ရမြေယာများကို သားစဉ်မြေးဆက်တိုင် အဘက်ဘက်က တိုးတက်အောင် ရင်းနှီးမြှုပ်နှံလုပ်ကိုင်ရင်း စားနပ်ရိက္ခာဖူလုံစေရုံသာမက ပြည်ပပို့ကုန် ထုတ်လုပ်တင်ပို့သူများအဖြစ်ပါ လုပ်ကိုင်ဆောင်ရွက်သွားနိုင်ကြပါစေရန် ဆုမွန်ကောင်း တောင်းအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ရှမ်းပြည်နယ်အတွင်း စွန့်လွှတ်မြေများအနက် မူလတောင်သူများထံသို့ လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ –၇)ပေးအပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

**လွှဲပြောင်းပေးအပ်**

ယင်းနောက် ဗထူးတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး တင်နိုင်ဦးက တောင်ကြီးခရိုင် အုပ်ချုပ်ရေးမှူးထံ စွန့်လွှတ်မြေများနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်မြင့်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် စိုးတင့်နိုင်၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်၊ ပြည်နယ်ဝန်ကြီး ဦးစိုင်းလုံကျော်နှင့် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးတို့က ပွေးကျေးရွာအုပ်စု၊ ဖောင်းတောကျေးရွာအုပ်စု၊ မကျီးကုန်းကျေးရွာအုပ်စုနှင့် လွယ်ကိုးကျေးရွာအုပ်စုတို့မှ တောင်သူ ၁၁၁၆ ဦး ကိုယ်စားတောင်သူများအား လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ – ၇) များ ပေးအပ်ကြသည်။

ယင်းနောက် လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ – ၇) လက်ခံရယူကြသည့် တောင်သူများကိုယ်စား အင်းမီးကျေးရွာမှ တောင်သူ ဦးကြည်ခိုင်စိုးက ကျေးဇူးတင် ဝမ်းမြောက်စကားပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတက အခမ်းအနားသို့ တက်ရောက်လာကြသည့် တောင်သူများအား နှုတ်ဆက်သည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ရဟတ်ယာဉ်များဖြင့် ရပ်စောက်မြို့မှ မွန်ပြည်နယ် မော်လမြိုင်မြို့သို့ ရောက်ရှိကြရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးခင်မောင်ကြီး၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

**အလှူငွေများပေးအပ်**

ထို့နောက် ဒုတိယသမ္မတသည် သမိုင်းဝင်ကျိုက်သလွံစေတီတော်မြတ်ကြီးသို့ရောက်ရှိကာ စေတီတော် ဒေ့သည်တော် မှတ်တမ်း၌ လက်မှတ်ရေးထိုးပြီး စေတီတော်ပြုပြင်မွမ်းမံတည်ဆောက်ရေးအတွက် အလှူငွေများပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဒုတိယသမ္မတသည် သမိုင်းဝင်ကျိုက်သလွံစေတီတော်မြတ်ကြီးအား လှည့်လည်ကြည်ညိုပြီး အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ပြုပြင်မွမ်းမံတည်ဆောက်လျက်ရှိသည့် စေတီတော်ရင်ပြင် မြေထိန်းနံရံ တည်ဆောက်နေမှုအား ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် မော်လမြိုင်မြို့ ရေပေးဝေရေး အတ္တရံမြစ်ရေတင် စီမံကိန်း Control Room သို့ရောက်ရှိရာ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ကိုကိုနှင့် Modern World JV Sanli Enviromental ( Myanmar) Co.,Ltd မှ ဦးမြတ်ကိုကိုတို့က မော်လမြိုင်မြို့၏ လက်ရှိရေပေးဝေရေး ဆောင်ရွက်နေမှုအခြေအနေ၊ အတ္တရံ(၁) မြစ်ရေပေးဝေရေးလုပ်ငန်းအခြေအနေ၊ အတ္တရံ(၂) ရေပေးဝေရေး လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက သိရှိလိုသည်များကို မေးမြန်းသည်။

ထို့နောက် ဒုတိယသမ္မတသည် ရေပေးဝေရေးစီမံကိန်းလုပ်ငန်း တည်ဆောက်ပြီးစီးမှု အခြေအနေများနှင့် စမ်းသပ်လည်ပတ်လျက်ရှိသည့် အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါစီမံကိန်းမှ တစ်နေ့လျှင် ရေဂါလန် ၄ ဒသမ ၈ သန်းကို မြို့ပေါ်ရပ်ကွက် ၁၆ ရပ်ကွက်သို့ သန့်ရှင်းသောသောက်သုံးရေများ ဖြန့်ဖြူးပေးနိုင်ရန် ဆောင်ရွက်လျက်ရှိပြီး စီမံကိန်းတန်ဖိုးငွေကျပ် ၈ ဒသမ ၅ ဘီလီယံရှိကြောင်း သိရသည်။ **သတင်းစဉ်**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်အဖွဲ့ မော်လမြိုင်မြို့ ရေပေးဝေရေး အတ္တရံမြစ်ရေတင် စီမံကိန်း လုပ်ငန်းစမ်းသပ်လည်ပတ်လျက်ရှိသည့် အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

# အမေရိကန်နှင့် မြန်မာအပါအဝင် အရှေ့တောင်အာရှနိုင်ငံများအကြား ဒေသတွင်းနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းလာစေမည့် အခွင့်အလမ်းများဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၁၄

**ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် အာရှ-ပစိဖိတ် လုံခြုံရေးဆိုင်ရာ လေ့လာမှုစင်တာ (APCSS) က ယနေ့ ကျင်းပသည့် "ကိုဗစ်-၁၉ နှင့် အလွန်ကာလ - ကြံ့ကြံ့ခံနိုင်မှု မြင့်မားရေး နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု" အလုပ်ရုံဆွေးနွေးပွဲသို့ virtual conference ဖြင့် တက်ရောက်၍ အဓိကဦးဆောင်ဆွေးနွေးသူအဖြစ် ပါဝင်ဆွေးနွေးသည်။** (ယာပုံ)




အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ၌ APCSS မှ ပါမောက္ခ Dr. Miemie Winn Byrd က အစီအစဉ်မှူး အဖြစ် ပါဝင်ဆောင်ရွက်ပြီး တက်ရောက်သူများက ကိုဗစ်-၁၉ ကူးစက်ရောဂါ ပြန့်ပွားမှုအပေါ် ဒေသတွင်းအဆင့် လက်ရှိတုံ့ပြန်ဆောင်ရွက်နေမှုများ၊ အမေရိကန်နှင့် မိတ်ဖက်နိုင်ငံများ၏ ကူညီပံ့ပိုးပေးမှုများ တိုးမြှင့်ရရှိနိုင်ရေး အတွက် လိုအပ်ချက်များကို အကြံပြု ဆွေးနွေးကြသည်။

**နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်**

ယင်းအလုပ်ရုံ ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ အနေဖြင့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်နေမှု များ၊ ကာကွယ်ဆေး ထိုးနှံနိုင်ရေး အတွက် နိုင်ငံအချင်းချင်းနှင့် နိုင်ငံ တကာအဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး ကမ္ဘာ့ စီးပွားရေးပြန်လည်ဦးမော့လာစေရေး အတွက် လက်ရှိဒေသတွင်းနှင့် ကမ္ဘာ့ အခြေအနေ ဖြစ်ပေါ်မှုများ၊ ကာကွယ် ဆေး ဖြန့်ဝေမှု အခြေအနေများနှင့် လတ်တလော နိုင်ငံအချင်းချင်းနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများ ၏ အလားအလာများကို တက်ရောက် လာကြသူများနှင့် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက မကြာမီ ကာလများအတွင်း ရောဂါကူးစက်မှု နှုန်းထက် ကာကွယ်ဆေးထိုးနှံနိုင်မှု နှုန်းက ပိုမိုလာမည်ဖြစ်၍ တစ်ကမ္ဘာ လုံး လူသားများ ရင်ဆိုင်နေရသည့် ကပ်ရောဂါအမှောင်ထုမှ လွန်မြောက် မည့် အလင်းရောင်ကို စတင်မြင်ရ တော့မည်ဖြစ်ကြောင်း၊ ကမ္ဘာ့ ကပ်ရောဂါဖြစ်ပွားမှုက **ရာသီဥတု ပြောင်းလဲမှု၊ အခွင့်အလမ်းများ တန်းတူမညီမျှမှုနှင့် ပထဝီဝင် နိုင်ငံရေး ပြန်လည်ချိန်သားကိုက်မှု** ဆိုသည့် စိန်ခေါ်မှု (၃) ရပ်ကို ရင်ဆိုင် ဖြေရှင်းဆောင်ရွက်နိုင်မည့် အင်အား များရရှိရန် အထောက်အကူဖြစ်စေ မည်ဟု ယုံကြည်ပါကြောင်း ပြောကြား သည်။

**ညီတူညီမျှခံစားနိုင်ရေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီး က ကိုဗစ်-၁၉ ကြောင့် ပိုမိုသိသာလာ သည့် ကမ္ဘာ့ပထဝီဝင် နိုင်ငံရေးအရွေ့ ကို ကိုင်တွယ်ဖြေရှင်းရာ၌ ဂလိုဘယ် လိုင်ဖေးရှင်း၏ အကျိုးရလဒ် အလား အလာများကို ကမ္ဘာ့လူ့အသိုင်းအဝိုင်း တစ်ရပ်လုံး ညီတူညီမျှခံစားနိုင်ရေး အတွက် နိုင်ငံအားလုံးက ယဉ်ကျေးမှု အရသော်လည်းကောင်း၊ အတွေး အခေါ် အယူဝါဒအရ လည်းကောင်း ကိုယ်စွမ်း ဉာဏ်စွမ်းရှိသရွေ့ အတူ တကွ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြား သည်။

ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အနေဖြင့် မြန်မာ- အမေရိကန် ဆက်ဆံရေး ပိုမို ခိုင်မာစေရေး၊ နိုင်ငံစုံ မိတ်ဖက်များနှင့် ကျယ်ပြန့်စွာ ပူးပေါင်း ဆောင်ရွက်နိုင်ရေးတို့အတွက် အထောက်အကူပြုစေမည့် အကြံပြု ချက် (၃) ချက်အား ဆွေးနွေးပြောကြား ခဲ့ရာတွင် ပထမအချက်အနေဖြင့် ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင်သို့ အမြန် ဆုံး ပြောင်းလဲအသုံးချနိုင်ရေးအတွက် လိုအပ်မှုကိုအလေးပေး ထောက်ပြခဲ့ ပြီး အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ အမေရိကန်နိုင်ငံ၏ အရွေးချယ်ခံ သမ္မတ Biden က ပဲရစ်သဘော တူညီချက်တွင် ပြန်လည်ပါဝင်ရန် ကတိကဝတ်ပြုမှုကို ကြိုဆိုပါကြောင်း၊ သစ်တောကဏ္ဍမှ အသားတင် ကာဗွန် ထုတ်လုပ်မှု လျှော့ချရေး၊ နိုင်ငံ၏ စွမ်းအင်ကဏ္ဍတွင် ပြန်လည်ပြည့်ဖြိုး မြဲစွမ်းအင်ပါဝင်မှု တိုးမြှင့်ရေးနှင့် ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လွှတ်မှု လျှော့ချရေးတို့ကို ဆောင်ရွက်မည့် မြန်မာနိုင်ငံ၏ အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှု လျှော့ချရေးနှင့် လိုက်လျောညီထွေမှု ရှိစေရေးဆိုင်ရာ လုပ်ငန်းအစီအစဉ် (Nationally Determined Contributions) ကို လည်း ရှင်းလင်းဆွေးနွေးခဲ့သည်။

ဒုတိယအချက်အနေဖြင့် ဒေသ တွင်း ဒစ်ဂျစ်တယ်အသွင်ကူးပြောင်း ရေးအတွက် လိုအပ်သော အကူအညီ များ ထပ်မံရရှိရေး တောင်းဆိုခဲ့ပြီး မြန်မာနိုင်ငံကဲ့သို့သော နိုင်ငံများ အနေဖြင့် အီလက်ထရွန်နစ် အစိုးရ၊ အီလက်ထရွန်နစ် ပေးချေမှု၊ အီလက် ထရွန်နစ် ကူးသန်းရောင်းဝယ်မှုနှင့် အွန်လိုင်းမှတစ်ဆင့် ဆေးကုသမှု စသည်တို့ကို အားလုံးလက်လှမ်းမီနိုင် စေရန်အတွက် ရင်းနှီးမြှုပ်နှံမှုများ လိုအပ်ပြီး ကမ္ဘာတစ်ဝန်း အဆိုပါ နယ်ပယ်များ၏ နိုင်ငံတကာကျွမ်းကျင် လုပ်သားများ ရွှေ့ပြောင်းသွားလာမှု အတွက်လည်း အထောက်အကူဖြစ်စေ မည်ဖြစ်ကြောင်း ပြောကြားသည်။

**ပြောင်းလဲရှုမြင်သင့်**

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက အာရှနှင့် ပစိဖိတ်ဒေသတွင်း မဟာ ဗျူဟာမြောက် ပြိုင်ဆိုင်မှု အခြေအနေ ကို မဟာဗျူဟာမြောက် ပူးပေါင်းမှု အခြေအနေသို့ ဦးတည်ပြောင်းလဲ အောင် နိုင်ငံများက ဆောင်ရွက်ရန် လိုကြောင်း တိုက်တွန်းခဲ့ပြီး တစ်နေ့ တခြား တိုးတက်ထင်ပေါ်လာသည့် အာရှဒေသကို လုံခြုံရေးအရ စိန်ခေါ်မှု တစ်ခုအဖြစ်မမြင်ဘဲ စီးပွားရေးအရ အခွင့်အလမ်းကောင်းရှိသည့် ဒေသ အဖြစ် ပြောင်းလဲရှုမြင်သင့်ကြောင်း သုံးသပ်ပြောကြားသည်။

ဆက်လက်၍ အမေရိကန်နိုင်ငံ အနေဖြင့် ကမ္ဘာ့အအောင်မြင်ဆုံး ကုမ္ပဏီများ၊ ကမ္ဘာ့အဆင့်မီ နည်းပညာ နှင့် ကမ္ဘာ့ကုန်ထုတ်လုပ်မှုကွင်းဆက် တွင် ပြိုင်စံကင်း ချိတ်ဆက်ထားနိုင်မှု များရှိသော်လည်း မြန်မာနိုင်ငံတွင် အခြားသော ဒေသတွင်းနိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှုများနှင့် နှိုင်းယှဉ်ပါက အမေရိကန်၏ ရင်းနှီးမြှုပ်နှံမှုမှာ အနည်းငယ်သာ ရှိနေသေးသဖြင့် ပိုမို တိုးမြှင့်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ပါ ကြောင်း ပြောကြားသည်။

**ရန်ပုံငွေအတွက် ပံ့ပိုးကူညီ**

ထို့နောက် ပြည်ထောင်စုဝန်ကြီး က အမေရိကန်နိုင်ငံအနေဖြင့် မြန်မာ နိုင်ငံ၏ ကိုဗစ် - ၁၉ တုံ့ပြန်မှုအတွက် USAID မှတစ်ဆင့် ကျန်းမာရေး အထောက်အကူပြု ကိရိယာများနှင့် PPE များ၊ အမျိုးသား ကျန်းမာရေး ဓာတ်ခွဲခန်း အဆင့်မြှင့်တင်ခြင်း လုပ်ငန်းနှင့် နိုင်ငံစုံအလှူရှင်များမှ တစ်ဆင့် ကျန်းမာရေး ရန်ပုံငွေအတွက် ပံ့ပိုးကူညီခြင်းများကို ကျေးဇူးတင်ရှိ ပါကြောင်း ပြောကြားသည်။

အမေရိကန်နိုင်ငံ ဟိုနိုလူလူ အခြေစိုက် အာရှ-ပစိဖိတ် လုံခြုံရေး ဆိုင်ရာ လေ့လာမှုစင်တာ (APCSS) သည် ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးကိစ္စရပ်များ၊ အာရှနှင့် ပစိဖိတ်ဒေသတွင်းရှိ အမျိုးသား လုံခြုံရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် ကျွမ်းကျင်သူများအကြား ကွန်ရက် အသစ်များ ထူထောင်ခြင်းနှင့် ဆက်ဆံရေး ကောင်းမွန်အောင် ပျိုးထောင်ပေးလျက်ရှိသည့် ထင်ပေါ် ကျော်ကြားသော အဖွဲ့အစည်းတစ်ခု ဖြစ်သည်။

**သတင်းစဉ်**

◆ **ကျောဖုံးမှ**

၄။ အထက်ဖော်ပြပါ အခွင့်အရေးချိုးဖောက်မှု အများအပြားကို မေတ္တာစေတနာထားခြင်း၊ နားလည်စာနာမှုရှိခြင်းဖြင့် ပိုမိုလျော့ပါးလာစေရန် မြန်မာ့လူ့အဖွဲ့အစည်းသည် လူမှု-ယဉ်ကျေးမှု အခြေအနေကောင်းများ ရှိနေပြီးဖြစ်ပါသည်။ ခြွင်းချက်ဖြစ်သည့် ဖောက်ဖျက်ကျူးလွန်သော ကိစ္စရပ်များ ရှိနေနိုင်သေးသော်လည်း တာဝန်ရှိသူများက ယင်းတို့ကို ပြုပြင်ရန် အတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။

၅။ မျက်မှောက်ကာလတွင် ကုမ္ပဏီများစွာက တီထွင်ထားသော COVID-19 ကာကွယ်ဆေး ပေါ်ထွန်းလာခြင်းသည် နှစ်သစ်တွင် မျှော်လင့်ချက်များ မြင့်တက်လာစေပြီး ၂၀၂၁ ခုနှစ်သည် ကမ္ဘာ့ကူးစက်ရောဂါခြိမ်းခြောက်မှုကို တန်ပြန် တိုက်ဖျက်ရန်အတွက် အလှည့်အပြောင်းတစ်ခုဖြစ်လာမည့် အလားအလာဖြစ်ပါသည်။ သို့သော် ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီးက ကာကွယ်ဆေးကို ကမ္ဘာ့နိုင်ငံများအားလုံးသို့ အညီအမျှခွဲဝေရန် စည်းရုံးပြောဆို၍ ကြိုးပမ်းဆောင်ရွက် လျက်ရှိသော်လည်း ကာကွယ်ဆေးရရှိရေးအခင်းအကျင်းမှာ လူသားချင်းစာနာထောက်ထားမှုကို ထည့်သွင်းစဉ်းစားမှု အားနည်းလျက်ရှိပုံပေါ်ပါသည်။ ချမ်းသာ၍ အင်အားကြီးသောနိုင်ငံများက ကာကွယ်ဆေးကို အမှန်တကယ်ထုတ်လုပ် ခြင်းမပြုမီနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ၏ သဘောတူခွင့်ပြုချက် မရရှိမီကတည်းကပင် အကန့်အသတ်ရှိနေသည့် ကာကွယ်ဆေးကို ကြိုတင်ဝယ်ယူ၍ သိုလှောင်မှုများ ပြုလုပ်နေကြပါသည်။ ကာကွယ်ဆေး၏ အကျိုးအာနိသင်ရှိမှု နှင့်စပ်လျဉ်း၍လည်း စိုးရိမ်ပူပန်မှုအချို့ ရှိနေပါသည်။

၆။ မြန်မာ့ခေါင်းဆောင်များ၏ ဝိုင်းဝန်းကြိုးပမ်းအားထုတ်မှုများကြောင့် မြန်မာနိုင်ငံ၏ လူဦးရေအများစုအတွက် လုံလောက်သည့် ကာကွယ်ဆေးအရေအတွက်ကို အိန္ဒိယနိုင်ငံမှ ရရှိမည်ဖြစ်ပြီး ထပ်မံလိုအပ်သည့် အရေအတွက်ကို ဖြည့်တင်းရန်အတွက် မိတ်ဖက်နိုင်ငံများထံမှ ကာကွယ်ဆေးထပ်မံရရှိနိုင်ရေး လိုအပ်သည့် စီစဉ်ဆောင်ရွက်မှုများ လုပ်ဆောင်လျက်ရှိကြောင်းလည်း ကြားသိရပါသည်။ ဤသို့လုပ်ဆောင်ရာတွင် ကာကွယ်ဆေးဝယ်ယူရန် နိုင်ငံခြားငွေ အမြောက်အမြားသုံးစွဲရန် လိုအပ်သည်သာမက အလွန်အေးသော အပူချိန်တွင် ထိန်းသိမ်းထားရှိရန် လိုအပ်သည့် ကာကွယ်ဆေးကို သိမ်းဆည်းသိုလှောင်ရန်၊ ပို့ဆောင်ဖြန့်ဖြူးရန်၊ ဖြန့်ချိရန်နှင့် နောက်ဆုံးထိုးနှံရန် ငွေကြေး၊ လူသား ရင်းမြစ်နှင့် စီမံဆောင်ရွက်ရေးဆိုင်ရာ ရင်းမြစ်များလည်း လိုအပ်ပါသည်။ နိုင်ငံလူဦးရေ အတော်များများသည် မတူညီ သော မြေမျက်နှာသွင်ပြင်များရှိသည့် ကျယ်ပြန့်သောဒေသအနှံ့တွင် ပြန့်ကျဲနေထိုင်လျက်ရှိသဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများအဖို့ ကြီးမားရှုပ်ထွေးခက်ခဲသော လုပ်ငန်းကြီးဖြစ်ပါသည်။ ယခင်က မဆောင်ရွက်ခဲ့ဖူးသည့် ကြိုးပမ်းမှု ဖြစ်သဖြင့် မိမိတို့၏ အရင်းအမြစ်အနည်းအပါးကို အဆုံးစွန်အထိ သုံးရမည်ဖြစ်ပါသည်။

၇။ လတ်တလောတွင် တစ်ချိန်တည်း၌ အားလုံးကို ကာကွယ်ဆေးထိုးပေးရန် မဖြစ်နိုင်ဘဲ ကာကွယ်ဆေးရရှိမှု အကန့်အသတ်များရှိခြင်းကြောင့် ကာကွယ်ဆေးထိုးခြင်းအတွက် ဦးစားပေးအစီအမံတစ်ရပ်ရေးဆွဲရန် လိုအပ်ပါသည်။ စေတနာ့ဝန်ထမ်းများအပါအဝင် ရှေ့တန်းမျက်နှာစာမှ ကျန်းမာရေးလုပ်သားများကို ပထမဆုံးအုပ်စုအဖြစ် ကာကွယ် ဆေးထိုးနှံပေးသင့်ကြောင်း လူတိုင်းက သဘောတူကြပါသည်။ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းစဉ်ကို စတင်ဆောင်ရွက် လျက်ရှိသော အခြားနိုင်ငံများ၏ အတွေ့အကြုံများမှ ကျွန်ုပ်တို့လေ့လာနိုင်သော်လည်း ကာကွယ်ဆေးထိုးခြင်း အစီအစဉ်တွင် နိုင်ငံ၏လူဦးရေကို အပိုင်းကဏ္ဍများအလိုက်ခွဲ၍ သတ်မှတ်စီစဉ်ခြင်းသည် ပိုမိုခက်ခဲမည်ဖြစ်ပါသည်။ သို့သော် မြန်မာနိုင်ငံအတွက် ဦးစားပေးဆောင်ရွက်မည့် အစီအမံကို အခြားနိုင်ငံများကဲ့သို့ ထပ်တူဆောင်ရွက်နိုင်မည် မဟုတ်ဘဲ လူမှုရေး၊ ယဉ်ကျေးမှု၊ စီးပွားရေးနှင့် နိုင်ငံရေးအခြေအနေများ မတူကွဲပြားပြီး ကိုယ်ပိုင်နည်းလမ်းဖြင့် ထူးခြားမှုရှိသော မြန်မာနိုင်ငံအခြေအနေနှင့် ကိုက်ညီသည့် အစီအမံကို စီစဉ်ဆောင်ရွက်သင့်ပါသည်။ သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့်လည်း ယင်းအချက်များကို သတိပြုမိမည်ဖြစ်ပြီး မိမိတို့နိုင်ငံနှင့် ပြည်သူများနှင့် သင့်လျော်သော အစီအမံများကို စီမံဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သံသယဖြစ်ဖွယ် မရှိပါ။

၈။ မည်သို့ပင်ဆိုစေကာမူ ဖြစ်နိုင်သမျှ အကောင်းဆုံးသော နည်းလမ်းများကို ရှာဖွေဆောင်ရွက်ရာတွင် လူ့အခွင့် အရေးအမြင်ရှုထောင့်သည်လည်း အခြားအမျိုးမျိုးသော စဉ်းစားရမည့်အချက်များကို အထောက်အပံ့ဖြစ်စေမည်ဟု မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် ယုံကြည်ပါသည်။ ယင်းနည်းလမ်းဖြင့် ပြည်သူများ၏ အသက်ရှင်သန်ခွင့်နှင့် ကျန်းမာရေးတို့ကို မြှင့်တင်သကဲ့သို့ အခြားအခွင့်အရေးအမျိုးမျိုးကိုလည်း ဖြည့်ဆည်းပေးနိုင် မည်ဖြစ်ပါသည်။ ယင်းကိစ္စနှင့်စပ်လျဉ်း၍ ကနဦး ကာကွယ်ဆေးထိုးနှံရန်အတွက် ရွေးချယ်ခံရရန် အလားအလာ ရှိသူများမှာ စီမံခန့်ခွဲရေးတွင် အရေးကြီးသောပုဂ္ဂိုလ်များ၊ အသက်အရွယ်ကြီးရင့်သူများနှင့် ရောဂါအခံရှိသူများကဲ့သို့ ထိခိုက်လွယ်သူများဟု မယူဆနိုင်သော်လည်း ယင်းတို့၏ လုပ်ငန်းတာဝန်များနှင့် ဝန်ဆောင်မှုလုပ်ငန်းများမှ တစ်ဆင့် လူဦးရေအများအပြားနှင့် ကြိမ်ဖန်များစွာ ထိတွေ့ဆက်ဆံနေသူများ ဖြစ်သင့်ပါသည်။ ထိုသူများမှာ ကျောင်းဆရာ/ဆရာမများ၊ သယ်ယူပို့ဆောင်ရေးအလုပ်သမားများ၊ ဘဏ်ဝန်ထမ်းများ၊ ကုန်စည်ရောင်းချသူများ၊ အစားအသောက်၊ အဖျော်ယမကာနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းလုပ်ကိုင်သူများ၊ ခေါင်းရွက်ဗျပ်ထိုး ဈေးသည်များနှင့် စားသောက်ကုန်ရောင်းချသူများ ဖြစ်ကြပါသည်။ ဤစာရင်းမှာ ပြည့်စုံလုံလောက်သော စာရင်းတော့မဟုတ်ပါ။ ပြောင်းလဲနေသော ယင်းတို့၏ လုပ်ငန်းသဘာဝနှင့် ယင်းတို့၏ လှည့်လည်သွားလာလုပ်ကိုင်ကြရသော သဘော သဘာဝများကြောင့် အချို့ကို ခြေရာခံရန် အလွန်ခက်ခဲနိုင်ပါသည်။ သို့သော် ရောဂါပိုးကို ပြည်သူအများစုသို့ တစ်ဆင့် ကူးစက်စေနိုင်ရန် အလားအလာအရှိဆုံးဖြစ်သည့် ထိုသူများကို ကာကွယ်ဆေးထိုးနှံခြင်းကြောင့် ရရှိနိုင်မည့် အကျိုး ကျေးဇူးများသည် တွေ့ကြုံရမည့် အခက်အခဲများထက် ပိုမိုအလေးသာမည်ဖြစ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်



# ဖွဲ့စည်းပုံအခြေခံဥပဒေကပြဋ္ဌာန်းသည့် အပြီးသတ်ဆုံးဖြတ်ချက်များ

**မောင်စာဂ**

၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အဖွဲ့အစည်းအချို့ကချမှတ်သော ဆုံးဖြတ်ချက်များသည် အပြီးအပြတ်အတည်ဖြစ်စေရမည်ဟု ပြဋ္ဌာန်းထားရှိသည်။ မည်ကဲ့သို့သော ဆုံးဖြတ်ချက်များဖြစ်ပါသနည်း။ မည်သို့ပြဋ္ဌာန်းထားပါသနည်း။ အနှစ်ချုပ်မျှဝေပါရစေ။

**အပြီးအပြတ်အတည်ဖြစ်သောဆုံးဖြတ်ချက်များ**

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၉၅ ပုဒ်မခွဲ(ခ)တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နိုင်ငံတော်၏အမြင့်ဆုံးတရားရုံးဖြစ်သည့် အားလျော်စွာ နောက်ဆုံးအပြီးအပြတ် အယူခံဝင်ရာ တရားရုံးဖြစ်သည် ဟူ၍လည်းကောင်း၊ ပုဒ်မခွဲ(ဂ)တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ **စီရင်ချက်များသည် အမှုအားလုံးတွင် အပြီးအပြတ်ဖြစ်၍** အယူခံဝင်ခွင့်မရှိစေရ ဟူ၍လည်းကောင်း ပြဋ္ဌာန်းထားသည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၄ တွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ **ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်သည်** ဟူ၍ ပြဋ္ဌာန်းထားသည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မတွင် **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်နှင့်ဆောင်ရွက်ချက်များ** ခေါင်းစဉ်အောက်ရှိ ပုဒ်မ ၄၀၂ ၌ အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ **ဆုံးဖြတ်ချက်နှင့်ဆောင်ရွက်ချက်များသည် အပြီးအပြတ်အတည်ဖြစ်စေရမည်** ဟူ၍ ပြဋ္ဌာန်းထားသည်-

(က) ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာလုပ်ငန်းများ၊

(ခ) ရွေးကောက်ပွဲခုံအဖွဲ့များ၏ဆုံးဖြတ်ချက်များ၊ အမိန့်များနှင့် စပ်လျဉ်းသည့် အယူခံမှုများနှင့် ပြင်ဆင်မှုများ၊

(ဂ) နိုင်ငံရေးပါတီဆိုင်ရာဥပဒေအရ ဆောင်ရွက်သော ကိစ္စရပ်များ။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၄၃ ၌ စစ်ဘက်တရားစီရင်ရာတွင်-

(က) တပ်မတော်သားများအတွက် အဖွဲ့ဖြင့်ဖြစ်စေ၊ တစ်ဦးတည်းဖြစ်စေ ဥပဒေနှင့်အညီ စီရင်နိုင်သည်၊

(ခ) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ **အဆုံးအဖြတ်သည် အပြီးအပြတ် ဖြစ်သည်။** ဟူ၍ ပြဋ္ဌာန်းထားသည်။

**နှိုင်းယှဉ်လေ့လာချက်**

အထက်ဖော်ပြပါ ပြဋ္ဌာန်းချက်များကို တစ်ခုနှင့်တစ်ခုသတိပြု၍ နှိုင်းယှဉ်လေ့လာကြည့်မိသည်။ အပြီးအပြတ်ဖြစ်သည်ဟူသော သဘောအဓိပ္ပာယ်ဖြင့် ရေးသားထားသော်လည်း ရေးသားဖော်ပြပုံအရ အနှစ်သာရချင်းမတူညီသည့် သဘောဆောင်နေသည်ကို တွေ့ရသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ **စီရင်ချက်များသည် အမှုအားလုံးတွင် အပြီးအပြတ်ဖြစ်၍** အယူခံဝင်ခွင့် မရှိစေရဟူ၍ ပြဋ္ဌာန်းထားသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ **ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်သည်** ဟူ၍ ပြဋ္ဌာန်းထားသည်။

စစ်ဘက်တရားစီရင်ခြင်းနှင့် စပ်လျဉ်း၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ **အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်** ဟူ၍ ပြဋ္ဌာန်းထားသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲ **ကော်မရှင်၏ဆုံးဖြတ်ချက်များနှင့် ဆောင်ရွက်ချက်များသည် အပြီးအပြတ်အတည်ဖြစ်စေရမည်** ဟူ၍ပြဋ္ဌာန်းထားသည်။ ဤပြဋ္ဌာန်းချက်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ **ဆုံးဖြတ်ချက်များ**သာမက **ဆောင်ရွက်ချက်များ** လည်း ပါဝင်သည်ကိုသတိမူမိသည်။ **အပြီးအပြတ်အတည်ဖြစ်စေရမည်** ဟူသော အရေးအသားမှာလည်း ကျန်သော အရေးအသားများနှင့်မတူသည်ကို တွေ့ရသည်။ ယင်းအရေးအသားသည် ပို၍လေးနက်သည့်အသွင်သဘောဆောင်သည်ဟု ဆိုနိုင်သည်။

**ရွေးကောက်ပွဲနှင့် တရားရုံးစီရင်ပိုင်ခွင့်**

ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေများ၏ ပုဒ်မ ၈၆ တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်နှင့် ရွေးကောက်ပွဲခုံအဖွဲ့တို့၏ ဤဥပဒေပါပြဋ္ဌာန်းချက်များအရ ဆောင်ရွက်ချက် သို့မဟုတ် ဆုံးဖြတ်ချက်များနှင့် စပ်လျဉ်း၍ မည်သည့်တရားရုံးတွင်မျှ စစ်ဆေးပိုင်ခွင့်မရှိစေရဟူ၍ ပြဋ္ဌာန်းထားသည်။

ဤပြဋ္ဌာန်းချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်နှင့် ရွေးကောက်ပွဲခုံအဖွဲ့တို့၏ ဆောင်ရွက်ချက် သို့မဟုတ် ဆုံးဖြတ်ချက်များနှင့်စပ်လျဉ်း၍ မည်သည့်တရားရုံးတွင်မျှ စစ်ဆေးပိုင်ခွင့် မရှိကြောင်း အဖွဲ့အစည်း၏ ဆုံးဖြတ်ချက်နှင့် ဆောင်ရွက်ချက်အပေါ် တရားရုံး၏စီရင်ပိုင်ခွင့်ကို ကန့်သတ်ထားခြင်းဖြစ်သည်။

ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေနှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေများ၏ ပုဒ်မ ၈၇ တွင် တရားဝင်အပ်နှင်းထားသော လုပ်ပိုင်ခွင့်အရ ဥပဒေနှင့်အညီ မိမိတာဝန်ကို သဘောရိုးဖြင့် စွမ်းဆောင်နိုင်သမျှ ထမ်းဆောင်သော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်နှင့် ယင်းတို့၏အဖွဲ့ဝင်များ၊ ရွေးကောက်ပွဲခုံအဖွဲ့နှင့် ရွေးကောက်ပွဲခုံအဖွဲ့ဝင်များ၊ မဲရုံမှူးအပါအဝင် မဲရုံအဖွဲ့ဝင်များ၏ လုပ်ဆောင်ချက်များအတွက် တရားမကြောင်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ တရားစွဲဆိုခြင်းမခံထိုက်စေရ ဟူ၍ ပြဋ္ဌာန်းထားသည်။

ဤပြဋ္ဌာန်းချက်အရ မိမိတာဝန်ကို သဘောရိုးဖြင့် စွမ်းဆောင်နိုင်သမျှ ထမ်းဆောင်သော ရွေးကောက်ပွဲတာဝန်ရှိသူ လူပုဂ္ဂိုလ်များ၏ လုပ်ဆောင်ချက်များအတွက် တရားမကြောင်းအရ ဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားစွဲဆိုမခံထိုက်စေရကြောင်း လူပုဂ္ဂိုလ်အပေါ် တရားစွဲဆိုခြင်းကို တားမြစ်ထားခြင်းဖြစ်သည်။

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ၏ အခန်း (၁၃) ပုဒ်မ ၅၇ မှ ပုဒ်မ ၆၄ အထိ ပြဋ္ဌာန်းထားသော ရွေးကောက်ပွဲဆိုင်ရာပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်ထားသည်။ ယင်းရွေးကောက်ပွဲဆိုင်ရာပြစ်မှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာမဲဆန္ဒနယ်တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ တစ်ဦးဦးကဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် ရွေးကောက်ပွဲကိုယ်စားလှယ်တစ်ဦးဦးကဖြစ်စေ၊ မဲဆန္ဒနယ်အတွက် တာဝန်ယူဆောင်ရွက်ရသော ကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် မဲရုံအဖွဲ့တစ်ခုခုတွင်ပါဝင်သော အဖွဲ့ဝင်တစ်ဦးဦးကဖြစ်စေ သက်သေအထောက်အထားခိုင်လုံစွာဖြင့် ရွေးကောက်ပွဲမကျင်းပမီသော်လည်းကောင်း၊ ရွေးကောက်ပွဲ ကျင်းပသောနေ့မှ ၁၅ ရက်အတွင်းသော်လည်းကောင်း ဥပဒေနှင့်အညီ တိုင်တန်းလျှောက်ထားနိုင်ကြောင်း ပြဋ္ဌာန်းထားသည်။

ဤပြဋ္ဌာန်းချက်အရ ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုများနှင့် စပ်လျဉ်း၍ တရားရုံးက စစ်ဆေးပိုင်ခွင့်ရှိကြောင်း ပြစ်မှုများအပေါ် တရားရုံးသို့ စီရင်ပိုင်ခွင့် အပ်နှင်းထားသည်ကို တွေ့ရှိရသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် စီရင်ပိုင်ခွင့်**

သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေများ၏ အခန်း (၁၄) ပုဒ်မ ၆၆ တွင် တရားမဲ့ပြုကျင့်မှုများကို ပြဋ္ဌာန်းထားသည်။ ရွေးကောက်ပွဲကျင်းပပြီးသည့်အခါ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူအား ယှဉ်ပြိုင်အရွေးခံသော လွှတ်တော်ကိုယ်စားလှယ်လောင်းက တင်သွင်းသော ရွေးကောက်ပွဲကန့်ကွက်လွှာများကိုလည်းကောင်း၊ ယင်းမဲဆန္ဒနယ်တွင် ဆန္ဒမဲပေးခဲ့သည့် မဲဆန္ဒရှင်များက တင်သွင်းသော ရွေးကောက်ပွဲကန့်ကွက်လွှာများကို လည်းကောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲ ခုံအဖွဲ့များဖွဲ့စည်း၍ စစ်ဆေးစီရင်ခြင်း ပြုရပါသည်။ [ လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆၈ နှင့် ၆၉ ]

ရွေးကောက်ပွဲခုံအဖွဲ့သည် အမှုစစ်ဆေးခြင်းကိစ္စနှင့်စပ်လျဉ်း၍ တရားမကျင့်ထုံး ဥပဒေအရ တရားရုံးသို့ အပ်နှင်းထားသောအာဏာများကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည်။ ထို့ပြင် အရေးပါသော သက်သေခံချက်များကို ထွက်ဆိုနိုင်မည်ဟု ယူဆရသော မည်သည့်ပုဂ္ဂိုလ်ကိုမဆို မိမိသဘောအတိုင်း ဆင့်ဆို၍ စစ်ဆေးနိုင်သည်။ [ လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၇၇ ]

ရွေးကောက်ပွဲခုံအဖွဲ့သည် ရွေးကောက်ပွဲကန့်ကွက်လွှာများကို စစ်ဆေးရာတွင် သက်သေခံ ဥပဒေပါပြဋ္ဌာန်းချက်များကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည်။ [ လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၇၈ ]

ရွေးကောက်ပွဲခုံအဖွဲ့၏ဆုံးဖြတ်ချက် သို့မဟုတ် အမိန့်တစ်ခုခုကို မကျေနပ်သည့် လျှောက်ထားသူ သို့မဟုတ် လျှောက်ထားခံရသူအဖြစ် ပါဝင်ခဲ့သူသည် သတ်မှတ်ထားသည့် ကာလအတွင်း သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ အယူခံမှု သို့မဟုတ် ပြင်ဆင်မှု လျှောက်ထားနိုင်သည်။ ပြင်ဆင်မှုလျှောက်ထားရာတွင် ဥပဒေရေးရာ ပြဿနာပေါ်ပေါက်မှသာ လျှောက်ထားခွင့်ရှိသည်။ [ လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၇၄ (က)]

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် အယူခံမှု သို့မဟုတ် ပြင်ဆင်မှုလျှောက်ထားချက်ကို လက်ခံရရှိပါက လျှောက်ထားသူနှင့် လျှောက်ထားခံရသူအားဖြစ်စေ၊ ယင်းတို့၏ရှေ့နေ သို့မဟုတ် ကိုယ်စားလှယ်အားဖြစ်စေ လိုအပ်သလိုကြားနာပြီး အောက်ပါဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(၁) ရွေးကောက်ပွဲခုံအဖွဲ့၏ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း

(၂) ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ချက်ကို ပယ်ဖျက်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။ [ လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၇၅ (က) နှင့် (ခ)]

**ယခင်ကပြဋ္ဌာန်းခဲ့သည့် ဥပဒေများ**

မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီးနောက် ၁၉၄၇ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် ၁၉၇၄ ခုနှစ် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေများ ရှိခဲ့သည်။

> **"ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စီရင်ချက်များသည် အမှုအားလုံးတွင် အပြီးအပြတ်ဖြစ်၍ အယူခံဝင်ခွင့်မရှိစေရဟူ၍ ပြဋ္ဌာန်းထားသည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်သည် ဟူ၍ ပြဋ္ဌာန်းထားသည်။ စစ်ဘက်တရားစီရင်ခြင်းနှင့် စပ်လျဉ်း၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည် ဟူ၍ ပြဋ္ဌာန်းထားသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် စပ်လျဉ်း၍ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်၏ဆုံးဖြတ်ချက်များနှင့် ဆောင်ရွက်ချက်များသည် အပြီးအပြတ်အတည်ဖြစ်စေရမည် ဟူ၍ပြဋ္ဌာန်းထားသည်"**

ယင်းအခြေခံဥပဒေများတွင် ရွေးကောက်တင်မြှောက်ခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ တာဝန်ယူဆောင်ရွက်ရသည့် ရွေးကောက်ပွဲကော်မရှင်နှင့် ယင်းအဖွဲ့၏ ဆုံးဖြတ်ချက်များ၊ ဆောင်ရွက်ချက်များသည် အပြီးအပြတ်အတည်ဖြစ်စေရမည်ဟူ၍ ပြဋ္ဌာန်းချက်မပါရှိခဲ့ပါ။

ထို့ပြင် ယခင်ကပြဋ္ဌာန်းခဲ့သည့် ရွေးကောက်တင်မြှောက်ခြင်းနှင့် သက်ဆိုင်သည့် ဥပဒေများတွင်လည်း ရွေးကောက်ပွဲကန့်ကွက်လွှာအမှုများတွင် ရွေးကောက်ပွဲကော်မရှင်နှင့် ယင်း၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်ဟူသည့် ပြဋ္ဌာန်းချက်များ မပါရှိခဲ့ပါ။

**ဥပဒေနှင့်အညီ စစ်ဆေးဆုံးဖြတ်နိုင်ပါစေ**

ယခုအခါ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ ကျင်းပပြီးနောက် ဖြစ်ပေါ်ခဲ့သည့် ရွေးကောက်ပွဲဆိုင်ရာပြစ်မှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ တရားရုံးများက စစ်ဆေးစီရင်လျက်ရှိပါသည်။ ရွေးကောက်ပွဲတရားမဲ့ပြုကျင့်မှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များနှင့် မဲဆန္ဒရှင်များကလျှောက်ထားသည့် ရွေးကောက်ပွဲကန့်ကွက်လွှာအမှုများကိုလည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ရွေးကောက်ပွဲခုံအဖွဲ့ အသီးသီးက စစ်ဆေးမှုများ ဆောင်ရွက်နေပြီဖြစ်သည်။ ရွေးကောက်ပွဲကန့်ကွက်လွှာအမှုများသည် ယခင် ၂၀၁၀ ပြည့်နှစ်နှင့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲများထက် ပိုမိုများပြားသည်။

ယင်းကန့်ကွက်လွှာအမှုများကို ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာလျက် သက်ဆိုင်ရာ ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ စစ်ဆေးဆုံးဖြတ်သွားနိုင်မည် ဟုယုံကြည်သည်။ ထို့အတူ သက်ဆိုင်သူများအားလုံးကလည်း ဥပဒေ၏အဆုံးအဖြတ်ကို လေးစားခံယူနိုင်ကြမည်ဟု ယုံကြည်သည်။ အဓိကမှာ ရွေးကောက်ပွဲတိုင်းတွင် ကြုံတွေ့ရလေ့ရှိသည့် ကန့်ကွက်လွှာအမှုများအပေါ် တရားသဖြင့် မှန်ကန်စွာစစ်ဆေးဆုံးဖြတ်ခြင်းဖြင့် ပြည်သူတို့၏ဆန္ဒ၊ ပြည်သူတို့၏ဘဝကို အလေးထားဆောင်ရွက်ကြမည့် လွှတ်တော်ကိုယ်စားလှယ်များ ပေါ်ထွက်လာစေကြောင်းပါဗျာ။ ။

- **ဥပဒေနှင့်အညီ တရားသဖြင့် မှန်ကန်စွာ ဆုံးဖြတ်နိုင်ကြပါစေ၊**
- **ဥပဒေ၏အဆုံးအဖြတ်ကို သက်ဆိုင်သူများအားလုံးက လေးစားခံယူနိုင်ကြပါစေ၊**
- **ပြည်သူတို့၏ဆန္ဒ၊ ပြည်သူတို့၏ဘဝကို အလေးထားမြှင့်တင်ဆောင်ရွက်နိုင်ကြပါစေ၊**

# ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ဝါရှင်တန်သဘောတူညီချက် အပြည့်အဝအဖွဲ့ဝင်ဖြစ်မြောက်ရေး နိုင်ငံတကာအင်ဂျင်နီယာပညာရပ်ဆိုင်ရာ ညီလာခံသို့ Virtual Meeting ဖြင့် တက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၁၄**

ဝါရှင်တန် သဘောတူညီချက် (Washington Accord) အပြည့်အဝအဖွဲ့ဝင် ဖြစ်မြောက်ရေး နိုင်ငံတကာ အင်ဂျင်နီယာပညာရပ်ဆိုင်ရာ ညီလာခံကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ခရေပင်လမ်း အမှတ်(5A) မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီရုံး၌ ကျင်းပရာ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီနာယက ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် နေပြည်တော်မှ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်သည်။




အခမ်းအနားသို့ WFEO မှ ဥက္ကဋ္ဌ Prof. Dr.GONG Ke၊ Washington Accord Executive Committee မှ ဥက္ကဋ္ဌ Em Prof . Elizabeth Taylar နှင့် China Association for Science and Technology (CAST) တို့မှ ပညာရှင်များ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီနာယကများ၊ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး နေပြည်တော်မှ ဆောက်လုပ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးရွှေလေးနှင့် တာဝန်ရှိသူများ Virtual Meeting ဖြင့် တက်ရောက်ကြသည်။ **(အပေါ်ယာပုံ)**

**အဆင့်မြှင့်တင်ခဲ့**

အခမ်းအနားတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီနာယက၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က အင်ဂျင်နီယာပညာရပ် အသိအမှတ်ပြုခြင်းတာဝန်များကို လွတ်လပ်စွာ အလေးထားဆောင်ရွက်ရန်အတွက် အင်ဂျင်နီယာပညာရပ် အသိအမှတ်ပြုကော်မတီကို မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီမှ ဖွဲ့စည်းခဲ့ပါကြောင်း၊ ယင်းကော်မတီသည် အာဆီယံနှင့် အာရှပစိဖိတ်ဒေသနှင့် သက်ဆိုင်သော အင်ဂျင်နီယာအဖွဲ့ချုပ်နှင့် ဆက်သွယ်၍ အင်ဂျင်နီယာ ပညာပေးအစီအစဉ်များကို အဆင့်မြှင့်တင်ခဲ့ကြောင်း၊ အသိပညာပေးသင်တန်းများကို အမြဲ ကမကထပြုလုပ်ပြီး အသိအမှတ်ပြုခြင်းကိုလည်း စတင်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

၂၀၁၃ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း တက်ကြွစွာ အားစိုက်ကြိုးပမ်းမှုများနှင့် လှုပ်ရှားမှုများအကြောင်းကိုလည်း ပြောကြားလိုပါကြောင်း၊ အပြည်ပြည်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို (၅၂) ကြိမ် ပြုလုပ်ခဲ့ပြီး သင်တန်းများကိုလည်း နိုင်ငံတကာအဆင့်ရှိ အဖွဲ့အစည်းများမှ ပို့ချသင်ကြားပေးခဲ့ပါကြောင်း၊ ဆွေးနွေးပွဲများ၏ ရလဒ်အတွက် နည်းပညာတက္ကသိုလ်များအားလုံးမှ စိတ်ပါဝင်စားစွာ ပါဝင်ခဲ့ပြီး အသိအမှတ်ပြုမှုရရှိရန်အတွက် ပူးပေါင်းခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီမှ အသိအမှတ်ပြုခြင်းကို ဦးဆောင်ဦးရွက်ပြု၍ နည်းပညာတက္ကသိုလ် ၁၅ ခုကို အရည်အသွေးစိစစ် အသိအမှတ်ပြုခြင်းနှင့် ပဏာမစိစစ်အသိအမှတ်ပြုခဲ့ပြီး နည်းပညာတက္ကသိုလ် ၉ ခုမှာ ဆောင်ရွက်ဆဲဖြစ်ပါကြောင်း၊ ၇၂ ဒသမ ၂ ရာခိုင်နှုန်းမှာ အရည်အသွေးစိစစ် အသိအမှတ်ပြုခဲ့ပြီး အခြားနည်းပညာတက္ကသိုလ်များကလည်း ကြိုတင်ပြင်ဆင်နေဆဲဖြစ်ပါကြောင်း၊ နည်းပညာတက္ကသိုလ်များအားလုံးအတွက် မဝေးတော့သည့်အနာဂတ်တွင် အသိအမှတ်ပြုလိမ့်မည်ဟု မျှော်လင့်ပါကြောင်း။

မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီအနေဖြင့် အပြည်ပြည်ဆိုင်ရာ အရည်အသွေးစိစစ် အသိအမှတ်ပြုခြင်း လှုပ်ရှားမှုများကို ဦးဆောင်ဦးရွက်ပြုရန်၊ အင်ဂျင်နီယာပညာ၏ အရည်အသွေးမြင့်မားသော အာမခံချက် CQI ကို တိုက်တွန်းရန် ၊ အဖွဲ့ဝင်များနှင့် စိတ်ပါဝင်စားသော အဖွဲ့အစည်းများနှင့်အတူ သဘာဝကျကျ ဆက်ဆံရေးကို တည်ထောင်ရန်၊ အကောင်းဆုံးသော အလေ့အကျင့်များကို အသုံးပြုခြင်းဖြင့် စနစ်တကျ မှတ်ပုံတင်ခြင်းကို တိုးမြှင့်ရန်၊ အင်ဂျင်နီယာကောင်စီအနေဖြင့် အင်ဂျင်နီယာပညာရေး တိုးတက်ရေးကို တိုးချဲ့ရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် Washington Accord Executive Committee မှ ဥက္ကဋ္ဌ Em Prof . Elizabeth Taylar နှင့် WFEO မှ ဥက္ကဋ္ဌ Prof. Dr.GONG Ke တို့က အမှာစကား ပြောကြားသည်။

**ကဏ္ဍအလိုက် စာတမ်းများဖတ်ကြား**

ယင်းနောက် အင်ဂျင်နီယာပညာရပ်ဆိုင်ရာ နိုင်ငံတကာညီလာခံနှင့်ပတ်သက်၍ ပညာရှင်များ၊ စာတမ်းရှင်များက သက်ဆိုင်ရာ ကဏ္ဍအလိုက် စာတမ်းများကို ဖတ်ကြားခဲ့ပြီး ပါဝင်တက်ရောက်သူများက အပြန်အလှန် မေးခွန်းများ၊ အဖြေများဖြင့် ပါဝင်ဆွေးနွေးသည်။

ယနေ့ကျင်းပသည့် အင်ဂျင်နီယာပညာရပ်ဆိုင်ရာ နိုင်ငံတကာညီလာခံကို ဇန်နဝါရီ ၁၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုချက်များနှင့်စပ်လျဉ်း၍ အကောင်အထည်ဖော်နေသည့်လုပ်ငန်းများဆိုင်ရာ စီမံချက်များညှိနှိုင်း

**နေပြည်တော် ဇန်နဝါရီ ၁၄**

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုချက်များကို ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီ ဖွဲ့စည်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ကော်မတီဝင် ဝန်ကြီးဌာနများနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့က ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ အဆိုပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ အရေးကြီးသောကဏ္ဍများ ပြန်လည်သုံးသပ်ညှိနှိုင်းခြင်းကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



**အထောက်အကူပြုနိုင်မည်ဖြစ်**

ညှိနှိုင်းအစည်းအဝေးတွင် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီ၏ (၃) နှစ်တာကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ အရေးကြီးသော ကဏ္ဍများဖြစ်သည့် နိုင်ငံသားဖြစ်မှု၊ လွတ်လပ်စွာ သွားလာခွင့်နှင့် IDP ကိစ္စရပ်များတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ချက်များအပေါ် သုံးသပ်ညှိနှိုင်းရန် လိုအပ်ကြောင်း၊ လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းများကို ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပိုမိုအရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နိုင်ရန်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ် အပါအဝင် နိုင်ငံအတွင်းနေထိုင်သူများအနေဖြင့် ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေပါ သတ်မှတ်ချက်များနှင့်အညီ နိုင်ငံသားစိစစ်မှုခံယူခြင်းနှင့် ရရှိသင့်သည့် အခွင့်အရေးများကို တစ်ပါတည်းရရှိခံစားနိုင်ရေးသည် အရေးကြီးပါကြောင်း၊ သက်ဆိုင်ရာ တာဝန်ရှိ ဌာနအဖွဲ့အစည်းများအနေဖြင့် တည်ဆဲဥပဒေနှင့်အညီ မိမိတို့ စိစစ်ဆောင်ရွက်ပေးရန်ရှိသည်များကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။

ယခု အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကာလအတွင်း လက်တွေ့အခြေအနေ၌ လုပ်ငန်းအဆင့်ဆင့်တွင် ကြုံတွေ့နေရသည့် အခက်အခဲများကို ပူးပေါင်းဖြေရှင်းရန် နည်းလမ်းများရှာဖွေရန် လိုအပ်ကြောင်း၊ ဤလုပ်ငန်းစဉ်များသည် ရေရှည်တွင်လည်း ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များဖြစ်၍ ပြီးစီးရန် အချိန်ကာလသတ်မှတ်ခြင်း မပြုနိုင်သော်လည်း ပြီးစီးနိုင်သည့် လုပ်ငန်းပမာဏကို သတ်မှတ်၍ ပြီးမြောက်အောင် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ရခိုင်ပြည်နယ်အတွင်း အကောင်အထည်ဖော်သည့်လုပ်ငန်းရပ်တိုင်းတွင် ဥပဒေအရ ခံစားခွင့်ရှိသူများနှင့် ဒေသတွင်းနေထိုင်သူအားလုံး သဘောပေါက်သိရှိပြီး ပူးပေါင်းဆောင်ရွက်ကြရန် ပညာပေးမှုများ၊ ဆွေးနွေးညှိနှိုင်းမှုများနှင့် ဥပဒေနှင့်အညီ အမှန်တကယ်ခံစားရရှိမှုများ သေချာစေရန် လူမှုသဟဇာတဖြစ်ရေး ကြိုးပမ်းဆောင်ရွက်မှုများကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အစိုးရက ဥပဒေနှင့်အညီ ဆောင်ရွက်မှုများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်နှင့် ပိုမိုစနစ်တကျဖြစ်ပြီး သွက်လက်မြန်ဆန်သော အကောင်အထည်ဖော်မှုများကို ဦးတည်နိုင်ရေး ဝိုင်းဝန်းဆွေးနွေးအကြံပြုကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

**ညှိနှိုင်းဆွေးနွေး**

အစည်းအဝေးသို့ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ ကော်မတီတွဲဖက်အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး တည်ဆဲဥပဒေများ၊ အမိန့်ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ရန်ရှိသည့် ကိစ္စရပ်များ၊ တွေ့ကြုံခဲ့ရသည့် အခက်အခဲနှင့် စိန်ခေါ်မှုများ၊ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရန် ကဏ္ဍအလိုက် လိုအပ်သောဖြည့်ဆည်း ပေါင်းစပ်ပေးရန်ကိစ္စများ စသည်တို့ကို ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# သဘာဝဘေးအန္တရာယ် ရေတွင်းအသက်ကယ် သရုပ်ပြလေ့ကျင့်မှုပြုလုပ်

**ကြံခင်း ဇန်နဝါရီ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ကြံခင်းမြို့နယ်မီးသတ်ဦးစီးမှူး ဦးကိုကိုနိုင်နှင့် တပ်ဖွဲ့ဝင် ၂၇ ဦးတို့သည် ဇန်နဝါရီ ၁၄ ရက် နံနက်ပိုင်းက သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေး ရေတွင်းအသက်ကယ် သရုပ်ပြလေ့ကျင့်မှုကို မီးသတ်စခန်းဝင်းအတွင်း၌ ပြုလုပ်သည်။ **(ဝဲပုံ)**

ယခုအချိန်သည် အများပြည်သူများ အနေဖြင့် မိမိတို့၏ သုံးရေသောက်ရေတွင်းများအား ပြန်လည်ဆယ်ယူခြင်းများကို ဆောင်ရွက်လျက်ရှိရာ ထိုသို့ပြုလုပ်ရာမှ ရေတွင်းထဲမှ ပြန်လည်တက်ရောက်ရန် အခက်အခဲဖြစ်ခဲ့လျှင် အချိန်မီ ကူညီကယ်ဆယ်နိုင်မှသာ အသက်ဆုံးရှုံးမှုမှ ကင်းဝေးနိုင်မည်ဖြစ်သဖြင့် ယခုလို သရုပ်ပြလေ့ကျင့်မှုကို ပြုလုပ်ခြင်းဖြစ်ကြောင်း မီးသတ်ဦးစီးမှူးက ပြောသည်။

ကြံခင်းမြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များသည် ၂၀၁၉ ခုနှစ် ဧပြီလအတွင်းက ရေတွင်းထဲသို့ ပြုတ်ကျခဲ့သော အမျိုးသားတစ်ဦးကို အသက်ရှင်လျက် ကယ်ဆယ်နိုင်ခဲ့ဖူးကြောင်း သိရှိရသည်။

**ဒွေးမင်း(ကြံခင်း)**

# ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် National Oil and Gas Information Center အဆောက်အအုံပန္နက်တင် အခမ်းအနား တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၁၄

**မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ တည်ဆောက်မည့် National Oil and Gas Information Center အဆောက်အအုံ၏ ပန္နက်တင်မင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန နေပြည်တော်ရှိ ရုံးအမှတ်(၄၄)အနီး၌ ကိုဗစ်-၁၉ ကာကွယ်ရေး နည်းစနစ်များနှင့်အညီ ကျင်းပသည်။**

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးခင်မောင်ဝင်းနှင့် ဒေါက်တာထွန်းနိုင်၊ အမြဲတမ်းအတွင်းဝန် ဦးသန်းဇော်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်သည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ယနေ့အခမ်းအနားသည် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်း၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် National Oil and Gas Information Center(ပထမအဆင့်) သုံးထပ် RC အဆောက်အအုံ၏ ပန္နက်တင် အခမ်းအနား ဖြစ်ပါကြောင်း၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအနေဖြင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် ရေနံနှင့် သဘာဝဓာတ်ငွေ့များ ရှာဖွေ၊ တူးဖော်ထုတ်လုပ်ခြင်းကို ဆောင်ရွက်နေပါကြောင်း။

### စဉ်ဆက်မပြတ် ဆောင်ရွက်

ယင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် မိမိတို့နိုင်ငံ၏ ဘူမိအနေအထားအရ အနည်ကျချိုင့်ဝှမ်း ၁၇ ခု ပိုင်းခြားထားပြီး ကုန်းပိုင်းနှင့် ကမ်းလွန်လုပ်ကွက် စုစုပေါင်း ၁၀၄ ကွက် သတ်မှတ်ထားပါကြောင်း၊ သတ်မှတ်ထားသော လုပ်ကွက်များတွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအနေဖြင့် လည်းကောင်း၊ ပြည်တွင်း/ ပြည်ပမှ နိုင်ငံတကာ အတွေ့အကြုံရှိ ရေနံကုမ္ပဏီများနှင့်အကျိုးတူပူးပေါင်း၍ လည်းကောင်း၊ 2D/3D ဆိုက်စမစ်တိုင်းတာခြင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ ခိုအောင်းနိုင်မှုပမာဏကို တွက်ချက်၍ အကဲဖြတ်တွင်းများတူးဖော်ခြင်း၊ ဖွံ့ဖြိုးရေးတွင်းများ တူးဖော်ခြင်း၊ စီးပွားဖြစ် ရှာဖွေတွေ့ရှိမှုအပေါ်မူတည်ကာ ပလက်ဖောင်းများ၊ ပိုက်လိုင်းများ တည်ဆောက်၍ ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်လုပ်ခြင်းစသည့် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော် ထုတ်လုပ်သယ်ယူပို့ဆောင်ခြင်း လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိအချိန်အထိ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍမှ ရင်းနှီးမြှုပ်နှံမှု ပမာဏ ၂၆ ဘီလီယံခန့်ရှိပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ကာလတွင် နိုင်ငံတော်ဝင်ငွေ၏ ၁၁ ရာခိုင်နှုန်းခန့် ရှာဖွေပေးနိုင်ခဲ့ကြောင်း။

### နည်းပညာဖြင့် အဆင့်မြှင့်

ယခင်က ရေနံရှာဖွေ တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဓာတ်ခွဲနမူနာများ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ခိုအောင်းမှု ဒေတာအချက်အလက်များကို စာရွက်၊ စာတမ်းများ၊ CD များ၊ Hard disk များဖြင့် နေပြည်တော် (ရုံးချုပ်)နှင့် ထောက်ကြံ့သုတေသနဌာနတို့တွင် စနစ်တကျ စုစည်းထိန်းသိမ်းခဲ့သော်လည်း ခေတ်မီ တိုးတက်လာသည့် IT နည်းပညာရပ်များနှင့်အညီ အဆင့်မြှင့်တင်၍ ပိုမိုကောင်းမွန်စွာ ထိန်းသိမ်းနိုင်ရန်အတွက် လည်းကောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်၊ ပို့ဆောင်၊ ဖြန့်ဖြူး၊ ရောင်းချခြင်းလုပ်ငန်းများကို ဗဟိုထိန်းချုပ်မှုစနစ်ဖြင့် Real Time Data Monitoring and Management လုပ်ဆောင်နိုင်ရန်၊ သဘာဝဘေး ကြုံတွေ့လာချိန်တွင် အချိန်နှင့် တစ်ပြေးညီ စီမံခန့်ခွဲမှုများ ဆောင်ရွက်နိုင်ရန်နှင့် လူနှင့်သဘာဝ ပတ်ဝန်းကျင်ထိခိုက်မှုများ မဖြစ်ပေါ်စေရန်အတွက် လည်းကောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော် ထုတ်လုပ်ခြင်း၊ ပို့ဆောင်ဖြန့်ဖြူးခြင်းလုပ်ငန်းများ ပိုမိုလျင်မြန်စွာ ဆောင်ရွက်နိုင်ရန်အတွက် လည်းကောင်း ရည်ရွယ်၍ National Oil and Gas Information Center အား တည်ဆောက်ရခြင်း ဖြစ်ပါကြောင်း။

### အကျိုးကျေးဇူးများ

အဆိုပါ စီမံကိန်းပြီးစီးပါက Fiber Network နှင့် Internet Network နှစ်မျိုးဖြင့် Real time Data များရယူခြင်း၊ အချက်အလက်များအား စောင့်ကြည့်စစ်ဆေးခြင်းနှင့် စီမံခန့်ခွဲခြင်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ၊ ထိန်း/ဖြန့်စခန်းများမှ သတင်းအချက်အလက်များအား နေပြည်တော်ရုံးချုပ်မှ တိုက်ရိုက်ကြည့်ရှုနိုင်ခြင်း၊ SCADA System ဖြင့် ထိန်းချုပ်နိုင်ခြင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်၊ ဖြန့်ဖြူးမှုဆိုင်ရာ အချက်အလက်များ ဖြစ်သည့် ကုန်းပိုင်း၊ ကမ်းလွန်လုပ်ကွက်များနှင့် ပိုက်လိုင်းဆိုင်ရာ အချက်အလက်များ၊ Geology and Geophysics Data များ၊ နေရာဒေသအလိုက် Plant & Equipment စာရင်းများ၊ CNG အရောင်းဆိုင်များ၊ Operator Company များ၏ အချက်အလက်များ၊ ဝန်ထမ်းရေးရာနှင့် Human Resources Development ဆိုင်ရာ အချက်အလက်များ၊ Financial ပိုင်းဆိုင်ရာ အချက်အလက်များကို သိုလှောင်သိမ်းဆည်း၍ လိုအပ်သလို စီမံခန့်ခွဲမှု ပြုလုပ်သွားနိုင်ခြင်း၊ အနာဂတ် ရေနံနှင့်သဘာဝဓာတ်ငွေ့ ကဏ္ဍဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုစေခြင်း စသည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်ပါကြောင်းနှင့် လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ လုပ်ငန်းဌာနများမှ ဝိုင်းဝန်းပံ့ပိုးကူညီပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။



ယင်းနောက် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက National Oil and Gas Information Center အဆောက်အအုံနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး (ဝဲပုံ)နှင့် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနအကြီးအကဲများသည် မင်္ဂလာအချိန်တွင် သတ်မှတ်နေရာအသီးသီးမှ နေရာယူ၍ ပန္နက်တင်ပေးကြသည်။

ယနေ့ပန္နက်တင်သည့် National Oil and Gas Information Center ကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်း၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် ပထမအဆင့်အနေဖြင့် 24 Core Fiber Optic Cable သွယ်တန်းခြင်း၊ Geo-SCADA Software System တပ်ဆင်ခြင်း၊ Video Wall System တပ်ဆင်ခြင်းနှင့် Station Field Devices and Software ထည့်သွင်းခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ဒုတိယအဆင့်ကို လာမည့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်တွင် လည်းကောင်း၊ တတိယအဆင့်ကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် လည်းကောင်း သုံးနှစ်အတွင်း အဆင့်အလိုက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




## သုတဝေဖြာသီရိဂေဟာ အသိပညာပေးအစီအစဉ် မိသားစုပြိုင်ပွဲ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

**နေပြည်တော် ဇန်နဝါရီ ၁၄**

သုတဝေဖြာသီရိဂေဟာ အသိပညာပေးအစီအစဉ် (Family Quiz) မိသားစုပြိုင်ပွဲ၏ ပွဲစဉ်(၆)ကို ဇန်နဝါရီ ၁၅ ရက် ညနေတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ပွဲစဉ်(၆)၏ စီးပွားရေးဆိုင်ရာ အသိပညာပေးအစီအစဉ်ကို သရုပ်ဆောင် စည်သူမောင် နှင့် ယဉ်လက်တို့က တင်ဆက်ကြမည်ဖြစ်ပြီး မိသားစုလေးစုဖြင့် သုံးပွဲယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို ဇန်နဝါရီ ၁၅ ရက်နှင့် ဇန်နဝါရီ ၁၆၊ ၁၇ ရက်များတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ ညနေ ၆နာရီသတင်းအပြီးနှင့် MRTV Facebook Page တို့၌ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ရှင်မုတ္ထီးမြို့ဟောင်း ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်း လုပ်ငန်းညှိနှိုင်းစည်းဝေး

**ထားဝယ် ဇန်နဝါရီ ၁၄**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ရှင်မုတ္ထီးမြို့ဟောင်းနှင့်ပတ်သက်သည့် ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီက ရှင်မုတ္ထီးဘုရားကြီး ဓမ္မာရုံ၌ ကျင်းပသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး လူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်က ရှင်မုတ္ထီးမြို့ဟောင်းသည် တနင်္သာရီတိုင်းဒေသကြီး၏ ရှေးဟောင်းသမိုင်းဝင် ရှင်ကိုးရှင်ထဲတွင် ပါဝင်နေခြင်း၊ ရှေးမင်းအဆက်ဆက်တို့၏ နန်းတော်မြို့ရိုး၊ ကျုံးခံတပ် စသည်တို့ ပါဝင်သော မြို့အင်္ဂါရပ်နှင့်အညီ ထီးနန်းစိုက်စိုးစံခဲ့သည့် နေရာဖြစ်ကြောင်း၊ မိမိဒေသရှိခရီးသွား ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များဖြင့် ခရီးသွားလုပ်ငန်းအတွက် ကြည့်ရှုလေ့လာရန် နေရာများဖော်ထုတ်ရန်၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုကြောင့် ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး စီးပွားရေးအဆင်ပြေစေရန် ရည်ရွယ်၍ လုပ်ဆောင်သွားရန်လိုကြောင်း၊ ရှင်မုတ္ထီးမြို့ဟောင်းဒေသအား ယဉ်ကျေးမှုဇုန် နယ်မြေအဖြစ် သတ်မှတ်ဆောင်ရွက်နိုင်ရန် ရှင်မုတ္ထီးကျေးရွာအုပ်စု၏ နာယကဆရာတော်များ၊ ရပ်မိရပ်ဖများ၊ ယဉ်ကျေးမှုအမွေအနှစ်စိတ်ဝင်စားသူများ၏ဆန္ဒနှင့်အညီ လုပ်ဆောင်သွားနိုင်ရန် ယခုအစည်းအဝေးကို ကျင်းပရခြင်း ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ (ထားဝယ်ဌာနခွဲ )တိုင်းဒေသကြီးတာဝန်ခံ ဦးခင်မောင်စိုးက ကမ္ဘာ့မှတ်တမ်းဝင် အမွေအနှစ်များအကြောင်း၊ ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းခြင်းခံရသော မြို့များအကြောင်းနှင့် အစည်းအဝေးခေါ်ယူရခြင်း အကြောင်းအား ရှင်းလင်းပြောကြားပြီး ရှင်မုတ္ထီးဘုရားကြီး ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ ဘဒ္ဒန္တကုလနန္ဒဝံသက ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းများ ထိန်းသိမ်းကာကွယ်ခြင်းနှင့်ပတ်သက်၍ မိန့်ကြားကာ တက်ရောက်လာသော ဒေသခံပြည်သူများက ကျေးရွာရှိ ရှေးဟောင်းယဉ်ကျေးမှုနေရာများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးကြသည်။

အစည်းအဝေးသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရှင်မုတ္ထီးဘုရားကြီး ဆရာတော်နှင့် ရပ်မိရပ်ဖများ၊ ကျေးရွာရှိ ဒေသခံပြည်သူများ တက်ရောက်ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

# လူမှုဖူလုံရေးအဖွဲ့နှင့် ILO တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် သတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ်နှင့် e-Services လုပ်ငန်းများ ရှင်းလင်းတင်ပြခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၄**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့နှင့် ILO တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် သတင်းအချက်အလက်စီမံခန့်ခွဲမှုစနစ်နှင့် e–Services လုပ်ငန်းများ ရှင်းလင်းတင်ပြခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန စုဝေးခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ က ကမ္ဘာ့လူသားအများစုသည် သင့်တော်ကောင်းမွန်သည့် လူမှုကာကွယ်စောင့်ရှောက်မှုများ မရရှိသဖြင့် စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုတို့တွင် သိသာထင်ရှားသည့် အတားအဆီးများဖြစ်နေပြီး နိုင်ငံအသီးသီးအနေဖြင့် လူမှုကာကွယ်စောင့်ရှောက်မှု အခွင့်အရေးများကို အားလုံးခံစားရရှိနိုင်ရေးအတွက် လက်ရှိဆောင်ရွက်လျက်ရှိသော လူမှုကာကွယ်စောင့်ရှောက်မှုစနစ်ကို အားဖြည့်နိုင်ရန် ရေရှည်မျှော်မှန်းချက်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်ကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်သမ္မတ၏ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားတွင် "အလုပ်သမားများ၏ ဘဝစိုပြေသာယာရေးအတွက် ရေတိုကာလတွင် အလုပ်သမားများ၏ လူမှုဖူလုံရေးရန်ပုံငွေကို အလုပ်သမားများအတွက် ထိထိရောက်ရောက် စီမံပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း" ဟု ထည့်သွင်းလမ်းညွှန်မှာကြားခဲ့ပါကြောင်း။

### မဟာဗျူဟာရည်မှန်းချက် ချမှတ်

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့အနေဖြင့် Social Insurance စနစ်အရ လူမှုဖူလုံရေးစီမံကိန်းကို တစ်မျိုးသားလုံး အကျုံးဝင်လာစေရန် မဟာဗျူဟာရည်မှန်းချက်တစ်ရပ် ချမှတ်ပြီး ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေး ဥပဒေနှင့်အညီ အလုပ်ရှင်၊ အလုပ်သမားနှင့် နိုင်ငံတော်က စုပေါင်းထည့်ဝင်ငွေများနှင့် နိုင်ငံတော်၏ အဓိကကုန်ထုတ်စွမ်းအားစုဖြစ်သည့် အလုပ်သမားများ၏ လူမှုဘဝလုံခြုံရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများအတွက် ထိရောက်သည့် ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးလျက်ရှိပြီး နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုလျက်ရှိပါကြောင်း။

လူမှုဖူလုံရေးအဖွဲ့သည် အာမခံအလုပ်သမားများ အားကိုးအားထားပြုရသော ဌာနတစ်ခုဖြစ်စေရန်အတွက် အလုပ်ရှင်၊ အလုပ်သမားများ၏ အဓိကလိုအပ်ချက်ဖြစ်သည့် ကောင်းမွန်သော ဆေးကုသမှုဝန်ဆောင်မှုကို ယခုထက်ပိုမိုထိရောက်အောင် ဆောင်ရွက်ပေးရန်နှင့် အကျိုးခံစားခွင့်များ ခွင့်ပြုထုတ်ပေးရာတွင် ပိုမိုလွယ်ကူလျင်မြန်စေရန်အတွက် ပြုပြင်ပြောင်းလဲမှု (၄)ရပ်ဖြစ်သည့် IT Reform၊ Medical Reform၊ Administrative Reform နဲ့ Legal Reform တို့ကို ILO ၏ နည်းပညာအကူအညီရယူပြီး အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားသုံးပွင့်ဆိုင် stakeholders များနှင့် ညှိနှိုင်းဆွေးနွေး၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

လူမှုဖူလုံရေးအဖွဲ့သည် လူမှုဖူလုံရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မြို့နယ်ပေါင်း ၁၁၆ မြို့နယ်ရှိ အကျုံးဝင် အာမခံအလုပ်သမားပေါင်း ၁ ဒသမ ၃၄ သန်းခန့်၏ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အကျိုးခံစားခွင့်များကို အလုပ်သမားဆေးရုံကြီးသုံးရုံ၊ ရုံးခွဲပေါင်း ၇၈ ရုံး၊ မြို့နယ်ဆေးခန်းပေါင်း ၉၆ ခန်း၊ ဌာနကြီးဆေးခန်း ၅၈ ခန်း၊ PPS စနစ်ဖြင့် (fee for services payment) ဆေးခန်း ရှစ်ခန်း၊ PPS စနစ်ဖြင့် (Capitation payment) ဆေးခန်း ၁၀ ခန်းနှင့် တိုင်းရင်းဆေးကုခန်း တစ်ခန်းအပြင် ရွေ့လျားဆေးကုသယာဉ်နှစ်စီးဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ လူမှုဖူလုံရေးအဖွဲ့နှင့် ILO တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် သတင်းအချက်အလက်စီမံခန့်ခွဲမှုစနစ်နှင့် e–Services လုပ်ငန်းများ ရှင်းလင်းတင်ပြခြင်း အခမ်းအနားတွင် အဖွင့်အမှာစကားပြောကြားစဉ်။

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် နိုင်ငံတကာစံနှုန်းများနှင့်အညီ ဥပဒေပါ အာမခံစနစ်များ တိုးချဲ့အကောင်အထည်ဖော်ခြင်း၊ အကျုံးဝင်အလုပ်ဌာနများ၊ မြို့နယ်များအပါအဝင် အာမခံအလုပ်သမားများ တိုးချဲ့အကျုံးဝင်မှတ်ပုံတင်ခြင်းတို့ကို ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်လျက်ရှိပါကြောင်း၊ ယင်းသို့လူမှုဖူလုံရေးစီမံကိန်းကို တိုးချဲ့အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ လူမှုဖူလုံရေးအဖွဲ့၏ အဓိကလုပ်ငန်းစဉ်များ ထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်ရန် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်(၄)ရပ်ကို ILO ၏ နည်းပညာအကူအညီဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ လူမှုဖူလုံရေးစနစ် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အဓိကအရေးပါသည့် IT Reform အရ SSB Information System– SSBIS စနစ်ကို ILO Korea Project မှ နည်းပညာအကူအညီများရယူ၍ သုံးနှစ်စီမံကိန်းအနေဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း။

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် အကျုံးဝင်အာမခံ အလုပ်သမားများနှင့် အလုပ်ရှင်များအား လူမှုဖူလုံရေးနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို အချိန်နှင့် တစ်ပြေးညီ သိရှိနိုင်စေရန်၊ ထည့်ဝင်ကြေးများနှင့် အကျိုးခံစားခွင့်များအား Online မှ လွယ်ကူလျင်မြန်စွာ ပေးသွင်းနိုင်ရန်၊ အသိပညာပေးလုပ်ငန်းများအား ထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်ရန်နှင့် Ease of Doing Business တွင်ပါရှိသည့် Paying Tax Indicator အဆင့်နှင့် ရမှတ်တိုးတက်လာစေရန်တို့အတွက် SSB Information System ၏ e–services လုပ်ငန်းစဉ်များဖြစ်သည့် SSB Mobile Application၊ SSB Website၊ e–Contribution စနစ်၊ e–Benefit စနစ်နှင့် e–Mail Server စနစ် စသည်တို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

### အကျိုးခံစားခွင့်များ တိုးချဲ့ဆောင်ရွက်

ကိုဗစ်–၁၉ ကာလအတွင်း၌ တတ်နိုင်သမျှ ရောဂါကူးစက်မှုမှ အကာအကွယ်ဖြစ်စေရန်အတွက် လူမှုဖူလုံရေးအဖွဲ့မှ e–Payment စနစ်အရ Wave Money ဖြင့် အာမခံအလုပ်သမားများ၏ ဆေးဖိုး ပြန်အမ်းငွေထုတ်ပေးခြင်းကို ၂၀၂၀ ပြည့်နှစ်၊ ဧပြီလမှစတင်၍ Pilot project ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဆက်လက်ပြီး ကျန်ရှိသည့်အကျိုးခံစားခွင့်များကို တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အလုပ်ရှင်၊ အလုပ်သမားများ၏ ထည့်ဝင်ကြေးကို e–payment စနစ်ဖြင့် ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်၊ ပုဂ္ဂလိကဘဏ်များနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလဆန်းမှစ၍ ဇန်နဝါရီလ ထည့်ဝင်ကြေးကို ထည့်ဝင်ကြေးပေးသွင်းနေသည့် ပုဂ္ဂလိကဘဏ်များနှင့် စမ်းသပ်ရန် ဆောင်ရွက်နေပြီဖြစ်ကြောင်း အသိပေးပြောကြားလိုပါကြောင်း။

လူမှုဖူလုံရေးအဖွဲ့၏ သတင်းအချက်အလက်စီမံခန့်ခွဲမှုစနစ် SSB Information System လုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထက်ဌာနများက သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များ၊ ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

လူမှုဖူလုံရေးအဖွဲ့၏ သတင်းအချက်အလက်စီမံခန့်ခွဲမှုစနစ် အကောင်အထည်ဖော်မှုနှင့် စပ်လျဉ်း၍ နည်းပညာအကူအညီပေးသည့် ILO အဖွဲ့နှင့် ILO–Korea Project မှ တာဝန်ရှိသူများ၊ ဆက်စပ်ဝန်ကြီးဌာနများမှ နည်းပညာအထောက်အကူပြုအဖွဲ့ဝင်များကို အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် သင့်တော်ကောင်းမွန်သည့် SSBIS စနစ်ပေါ်ပေါက်လာရေးအတွက် ယနေ့အခမ်းအနားတက်ရောက်လာသူများက လိုအပ်သည့်အကြံဉာဏ်များ၊ အကူအညီများပေးကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ILO ၏ Liaison Officer Mr. Donglin Li က အမှာစကားပြောကြားသည်။

ထို့နောက် လူမှုဖူလုံရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က လူမှုဖူလုံရေးအဖွဲ့၏ သတင်းအချက်အလက်စနစ်အား နှစ်အလိုက်အကောင်အထည်ဖော်မှုကို ရှင်းလင်းတင်ပြသည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် ILO ၏ Senior Consultant Mr. Alain Perras က ၂၀၂၁–၂၀၂၂ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် SSB(IS) Phase 2 TOR ရေးဆွဲထားမှုကို လည်းကောင်း၊ လူမှုဖူလုံရေးအဖွဲ့၊ သတင်းအချက်အလက်နှင့် နည်းပညာဌာန ညွှန်ကြားရေးမှူး ဒေါက်တာအိအိစိုးထွန်းက SSB Information System နှင့် e–Services လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဆောင်ရွက်နေမှုအခြေအနေများနှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြပြီး အစည်းအဝေးတက်ရောက်လာသူများက အထွေထွေဆွေးနွေးခြင်းနှင့် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ILO မှ တာဝန်ရှိသူများနှင့် နည်းပညာအဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

---

❑ *ကျောဖုံးမှ*

ယင်းနောက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိမ်းဆွေ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဘိုဘိုမင်းဇော်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းစိုးနှင့်တာဝန်ရှိသူများက ငွေကျပ် သိန်းတစ်ရာစီ ထည့်ဝင်သည့် အလှူရှင်များဖြစ်သော ဦးကျော်ထွန်း (ရွှေလဝင်းဆန်စက်မိသားစု၊ ဦးမင်းမင်း (ရောဝတီသားဟော့ ဆောက်လုပ်ရေးကုမ္ပဏီ) မိသားစု၊ ဦးအောင်တိုး ( သိန်းသန်းဖြိုးရေလုပ်ငန်း မိသားစု)၊ ဦးတင်လှိုင် (မင်းရွှေဇင်လုပ်ငန်းစု) မိသားစု၊ သီရိသုခမ္မ သိင်္ဂီဒေါ်မြသန်း( စိန်နဂါး စိန်ရွှေရတနာဆိုင်မိသားစု) ၊ ဦးမောင်မောင်ခင်နှင့်မောင်နှမများ(မအေးအေး အထည်ဆိုင်မိသားစု)အပါအဝင် အလှူရှင်များအား ဝမ်းမြောက်ကြောင်း မှတ်တမ်းလွှာများ ပေးအပ်ကြသည်။

**လွှဲပို့လှူဒါန်း**

ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီသို့ ကိုဗစ်–၁၉ ကာကွယ်ဆေးဝယ်ယူရန်အတွက် ဖျာပုံမြို့နယ်အတွင်းမှ အလှူရှင် ၁၀၀ ကျော်စုပေါင်း၍ ပထမအကြိမ်အဖြစ် အလှူငွေကျပ် သိန်းတစ်ထောင့်ခုနစ်ရာ တစ်သိန်း ရှစ်သောင်းတိတိ လွှဲပို့လှူဒါန်းလိုက်ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

---

✷ *ကျောဖုံးမှ*

ကမာရွတ်ဘဏ်ခွဲ(၁)တွင် လည်းကောင်း၊ စိုက်ပျိုးရေးမှတ်တိုင်အနီး မြန်မာ့ခရီးသွားဘဏ်တွင် လည်းကောင်း ဖွင့်လှစ်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ဖွင့်လှစ်ပေးသည်။

မြန်မာ့ခရီးသွားဘဏ် ဒုတိယအုပ်ချုပ်မှုဒါရိုက်တာ ဦးဇော်သူက "ကိုဗစ်–၁၉ ကို ပြည်သူတွေအနေနဲ့ အကောင်းဆုံးနည်းလမ်းတွေ၊ အထိရောက်ဆုံး ကာကွယ်စောင့်ရှောက်မှုတွေကို ပိုမိုသိရှိအောင်ရယ်၊ ထိထိရောက်ရောက်ကာကွယ်နိုင်တယ်ဆိုတဲ့ အသိပေးတဲ့လှုပ်ရှားမှုဖြစ်လို့ ကျွန်တော်တို့အနေနဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြစ်ပါတယ်" ဟု ပြောကြားသည်။

ပြည်သူများ ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်ရန်၊ လက်ဆေးရန်၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်တို့ကို ပိုမိုသတိပြုလိုက်နာစေရေးအတွက် ရည်ရွယ်လုပ်ဆောင်လျက်ရှိသော အဝါရောင် လူထုအသိပညာပေးမှုများကို ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလအတွင်း စတင်ခဲ့ပြီး ထင်သာမြင်သာရှိကာ ပြည်သူများအနေဖြင့် ပိုစတာများကို သတိထားဖတ်မိစေရန် တိုက်တွန်းနိုင်သောကြောင့် အဝါရောင်ကို အသုံးပြုခြင်းဖြစ်ကြောင်း သိရသည်။ ယခုအခါ ရန်ကုန်တိုင်းဒေသကြီးအတွင်း လူသွားလူလာများသည့် ဘတ်စ်ကားမှတ်တိုင်များ၊ ဆေးရုံများ၊ ဟိုတယ်များနှင့် ဘဏ်ခွဲများအနီးတွင် ကိုဗစ်–၁၉ ရပ်တန့်ရေး အဝါရောင်ဆိုင်းဘုတ်များကို တပ်ဆင်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ယနေ့နံနက်ပိုင်းက ကမာရွတ်မြို့နယ် လှည်းတန်းမီးပွိုင့်နှင့်အနီး အများပြည်သူ သွားလာမှုများသောနေရာများတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ် မီးသတ်တပ်ဖွဲ့၊ ယာဉ်ထိန်းရဲနှင့် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပရဟိတသမားများက ပြည်သူများအား ကိုဗစ်–၁၉ ရောဂါကာကွယ်ရေးအတွက် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ပါးစပ်နှာခေါင်းစည်းများဝေငှခြင်းတို့ကို ဆောင်ရွက်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)၊ ဓာတ်ပုံ – အာကာစိုး**

---

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဇန်နဝါရီ ၁၄** – ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် (–၁) ဒီဂရီစင်တီဂရိတ်၊ မင်းတပ်မြို့တွင် ၄ ဒီဂရီစင်တီဂရိတ်၊ တီးတိန်မြို့တွင် ၅ ဒီဂရီစင်တီဂရိတ်နှင့် ကျောက်မဲမြို့၊ ဟဲဟိုးမြို့၊ ဖလမ်းမြို့၊ ရမ်ကလောင်း၊ ပြင်ဦးလွင်မြို့နှင့် မိုးကုတ်မြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်မှာ လပွတ္တာမြို့တွင် ၀ ဒသမ ၃၁ လက်မ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ဒစ်ဂျစ်တယ် စီးပွားရေးအကြောင်း သိကောင်းစရာ အမေး / အဖြေ အစီအစဉ်

ထက်လျှံ

ဒစ်ဂျစ်တယ်မီဒီယာနှင့် ဒစ်ဂျစ်တယ် ဈေးကွက်လုပ်ငန်းကို လက်တွေ့အကောင်အထည်ဖော်မှုနှင့် ပတ်သက်ပြီး ဗဟုသုတမျှဝေပေးမည့် ဒစ်ဂျစ်တယ်စီးပွားရေးအကြောင်း သိကောင်းစရာ အမေး / အဖြေ အစီအစဉ်ကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဇန်နဝါရီ ၁၄ ရက် ညနေ ၆ နာရီခွဲတွင် ထုတ်လွှင့်ပြသခဲ့ရာ ပြည်သူများ သိရှိနိုင်ရန်အတွက် ပြန်လည်ဖော်ပြလိုက်ပါသည်။

**အစီအစဉ်မှူး ။** ။ ဒီအစီအစဉ်မှာဒစ်ဂျစ်တယ်မီဒီယာနဲ့ ဒစ်ဂျစ်တယ် ဈေးကွက်လုပ်ငန်းကဏ္ဍကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ပြီး ဆန်းသစ်တီထွင်မှုကို အခြေခံတဲ့ ယှဉ်ပြိုင်နိုင်စွမ်း မြင့်မားအောင် ဘယ်လို ဆောင်ရွက်နိုင်သလဲဆိုတဲ့ အကြောင်းအရာတွေကို ဆွေးနွေးသွားမယ့် ဒစ်ဂျစ်တယ်စီးပွားရေးအကြောင်း သိကောင်းစရာ အစီအစဉ်ကနေ ကြိုဆိုပါတယ်။

ဒီနေ့အစီအစဉ်မှာ WE Distribution / Yangon Book Plaza မှ CEO ဦးမြေမှုန်လွင်နဲ့ Food Writer, Food Blogger, TV Food Presenter ဖြစ်သူ ဒေါ်ချိုဝတ်ရည် (Wutyee Food House) တို့က ပါဝင်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ပထမဦးဆုံးမေးခွန်းအနေနဲ့ ကိုဗစ်ကာလအတွင်းမှာ စာအုပ်ထုတ်ဝေရေးလုပ်ငန်းက ဒစ်ဂျစ်တယ်ကို အခြေပြုပြီး ဖြန့်ချိမှုနဲ့ စာအုပ်ဈေးကွက်အခြေအနေက ဘယ်လိုမျိုးတွေရှိသလဲ ဆိုတာကို ဦးမြေမှုန်လွင်က မျှဝေပေးပါဦး။

**ဦးမြေမှုန်လွင် ။** ။ ကျွန်တော်တို့အားလုံး မမျှော်လင့်ဘဲ ကိုဗစ်ရောဂါကပ်ဆိုးကြီးဖြစ်တဲ့အခါမှာ ဆုံးရှုံးမှုတွေက အများကြီးရှိပါတယ်။ တချို့ဆိုရင် ဘဝတွေ ဆုံးရှုံးသွားတယ်။ တချို့ဆိုရင် အလုပ်အကိုင်တွေ ဆုံးရှုံးတယ်။ ကိုဗစ်ရောဂါက မကောင်းတာတွေ အလွန်များပါတယ်။ဒါပေမယ့် အနည်းငယ်သောကောင်းကျိုးတစ်ခုကို ပြန်ရလိုက်ပါတယ်။ ဒါက စာအုပ်ထုတ်ဝေရေး လုပ်ငန်းပါ။

စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက် ကောင်းကျိုးတွေ အများကြီးရခဲ့ပါတယ်။ ဒစ်ဂျစ်တယ်ပေါ်မှာ ရောင်းဝယ်တဲ့စနစ်တွေ အလျင်အမြန် တိုးတက်ခဲ့ပါတယ်။ နိုင်ငံတကာမှာ ဒီစနစ်က အများကြီးထွန်းကားနေပါတယ်။ နိုင်ငံတကာမှာ Amazon ကနေ စာအုပ်မှာတယ်ဆိုတာ ခေလ့ထုံးတမ်းတစ်ခုလိုဖြစ်နေပြီး အသုံးပြုသူတွေ အနေနဲ့ အသားကျနေတဲ့ ကိစ္စတစ်ခု ဖြစ်ပါတယ်။

မြန်မာပြည်မှာ စာအုပ်ရောင်းချတဲ့ ထုတ်ဝေသူအများစုရဲ့ ၉၀ ရာခိုင်နှုန်းက လူကြီးတွေဖြစ်ပြီး သူတို့က နည်းပညာနဲ့ အကျွမ်းတဝင်မရှိပါဘူး။ နည်းပညာကို အသုံးပြုရမှာ လန့်ကြပါတယ်။ နည်းပညာအပြောင်းအလဲတွေကို မလုပ်လိုကြပါဘူး။ ဒါပေမယ့် ကိုဗစ်ရောဂါကာလမှာ စာအုပ်ဆိုင်တွေ ပိတ်လိုက်ရပါတယ်။ စာအုပ်ဆိုင်ဆိုတာက ဝယ်သူနဲ့ ရောင်းသူတွေရဲ့ကြားမှာ ပေါင်းကူးပေးတဲ့ တံတားတစ်ခု ဖြစ်ပါတယ်။

ဒီဆိုင်တွေမရှိရင် ထုတ်ဝေသူအနေနဲ့ စာအုပ်ဝယ်တဲ့သူတွေ လက်ထဲကို စာအုပ်ရောင်းချဖို့အတွက် ပလက်ဖောင်းပျောက်သွားပါတယ်။ ဒီလိုပျောက်သွားတဲ့အတွက် စာအုပ်ထုတ်ဝေသူ အသက်ကြီးပိုင်းတွေအနေနဲ့ ဒစ်ဂျစ်တယ်စီးပွားရေးစနစ်ကို မဖြစ်မနေကူးပြောင်းရပါတယ်။ မကူးပြောင်းရင် သူတို့အတွက် ဈေးကွက်နေရာ မရှိတော့ပါဘူး။ ဒါက ကိုဗစ်ရဲ့ ဘေးထွက်ကောင်းကျိုးတစ်ခု ဖြစ်ပါတယ်။

ဒီကောင်းကျိုးကလည်း စာအုပ်ထုတ်ဝေသူတွေအနေနဲ့ လေးနှစ် / ငါးနှစ် အချိန်ယူပြီး ပြောင်းလဲသွားမယ့်ကိစ္စတစ်ခုဖြစ်သော်လည်း ကိုဗစ်ကြောင့် လပိုင်းအတွင်းမှာ ပြောင်းလဲခဲ့ပါတယ်။ စာအုပ်ဆိုင်တွေအနေနဲ့ ကိုဗစ်ကြောင့် ပိတ်လိုက်ရတဲ့အတွက် ဒစ်ဂျစ်တယ်ပေါ်မှာ ဝန်ဆောင်မှုတွေပေးလာ ရပါတယ်။ ဒစ်ဂျစ်တယ်ဆိုတာ အွန်လိုင်းစနစ်ကို အသုံးပြုပြီး စာအုပ်တွေ ရောင်းတာပါ။

ဒီလိုရောင်းတဲ့အခါမှာ ဖေ့စ်ဘွတ်ကို အသုံးပြုပြီး ရောင်းချတာကနေ အခုနောက်ပိုင်းမှာ အက်ပလီကေးရှင်းတွေ၊ ဝက်ဘ်ဆိုက်တွေ၊ Messenger တွေကို အသုံးပြုတဲ့စနစ်တွေနဲ့ ရောင်းတဲ့ အွန်လိုင်းစာအုပ်ဆိုင်တွေ ပေါ်လာပါတယ်။ နိုင်ငံတကာနည်းတူ အွန်လိုင်းပေါ်မှာ အပြိုင်အဆိုင် ဝန်ဆောင်မှုပေးနေတာတွေကို တွေ့လာရပါတယ်။ ဘာကြောင့် ဒီလိုဖြစ်လာသလဲဆိုရင် ကိုဗစ်ကြောင့် ဖြစ်ပါတယ်။ ကိုဗစ်ကြောင့် ဒစ်ဂျစ်တယ်စနစ်နဲ့ မလုပ်ကိုင်ချင်တဲ့သူတွေအနေနဲ့ မဖြစ်မနေ ပြောင်းလဲရပါတယ်။ ဒါက ကိုဗစ်ရဲ့ ဘေးထွက်ကောင်းကျိုးတစ်ခု ဖြစ်ပါတယ်။




ဒစ်ဂျစ်တယ်စီးပွားရေးအကြောင်း သိကောင်းစရာ အမေး/ အဖြေအစီအစဉ်တွင် WE Distribution / Yangon Book Plaza မှ CEO ဦးမြေမှုန်လွင်နဲ့ Food Writer, Food Blogger, TV Food Presenter ဖြစ်သူ ဒေါ်ချိုဝတ်ရည် (Wutyee Food House) တို့ ပါဝင်ဖြေကြားဆွေးနွေးစဉ်။

> **“လာမယ့် တစ်လ / နှစ်လအတွင်းမှာ Digital Printing နဲ့ ဆောင်ရွက်သွားမယ့် စာအုပ်တိုက်တစ်ခုပေါ်လာဖို့ စီစဉ်နေပါတယ်။ အဲဒီကနေ ဒစ်ဂျစ်တယ်စာအုပ်တွေ ထုတ်ဝေပြီး ပုံနှိပ်စာအုပ်တွေ လုံးဝ မထုတ်တော့တဲ့အထိ သွားဖို့ရှိနေပါတယ်။ ဒါကျွန်တော်တို့ရဲ့ အနာဂတ် ဖြစ်ပါတယ်”**

စာရေးဆရာတွေအနေနဲ့လည်း အွန်လိုင်းပေါ်မှာ အများကြီး ရေးသားလာကြပါတယ်။ ဒီလိုရေးသားတဲ့ စာရေးဆရာတွေအတွက် အခွင့်အလမ်းတွေ အများကြီး ဖြစ်ပေါ်လာပါတယ်။ သူတို့ရေးသားတဲ့ စာပေအပေါ်မှာ ပရိသတ်တွေက နှစ်သက်ကြတယ်ဆိုရင် ထုတ်ဝေသူတွေကလည်း သူတို့နောက်ကို လိုက်လာကြပြီး စာအုပ်တွေ ထုတ်ဝေပေးတဲ့အတွက် အောင်မြင်မှုတွေ ရရှိကြပါတယ်။ ဒီလိုနဲ့ စာပေလောကလည်း ဒစ်ဂျစ်တယ်ပေါ်ကို အလျင်အမြန် ပြောင်းလဲသွားပြီး စာပေလောကအတွက် ကြီးမားတဲ့အချိုးအကွေ့တစ်ခု ဖြစ်ခဲ့ပါတယ်။

စာအုပ်ဝယ်တဲ့သူတွေအနေနဲ့ စာအုပ်ဆိုင်ကို ကိုယ်တိုင်သွားရောက်ပြီး ဝယ်ယူချင်သော်လည်း ကိုဗစ်ကာလမှာ Stay at Home ဖြစ်တဲ့အတွက် အပြင်ထွက်လို့ မရပါဘူး။ စာအုပ်ဆိုင်တွေက ပိတ်ထားတဲ့အတွက် သွားလို့ မရပါဘူး။ အဲဒီအခါမှာ သူတို့အနေနဲ့ ဒစ်ဂျစ်တယ်ပေါ်ကနေ မဖြစ်မနေ ဝယ်လိုက်ရပါတယ်။ ဒါကြောင့် စာအုပ်လုပ်ငန်းက ကိုဗစ်ကာလမှာ အများကြီးပြောင်းလဲသွားတယ်။ စာအုပ်ရောင်းအားတွေ ကျဆင်းသွားမယ်လို့ ထင်ပေမယ့်၊ တခြားသော ရုပ်ရှင်၊ ဂီတတို့လို အနုပညာ အခြေခံ စီးပွားရေးတွေလောက် စာအုပ်လောက မထိခိုက်ခဲ့ပါဘူး။

ဒစ်ဂျစ်တယ်ခေတ်မှာ အွန်လိုင်းပလက်ဖောင်းရှိနေတဲ့အတွက် စာအုပ်ဈေးကွက်အနေနဲ့ ရောင်းချနေရဆဲ ဖြစ်ပါတယ်။ စာအုပ်အသစ်တွေအနေနဲ့ ကိုဗစ်ရောဂါ ပထမလှိုင်း၊ ဒုတိယလှိုင်းအတွင်းမှာ အများကြီး ထွက်နေပါတယ်။ ထွက်ရှိတဲ့ စာအုပ်တွေကလည်း ဈေးကွက်မှာ အောင်မြင်နေတာတွေ့ရတဲ့အတွက် ဒါက စာပေလောကအတွက် ကိုဗစ်ကာလမှာ ထူးခြားတဲ့ အလှည့်အပြောင်း တစ်ခုဖြစ်ခဲ့ပါတယ်။

**အစီအစဉ်မှူး ။** ။ ဒစ်ဂျစ်တယ် မီဒီယာခေတ်မှာ Influencer တစ်ယောက်အနေနဲ့ မိမိကိုယ်ကိုယ် အမှတ်တံဆိပ်တစ်ခုဖြစ်အောင် ဒစ်ဂျစ်တယ်မီဒီယာကို အသုံးပြုပြီး ဘယ်လိုမျိုးဆောင်ရွက်နိုင်တယ်ဆိုတဲ့ အတွေ့အကြုံတွေကို ဒေါ်ချိုဝတ်ရည်က မျှဝေပေးပါဦး။

**ဒေါ်ချိုဝတ်ရည် ။** ။ ကျွန်မအနေနဲ့ လွန်ခဲ့တဲ့ ၁၀ နှစ်၊ ၂၀၁၀ ပြည့်နှစ်မှာ အွန်လိုင်းဘလော့တွေ ခေတ်စားနေတဲ့အချိန် ဟင်းချက်နည်းဘလော့တစ်ခုကို စပြီးလုပ်ခဲ့ပါတယ်။ ဒါကို ဒစ်ဂျစ်တယ်မီဒီယာမှာ လုပ်ဖြစ်တဲ့အတွက် လူတွေအများကြီး သတိထားမိသွားပါတယ်။ ဝတ်ရည်ဘလော့ကနေပြီး ဟင်းချက်နည်းတွေ မျှဝေနေရင်း Food မဂ္ဂဇင်းမှာ ဟင်းချက်နည်းတွေ ရေးဖြစ်ပါတယ်။ အဲဒီကနေတစ်ဆင့် ရုပ်သံလိုင်းတွေမှာပါ အစီအစဉ်တင်ဆက်သူအဖြစ် Wutyee Food House on TV ကို စတင်ပြီး လုပ်ဖြစ်ပါတယ်။

အဓိကအနေနဲ့ ဒစ်ဂျစ်တယ်ကနေ စာအုပ်ထုတ်ဝေတာ၊ တီဗွီရုပ်သံလိုင်းပေါ်ရောက်သွားတာတို့က တဖြည်းဖြည်းနဲ့ ဖြစ်သွားတာပါ။ ၂၀၁၅ ခုနှစ်မှာ ဝတ်ရည်မီးဖိုချောင်က တော်တော်လူသိများလာပါတယ်။ ဒီအခါမှာ ကြည့်ရှုသူတွေအနေနဲ့ ဝက်ဘ်ဆိုက်ကို သွားမကြည့်ကြတော့ဘူး။ ဖေ့စ်ဘွတ်ကို သွားရောက်ကြည့်ရှုကြတာများတဲ့အတွက် ဖေ့စ်ဘွတ်စာမျက်နှာတစ်ခုကို ထပ်မံဖွင့်လှစ်ခဲ့ပါတယ်။ ဖေ့စ်ဘွတ်စာမျက်နှာမှာ အဓိက ဟင်းချက်နည်းတွေကို ဝေမျှပေးတယ်။ ဖေ့စ်ဘွတ်မှာ လာရောက်ကြည့်ရှုသူအနေနဲ့ ငါးသိန်းနီးပါးရှိလာပါတယ်။

ကျွန်မအနေနဲ့ အပြင်မှာ ဘယ်လောက်ဟင်းချက်တတ်ပါစေ ဒီလိုဒစ်ဂျစ်တယ်မီဒီယာမရှိဘူးဆိုရင် အားပေးမယ့် ပရိသတ်ရဲ့ အသိအမှတ်ပြုမှုကို ရရှိဖို့ဆိုတာ လုံးဝ မဖြစ်နိုင်ပါဘူး။ ဟင်းချက်နည်း ကျွမ်းကျင်တဲ့သူမှ မဟုတ်ပါဘူး။ ကိုယ်က သိုးမွေးထိုးတာ ဝါသနာပါတယ်။ ဖေ့စ်ဘွတ်မှာ Page ထောင်မယ်၊ ဗီဒီယိုတွေတင်ပေးမယ် ဒီလိုမျိုးတည်ဆောက်လို့ ရပါတယ်။ ကျွန်မဆိုရင် ဒီအမှတ်တံဆိပ်ကို တည်ဆောက်လာတာ ၁၀ နှစ်လောက်ရှိပါပြီ။

ဒီအမှတ်တံဆိပ်ကို အသုံးပြုပြီး Freelance အလုပ်တွေရှိတယ်။ အဓိက ကိုယ်ပိုင်ဝင်ငွေတစ်ခု ရလာတယ်။ စားသောက်ဆိုင်ဖွင့်တော့လည်း အောင်မြင်တယ်။ ဒစ်ဂျစ်တယ်မီဒီယာကို အသုံးပြုပြီး နာမည်တစ်ခုရအောင် တည်ဆောက်လို့ရတယ်။ ဟင်းချက်တာမှ မဟုတ်ဘူး။ အခြားလက်မှုပညာဖြစ်ဖြစ်၊ အခုဆိုရင်လည်း Beauty Blogger တွေ ခေတ်စားလာပါတယ်။ ဒါတွေအကုန်လုံးက ဒစ်ဂျစ်တယ်မီဒီယာကို အသုံးပြုပြီး မိမိတို့ အမှတ်တံဆိပ် တစ်ခုရအောင် တည်ဆောက်သွားတာလို့ မြင်ပါတယ်။

**အစီအစဉ်မှူး ။** ။ ကိုယ်တိုင်လည်း စာရေးဆရာတစ်ယောက်ဖြစ်ပြီး စာအုပ်ထုတ်ဝေသူအနေနဲ့ ဆောင်ရွက်နေတဲ့အတွက် ၂၀၂၁ ခုနှစ်အလွန် မြန်မာ့စာပေလောကနဲ့ ဒစ်ဂျစ်တယ်က ဘယ်လောက်အချိတ်အဆက်မိပြီး ပြောင်းလဲသွားနိုင်တယ်ဆိုတာကို ဦးမြေမှုန်လွင်က သုံးသပ်ပေးပါဦး။

**ဦးမြေမှုန်လွင် ။** ။ ဖေ့စ်ဘွတ်ဆိုတဲ့ ပလက်ဖောင်းက အတော်ခေတ်စားလာပြီး မြန်မာနိုင်ငံမှာ ဖေ့စ်ဘွတ်မသုံးတဲ့သူ မရှိသလောက်ဖြစ်လာပါတယ်။ ဒါကြောင့် လူကြီးတွေက လူငယ်တွေ စာမဖတ်တော့ဘူး၊ အွန်လိုင်းပေါ်မှာ အချိန်ကုန်နေတယ်ဆိုပြီး ပြောကြတယ်။ ဒီတော့ ဘာလုပ်ရသလဲဆိုရင် အွန်လိုင်းပေါ်မှာရှိနေတဲ့ လူတွေ၊ လူငယ်၊ လူကြီးတွေ ဆီကိုသွားရပါတယ်။

အရင်တုန်းကလို ဆိုင်ပေါ်မှာ အခန့်သား စာအုပ်ထိုင်ရောင်းနေတဲ့ခေတ်မဟုတ်တော့ပါဘူး။ သူတို့ဘယ်မှာ ရှိနေတယ်ဆိုတာ ကျွန်တော်တို့က ရှာရပါတယ်။ လူငယ်တွေက ဖေ့စ်ဘွတ်၊ Youtube, Instagram နဲ့ Twitter တွေပေါ်မှာ ရှိနေပါတယ်။ ဖေ့စ်ဘွတ်ထက် Instagram ကို လူငယ်ပိုင်းတွေက ပိုသုံးလာတယ်။ နောက်ပြီး Tik Tok ပေါ်မှာ ရှိလာတယ်။

ဒီလိုရှိနေတဲ့အတွက် သူတို့ကို အဲဒီထဲကနေ ဆွဲထုတ်ချင်တော့ ထုတ်ဝေသူစာရေးဆရာတစ်ယောက်အနေနဲ့ ဒစ်ဂျစ်တယ်ကို မဖြစ်မနေသွားရပါတယ်။ မသွားဘဲနဲ့ သူတို့ကို ကိုယ့်ဆီလာအောင်ခေါ်ဖို့ဆိုတာ မလွယ်ပါဘူး။ ကျွန်တော် အပါအဝင် ဒီလိုထင်မြင်တဲ့ အခြားထုတ်ဝေသူတွေလည်း ရှိပါတယ်။ ဝိုင်းဝန်းလုပ်ဆောင်လိုက်တာ သုံးနှစ်လောက်အတွင်းမှာ စာအုပ်ရောင်းအားက သိသိသာသာ တက်လာပါတယ်။

အွန်လိုင်းပေါ်ကနေ စာအုပ်တွေကို ဖြန့်ချိတာ၊ အရောင်းအဝယ်ပြုလုပ်တာ၊ Campaign တွေ လုပ်တာ၊ ကြော်ငြာတာတွေက အလွန်ထိရောက်ပါတယ်။ လူငယ်တွေရဲ့ စာဖတ်အားက တက်လာပါတယ်။ စာအုပ် အုပ်ရေတစ်သောင်း/ နှစ်သောင်းလောက်ဆိုတာ ရောင်းရတာ သိပ်ပြီး မခက်ခဲတော့တဲ့ အနေအထား ဖြစ်လာပါတယ်။ အရင်ကဆို စာအုပ် အုပ်ရေ တစ်သောင်းရောင်းရဖို့ အတော် ကြိုးစားရပါတယ်။

အခုစာအုပ် အုပ်ရေ တော်တော်များများကို ရောင်းနေရပြီဖြစ်ပါတယ်။ အိမ်နီးချင်းနိုင်ငံတွေနဲ့ နှိုင်းယှဉ်ရင် ကျွန်တော်တို့နိုင်ငံရဲ့ စာဖတ်အားက မနိမ့်တော့တဲ့ အနေအထားဖြစ်လာပါတယ်။ လူငယ်တွေ ပိုပြီးစာဖတ်လာပါတယ်။ လူကြီးတွေ စိုးရိမ်နေသလို လူငယ်တွေ စာမဖတ်တာ မဟုတ်ဘူး။ စာတွေ ပြန်ဖတ်လာပါပြီ။

တိုင်းပြည်ရဲ့ ပညာရေးစနစ်ကလည်း ပြောင်းလဲနေပြီဖြစ်တဲ့အတွက် လူငယ်တွေ ပိုပြီးစာဖတ်လာကြပါတယ်။ ဒါကို အစဉ်အလာကောင်းအောင် ဆက်လက်ထိန်းသိမ်းဖို့ဆိုရင် အနာဂတ် ၂၀၂၁ ခုနှစ်အလွန်မှာ ဒစ်ဂျစ်တယ်ပလက်ဖောင်းတွေကို ပိုပြီးအသုံးချဖို့ လိုအပ်ပါတယ်။ နောင်မှာ စာအုပ်ထုတ်ဝေတဲ့အခါ စက္ကူတွေ လုံးဝမသုံးဘဲ ဒစ်ဂျစ်တယ်ပုံနှိပ်ခြင်း (Digital Printing) တွေလုပ်ဖို့ စီစဉ်နေပါတယ်။

လာမယ့် တစ်လ/နှစ်လအတွင်းမှာ Digital Printing နဲ့ ဆောင်ရွက်သွားမယ့် စာအုပ်တိုက် တစ်ခုပေါ်လာဖို့ စီစဉ်နေပါတယ်။ အဲဒီကနေ ဒစ်ဂျစ်တယ်စာအုပ်တွေ ထုတ်ဝေပြီး ပုံနှိပ်စာအုပ်တွေ လုံးဝမထုတ်တော့တဲ့အထိ သွားဖို့ရှိနေပါတယ်။ ဒါကျွန်တော်တို့ရဲ့ အနာဂတ် ဖြစ်ပါတယ်။

လူငယ်တွေ ဘယ်နေရာမှာ စာအုပ်ဖတ်ပါစေ ဖတ်ဖြစ်ဖို့က အဓိက ဖြစ်ပါတယ်။ စာအုပ်ကိုင်ဖတ်မှ မဟုတ်ပါဘူး။ နောင်မှာ Digital Printing တွေကို သွားမယ်။ အွန်လိုင်းပေါ်မှာ စာအုပ်ရောင်းမယ်။ စာအုပ်တွေထုတ်မယ်။ စာရေးသူတွေကလည်း ရေးကြမယ်။

ဒီလို အွန်လိုင်းပေါ်မှာရေးတဲ့ အားသာချက်က စာအုပ်ရဲ့ Review တွေကို စာဖတ်သူတွေက ဒီစာအုပ်ကို မကြိုက်ရင် မကြိုက်ကြောင်းရေးလို့ရမယ်။ ဒီအတွက် ထုတ်ဝေသူတွေနဲ့ စာရေးဆရာတွေက ပိုပြီးသတိထားရမယ်။ အရည်အသွေးတွေ ပိုမိုကောင်းမွန်အောင် လုပ်ရမယ်။ ဒါက ကျွန်တော်တို့ရဲ့ အနာဂတ် ဖြစ်ပါတယ်။

*စာမျက်နှာ ၁၁ သို့*

# ဝိုင်းမော်မြို့နယ်၌ တရားမဝင်ရွှေတူးဖော်သည့် ဆက်စပ်ပစ္စည်းများ ပိုင်ရှင်မဲ့ဖမ်းမိ

**ဝိုင်းမော် ဇန်နဝါရီ ၁၄**

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် နောင်ချိန်းကျေးရွာအုပ်စု ဧရာဝတီ မြစ်ကြောင်းတွင် တရားမဝင် ရွှေတူးဖော်နေမှုနှင့်စပ်လျဉ်း၍ ဆက်စပ်ပစ္စည်းများကို ဇန်နဝါရီ ၁၃ ရက်က ပိုင်ရှင်မဲ့ဖမ်းဆီးရမိကြောင်း သိရသည်။ (ယာပုံ)



ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၃ ရက် နံနက် ၁၁ နာရီတွင် ဝိုင်းမော်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်း ဦးဆောင်သည့်အဖွဲ့သည် ဝိုင်းမော်မြို့နယ် နောင်ချိန်းကျေးရွာအုပ်စု ကဒက်ကျွန်း၌ ၂၀၂၀-၂၀၂၁ ခုနှစ် သဲကျောက် လုပ်ငန်းရှင်များအား လုပ်ငန်းလိုင်စင် ခွင့်ပြုပေးနိုင်ရန် ကွင်းဆင်းစစ်ဆေးရာ အင်ဝိုင်းလှည့် လက်လုပ်လက်စား ၅၀ ခန့် တရားမဝင်ရွှေကျင်နေမှုနှင့် ရေငုပ်ဖောင်များဖြင့် တရားမဝင် ရွှေတူးဖော်နေမှုများအား စိစစ်တွေ့ရှိရပြီး လိုက်လံဖမ်းဆီးရာ ထွက်ပြေးတိမ်းရှောင်သဖြင့် ရေငုပ်ဖောင် နှစ်စင်း၊ ၂၅ ကောင် အင်ဂျင် နှစ်လုံး၊ ပေ ၂၀ ရှည် ပိုက် နှစ်လုံး၊ ရေခရု နှစ်လုံး၊ လေအိုး နှစ်လုံး၊ ပေ ၄၀ ရှည် လေရှူပိုက် နှစ်ချောင်း၊ သစ်သားမျှောစင် အသေး နှစ်စင်း၊ အင်ဝိုင်း နှစ်ချပ်၊ ရေငုပ်ဝတ်စုံ နှစ်စုံ၊ ကွန်ပရစ်ဆာ တစ်ခု၊ မုံအိုး တစ်ခုတို့ကို ရှာဖွေသိမ်းဆည်းရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိပစ္စည်းများကို ဝိုင်းမော်မြို့မရဲတပ်ဖွဲ့စခန်းတွင် စနစ်တကျသိမ်းဆည်းခဲ့ပြီး ဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခိုင်သက်မွန် (ပြန်/ဆက်)**

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၄**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၁၃ ရက် ညနေ ၄ နာရီတွင် ရွှေကူမြို့နယ် စီမော်ကျေးရွာအုပ်စု မိုးကင့်ကျေးရွာအနီးတွင် နော်လီအောင် မောင်းနှင်လာသော ဆိုင်ကယ်နှင့် ယော်ထုန် မောင်းနှင်လာသော ဆိုင်ကယ် နှစ်စီးကို ရပ်တန့်စစ်ဆေးရှာဖွေရာ နော်လီအောင်ထံမှ ဘိန်းဖြူ ၁ ဒသမ ၃၂ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀၀၀ နှင့် ယော်ထုန်ထံမှမှ ဘိန်းဖြူ ၁ ဒသမ ၃၂ ကီလို ကိုလည်းကောင်း၊ အလားတူ ယင်းနေ့ ညနေ ၆ နာရီခွဲတွင် ဖားကန့်မြို့နယ် ကာမိုင်းနယ်မြေ ရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဖားကန့်မြို့နယ် ကောင်ရာကျေးရွာအနီး၊ (၈)မိုင်-ကာမိုင်းသွား ကားလမ်းတွင် ဇော်ဇော်လင်း မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၀ ဒသမ ၄၉၅ ကီလို ကိုလည်းကောင်း၊ ထို့အတူ ထိုနေ့ နံနက် ၄ နာရီခွဲတွင် မောက်မယ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မောက်မယ်မြို့ ကွန်ကျိုင်းရပ်ကွက်တွင် စိုင်းအောင် (ခ) အောင်ခမ်း မောင်းနှင်ပြီး စိုင်းစော လိုက်ပါလာသော မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၈၃၈ ပြားကိုလည်းကောင်း သိမ်းဆည်းရမိသည်။

ထို့ပြင် ဇန်နဝါရီ ၁၃ ရက် နံနက် ၃ နာရီခွဲခန့်တွင် ကျောက်မဲမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ကျောက်မဲမြို့ အမှတ်(၉)ရပ်ကွက် ဇီဇဝါလမ်းတွင် မသင်္ကာဖွယ်တွေ့ရှိသူ စိုင်းခမ်းအောင်ကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၃၄၆ ပြား ကိုလည်းကောင်း၊ အလားတူ ယင်းနေ့ နံနက် ၁၁ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် မိုင်းတုံမြို့နယ် ပုံပါကျင်မြို့ အမှတ် (၅) ရပ်ကွက်ရှိ ဆံအွမ် ၏ နေအိမ်ကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀၀ ကိုလည်းကောင်း၊ ထို့အတူ ထိုနေ့ မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ကလောမြို့နယ် ရေယားကျေးရွာအနီး ကလော-သာစည်သွားကားလမ်း မိုင်တိုင်အမှတ် (၆၅/၃) တွင် သန်းရွှေ (ခ) ဘဂျမ်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို စစ်ဆေးရှာဖွေရာ ဘိန်းစိမ်း ၃၁ ဒသမ ၅ ကီလို ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# မြိတ်မြို့ အင်းလေးမြိုင်ရပ်၌ နေအိမ် ၁၂ လုံး မီးလောင်

**မြိတ် ဇန်နဝါရီ ၁၄**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ မြိတ်တောင် ကျေးရွာအုပ်စု အင်းလေးမြိုင်ရပ် ပဒုမ္မာ ၃ လမ်း၌ ဇန်နဝါရီ ၁၄ ရက် နံနက် ၁၁ နာရီခန့်က မီးလောင်မှုဖြစ်ရာ နေအိမ် ၁၂ လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး လူနှင့် တိရစ္ဆာန် ထိခိုက်မှုမရှိကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရာသို့ မြိတ်ခရိုင် မီးသတ်ဦးစီးဌာနမှ ခရိုင်မီးသတ်ဦးစီးမှူး ဦးဇော်ဝင်း ဦးစီးသည့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြိတ်မြို့မရဲစခန်းမှ စခန်းမှူး ဒုတိယရဲမှူး ချိုလွင်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ နယ်မြေခံ တပ်မတော်သားများ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများ ပူးပေါင်း၍ မီးငြိမ်းသတ် ယာဉ် ၁၂ စီး၊ ရေသယ်ယာဉ် ၁၁ စီး၊ ပုဂ္ဂလိက ရေသယ်ယာဉ် ခုနစ်စီး၊ အုပ်ချုပ်မှုယာဉ် တစ်စီး၊ ရှာဖွေကယ်ဆယ်ရေးယာဉ် တစ်စီး၊ ပရဟိတလူမှု ကူညီရေးအသင်းမှ လူနာတင်ယာဉ် ၁၀ စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၁၁ နာရီ ၃၇ မိနစ်ခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် နေအိမ် ၁၂ လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး မီးဘေးသင့် အိမ်ထောင်စုမှ မိသားစုဝင်များအား နီးစပ်ရာဆွေမျိုးများအိမ်နှင့် အောင်မင်္ဂလာဘုန်းတော်ကြီးကျောင်း၌ ယာယီပြောင်းရွှေ့နေရာချထားပေးကာ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ကူညီဆောင်ရွက်ပေးထားကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုနှင့်ပတ်သက်၍ တာဝန်ရှိသူများက စုံစမ်းစစ်ဆေး ဆောင်ရွက်နေကြောင်း သိရသည်။

**မြင့်ဦး (မြိတ်)**

# China Sports Zhibo TV က ရွေးချယ်မည့် Pool 8 Ball

## တစ်နှစ်တာ အတိုးတက်ဆုံးနှင့် အကောင်းဆုံးဆု ပဏာမစာရင်းတွင် ဘုန်းမြင့်ကျော် ပါဝင်လာ

**ရန်ကုန် ဇန်နဝါရီ ၁၄**

တရုတ်နိုင်ငံရှိ China Sports Zhibo TV က ရွေးချယ်မည့် Pool 8 Ball တစ်နှစ်တာ အတိုးတက်ဆုံးနှင့် အကောင်းဆုံးဆု ပဏာမစာရင်းတွင် မြန်မာ Pool ကစားသမား ဘုန်းမြင့်ကျော် (ခ) အားတီ ပါဝင်လာသည်။

China Sports Zhibo TV သည် ၂၀၂၀ ပြည့်နှစ်အတွင်း စွမ်းဆောင်ရည်များအပေါ်မူတည်၍ ဆုအမျိုးအစား လေးမျိုး ရွေးချယ်မည်ဖြစ်ပြီး Pool 8 Ball တစ်နှစ်တာ အတိုးတက်ဆုံးနှင့် အကောင်းဆုံးဆု၊ စနူကာ တစ်နှစ်တာ အတိုးတက်ဆုံးနှင့် အကောင်းဆုံးဆု၊ Chinese 8 Ball တစ်နှစ်တာ အတိုးတက်ဆုံးနှင့် အကောင်းဆုံးဆု၊ ပြိုင်ပွဲကျင်းပသည့် အကောင်းဆုံးကလပ်ဆုတို့ ရွေးချယ်ချီးမြှင့်မည်ဖြစ်ကာ ဘုန်းမြင့်ကျော်သည် Pool 8 Ball တစ်နှစ်တာ အတိုးတက်ဆုံးနှင့် အကောင်းဆုံးဆု ပဏာမစာရင်းတွင် ပါဝင်လာခြင်းဖြစ်သည်။ Pool 8 Ball တစ်နှစ်တာ အတိုးတက်ဆုံးနှင့် အကောင်းဆုံးဆု ပဏာမစာရင်းတွင် ဘုန်းမြင့်ကျော်နှင့်အတူ တရုတ်နာမည်ကြီးကစားသမားများ ပါဝင်လာပြီး ကျန်ယူဘို၊ ချူဘင်ဂျီ၊ ကျန်ကူဖန်၊ ယူဟိုင်ထောင်၊ တိုင်ယောင်၊ ရန်ဖန်၊ လီဟိုင်ထောင်၊ ရှီဟန်ကွမ်နှင့် ဝူဟောင် တို့ ပါဝင်နေသည်။ ယင်းဆုများကို ပရိသတ်များ၏ ဆန္ဒမဲဖြင့် ရွေးချယ်မည်ဖြစ်ပြီး ဇန်နဝါရီ ၁၂ ရက်မှ ဖေဖော်ဝါရီ ၁ ရက်အထိ မဲပေးနိုင်မည်ဖြစ်သည်။

ဘုန်းမြင့်ကျော်သည် ၂၀၂၀ ပြည့်နှစ်အတွင်း ပြိုင်ပွဲပေါင်း ၄၀ နီးပါး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပြိုင်ပွဲ ခုနစ်ခုတွင် ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့ကာ ချန်ပီယံဆု တစ်ကြိမ်နှင့် ဒုတိယဆု တစ်ကြိမ်ရရှိခဲ့သည်။ ထို့ပြင် တရုတ်ထိပ်တန်း ကစားသမားများသာ ယှဉ်ပြိုင်ခွင့်ရသည့် Chinese Battle 8 Ball ပြိုင်ပွဲတွင် စတုတ္ထနေရာရခဲ့သော်လည်း အုပ်စုခြောက်ပွဲဆက်အနိုင်ရပြီး အုပ်စုပထမဖြင့် ဆီမီးဖိုင်နယ် တက်ရောက်နိုင်ခဲ့ခြင်းတို့ကြောင့် ပဏာမစာရင်းတွင် ပါဝင်လာခြင်းဖြစ်သည်။ **ညီမြတ်သော်တာ**

# ရန်ကုန်-မန္တလေး အမြန်လမ်း၌ ယာဉ်တိမ်းမှောက်

**လှည်းကူး ဇန်နဝါရီ ၁၄**

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၁၁/၆)နှင့် (၁၁/၇) ကြားတွင် ယမန်နေ့ မွန်းလွဲ ၁ နာရီ မိနစ် ၂၀ ခန့်က ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါသူများ ပြင်းထန်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၁၁/၆) နှင့် (၁၁/၇) ကြားတွင် စိုးဇော်ထွန်း (၄၉) နှစ် တောင်ဥက္ကလာပမြို့နေသူ မောင်းနှင်ပြီး အမျိုးသား သုံးဦး၊ အမျိုးသမီး ကိုးဦးတို့ လိုက်ပါလာသည့် 1P/----- BONGO ယာဉ်သည် ရှေ့ယာဘက်ဘီးပေါက်၍ လမ်းလယ်ကျွန်းပေါ် တိမ်းမှောက်ခဲ့ကြောင်း၊ ယာဉ်တိမ်းမှောက်မှုကြောင့် အမျိုးသား တစ်ဦး၊ အမျိုးသမီး ခြောက်ဦး တို့တွင် ဒဏ်ရာများရရှိကာ လှည်းကူးမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်း စိုးဇော်ထွန်းအား လှည်းကူးမြို့နယ် အမှတ်(၃)လမ်းဆုံအမြန်လမ်းမကြီး ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **နိုင်လင်း (လှည်းကူး)**

❍ *ကျောဖုံးမှ*

ယူရိုပါလိဂ်ဖလားတို့ကို ဆွတ်ခူးထားသူဖြစ်သည်။ ပြီးခဲ့သည့် သီတင်းပတ်တွင် နည်းပြ ဆိုးလ်ရှားက မန်ဆာနှင့်ပတ်သက်ပြီး ၎င်းသည်ပုံမှန်ပွဲထွက် ကစားခွင့်ရရန် ဆန္ဒရှိနေသည့်အတွက် အပြောင်းအရွှေ့ကာလတွင် အသင်းမှ ထွက်ခွာလိုနေခြင်းဖြစ်ကြောင်း ပြောကြားထားသည်။ လေဗာကူဆင်အသင်းမှ အားကစားဒါရိုက်တာ တစ်ဦးဖြစ်သူ ဆိုင်မွန်ရိုလ်ဖီးစ် က "မန်ဆာဟာ နည်းစနစ်ပိုင်းဆိုင်ရာမှာ ပင်ကိုပါရမီပါသူ တစ်ဦးပါ။ လျင်မြန်တယ်၊ နောက်ပြီး ခန္ဓာကိုယ်ကြံ့ခိုင်ပြီး ညာခံစစ်ရေ ဗဟိုခံစစ်ပါ လိုက်ပါ ကစားနိုင်သူတစ်ဦးပါ" ဟု ပြောကြားသည်။

မန်ဆာသည် လေဗာကူဆင်အသင်းတွင် ဂျာစီနံပါတ် ၂၄ ကို ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။ လေဗာကူဆင်အသင်းသည် ဘွန်ဒက်စ်လီဂါ ၁၅ ပွဲ ကစားပြီးချိန်တွင် ရမှတ် ၂၉ မှတ်ဖြင့် အမှတ်ပေးဇယား အဆင့် (၃) နေရာတွင် ရပ်တည်နေသည့် အသင်းဖြစ်သည်။ အမှတ်ပေးဇယား ဦးဆောင်သူ ဘိုင်ယန်မြူးနစ်အသင်းနှင့် ရမှတ်ကွာဟမှု လေးမှတ်သာရှိနေသည်။

**အောင်ဇော်**

*စာမျက်နှာ ၁၀ မှ*

စာအုပ်လောက အများကြီး ဖွံ့ဖြိုးလာမယ်။ ၂၀၂၁ ခုနှစ်နောက်ပိုင်းမှာ စာအုပ်ဈေးကွက်က ပိုပြီးကျယ်ပြန့်လာမယ်။ စာအုပ်တွေသာမက စာအုပ်မဟုတ်တဲ့ ဒစ်ဂျစ်တယ်စာအုပ်တွေ၊ e-Book တွေကို ရောင်းချတဲ့ ဈေးကွက်တစ်ခု ပေါ်ထွက်လာဖို့ အလားအလာတွေ ရှိပါတယ်။

ဒီလိုပေါ်ထွက်လာဖို့ ကျွန်တော်သာမက ထုတ်ဝေသူတွေက လုပ်ဆောင်နေတာကို တွေ့နေရပါတယ်။ Web Novel လို့ ခေါ်ပါတယ်။ Online ပေါ်မှာ စာရေးကြတယ်။ ပြည်တွင်းမှာ အလားတူ အက်ပလီကေးရှင်းတွေ ထုတ်လုပ်ပြီး မိတ်ဆက်လာကြပါပြီ။

ဒီအပေါ်မှာ စာတွေသွားရေးကြတယ်။ ဒီအပေါ်မှာ စာဖတ်သူတွေနဲ့ ဆုံကြတယ်။ သူတို့အတွက် စာအုပ်ထုတ်ဖို့၊ သူတို့အတွက် စာအုပ်ဆိုင်ကို သွားဖို့ဆိုတာ မလိုအပ်တော့ပါဘူး။ အကုန်လုံးက အက်ပလီကေးရှင်းတစ်ခု၊ ဖုန်းတစ်ခုတည်းမှာ ဖတ်လို့ရတဲ့ အနေအထားမျိုး ဖြစ်နေပါပြီ။

ကျွန်တော့်အနေနဲ့ ဒါကကောင်းမွန်တဲ့ အလားအလာလို့ သုံးသပ်ပါတယ်။ စာပေလောကအနေနဲ့ အပြောင်းအလဲတွေ အများကြီးဖြစ်ဦးမယ်လို့ မျှော်လင့်ပါတယ်။ အပြောင်းအလဲတွေက ပိုကောင်းတဲ့ အပြောင်းအလဲတွေလို့ ယုံကြည်ပါတယ်။

**အစီအစဉ်မှူး ။** ။ နောင်ဖြစ်ပေါ်လာမယ့် ဒစ်ဂျစ်တယ်ဈေးကွက်အခြေအနေနဲ့ ပတ်သက်ပြီး ဒေါ်ချိုဝတ်ရည်က သုံးသပ်ဆွေးနွေးပေးပါဦး။

**ဒေါ်ချိုဝတ်ရည်** ။ ။ ဖေ့စ်ဘွတ်အပြင် ခေတ်စားလာမှာက Youtube လို့ မြင်ပါတယ်။ နိုင်ငံတကာမှာ အခု Youtube တွေက အတော်အောင်မြင်နေပါတယ်။ အခုလို ကိုဗစ်ကာလမှာ လူတွေက အပြင်မထွက်ရဘူး။ Stay at Home ကာလတွေ များတဲ့အတွက် Youtube ကို အကြည့်များလာကြတယ်လို့ မြင်ပါတယ်။

ကိုယ်တိုင်လည်း Wutyee Food House Youtube Channel လုပ်ထားပါတယ်။ ထိထိရောက်ရောက် ဗီဒီယိုတွေကို မတင်ဖြစ်သေးပါဘူး။ နောက်ပိုင်းမှာ ပိုပြီး Active ဖြစ်အောင် လုပ်ဆောင်မှာ ဖြစ်ပါတယ်။ နိုင်ငံတကာမှာ Idol လည်းဖြစ်တယ်။ အလွန်အောင်မြင်နေတဲ့ Youtube Channel အကြောင်း ပြောပြချင်ပါတယ်။ ဒါက Bringing with Babish ခေါ်ပါတယ်။ ကြည့်ရှုသူ ၁ ဒသမ ၆ ဘီလီယံလောက်ရှိပါတယ်။ တစ်ရက်ကို ဝင်ငွေဒေါ်လာ ၉၀၀၀ လောက် ရှိပါတယ်။ သူ့ရဲ့ Network အနေနဲ့ ၄ သန်းလောက်အထိကို အောင်မြင်နေပါတယ်။ ကိုယ်တတ်တဲ့ ပညာနဲ့ ဒစ်ဂျစ်တယ်မီဒီယာကို အသုံးပြုပြီး ဖေ့စ်ဘွတ်သာမက Youtube Channel တစ်ခု ထူထောင်သင့်ပါတယ်။

ကျွန်မလေ့လာမိသလောက် ချက်ချင်းထူထောင်ပြီး ချက်ချင်းအောင်မြင်တဲ့သူ မရှိပါဘူး။ Youtube Channel က အနည်းဆုံး ၃ နှစ်လောက် အချိန်ပေးရပါတယ်။ အခုအချိန်မှာ စမယ်ဆိုရင် ၂၀၂၄ ခုနှစ်လောက်မှာ တစ်ရက်ကို ဒေါ်လာ ၉၀၀၀ လောက် ဝင်ငွေရှိလာနိုင်ပါတယ်။ ဒါက မဖြစ်နိုင်ဘူးလို့ ပြောလို့မရပါဘူး။ ကြိုးစားရင် ဖြစ်လာနိုင်ပါတယ်။ ဒါကြောင့် ဒစ်ဂျစ်တယ်မီဒီယာရဲ့ အရှေ့က Youtube Channel လို့ မြင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

# သမ္မတထရမ့်ကို ဒုတိယအကြိမ်စွဲချက်တင်ရန် အမေရိကန်အောက်လွှတ်တော်၌ မဲခွဲဆုံးဖြတ်

**ဝါရှင်တန် ဇန်နဝါရီ ၁၄**

**သမ္မတ ဒေါ်နယ်ထရမ့်ကို စွဲချက်တင်ရန်အတွက် အမေရိကန်သမိုင်းကြောင်းတွင် ဒုတိယအကြိမ်အဖြစ် အမေရိကန်လွှတ်တော်အမတ်များက အောက်လွှတ်တော်၌ မဲခွဲဆုံးဖြတ်ခဲ့ကြကြောင်းသိရသည်။**

ရီပတ်ဘလစ်ကန်အမတ် ၁၀ ဦးတို့က ထရမ့်ကို စွဲချက်တင်ရေးအတွက် မဲထည့်ရန် ပါဝင်ခဲ့ခြင်းမရှိပေ။ အောက်လွှတ်တော်ဥက္ကဋ္ဌ နန်စီပယ်လိုစီက သမ္မတထရမ့်ကို နိုင်ငံတော်အတွက် ဘေးအန္တရာယ်တစ်ခုအဖြစ် ခေါ်ဆိုခဲ့သည်။ ဇန်နဝါရီ ၁၃ ရက်က အောက်လွှတ်တော်ရှိ အမတ်အများစု၏ ထောက်ခံမှုဖြင့် သမ္မတထရမ့်ကို စွဲချက်တင်မည့် ဆုံးဖြတ်ချက်ကို အတည်ပြုနိုင်ခဲ့သည်။

ဥပဒေ၏အထက်၌ မည်သူမျှမရှိကြောင်းကို ယနေ့ အောက်လွှတ်တော်၏ ဆုံးဖြတ်ချက်က ထုတ်ဖော်ပြသလိုက်ပြီဖြစ်ကြောင်း၊ အမေရိကန်ပြည်ထောင်စု၏ သမ္မတပင်ဖြစ်နေစေကာမူ ယင်းအချက်ကို လွန်ဆန်နိုင်ခြင်းမရှိကြောင်း နန်စီပယ်လိုစီက ပြောကြားလိုက်သည်။

သို့ဖြစ်ရာ ယင်းအစီအစဉ်ကို ဆီးနိတ်လွှတ်တော်၌ ဆက်လက်ကြားနာရန် လုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။ သမ္မတကို ရာထူးမှဖယ်ရှားရေးအတွက် ဆီးနိတ်လွှတ်တော်ရှိ အမတ်များ၏ သုံးပုံ နှစ်ပုံက အတည်ပြုရန်လိုအပ်သည်။

ပြီးခဲ့သည့် ရက်သတ္တပတ်က အမေရိကန် လွှတ်တော်အဆောက်အအုံ၌ ထရမ့်ကို ထောက်ခံသည့် ဆန္ဒပြသူများ ဝင်ရောက်စီးနင်းခဲ့မှုကြောင့် လူအချို့ သေဆုံးခဲ့ကာ ယင်းကိစ္စဖြစ်အောင် လှုံ့ဆော်ခဲ့မှုဖြင့် အောက်လွှတ်တော် ဒီမိုကရက်တစ်အမတ်များက သမ္မတထရမ့်ကို စွဲချက်တင်ရန် ကြိုးပမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



သမ္မတထရမ့်ကို စွဲချက်တင်ရန် မဲခွဲဆုံးဖြတ်မှုတွင် ပါဝင်ခဲ့သည့် အောက်လွှတ်တော်ဥက္ကဋ္ဌ နန်စီပယ်လိုစီ။

# တောင်ကိုရီးယား တရားရုံးချုပ်က သမ္မတဟောင်း ပတ်ဂွမ်ဟေးကို အကျင့်ပျက်ခြစားမှုနှင့် အခြားပြစ်မှုများဖြင့် ထောင်ဒဏ်အနှစ် ၂၀ ချမှတ်

**ဆိုးလ် ဇန်နဝါရီ ၁၄**

တောင်ကိုရီးယား တရားရုံးချုပ်က တောင်ကိုရီးယား သမ္မတဟောင်း ပတ်ဂွမ်ဟေးကို ဇန်နဝါရီ ၁၄ ရက်တွင် ထောင်ဒဏ် အနှစ် ၂၀ ချမှတ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

သမ္မတဟောင်း ပတ်ဂွမ်ဟေးသည် လာဘ်စားမှုဖြင့် ၎င်းကို တရားစွဲဆိုရန်ဖမ်းဆီးခံခဲ့ရပြီး ယင်းကိစ္စကြောင့်ပင် တောင်ကိုရီးယားနိုင်ငံ၏ သမ္မတရာထူးမှ ဖယ်ရှားခံခဲ့ရသည်။ တရားရုံးချုပ်က ၎င်းကို လာဘ်စားမှုဖြင့် ထောင်ဒဏ် ၁၅ နှစ် ကျခံစေရန်နှင့် အခြားပြစ်မှုများအတွက် ထောင်ဒဏ် ငါးနှစ်နှင့်အတူ ဝမ်ငွေ ၁၈ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၄ သန်း) ကို ဒဏ်ကြေးအဖြစ် ပေးဆောင်ရန်နှင့် ဝမ်ငွေ ၃ ဒသမ ၅ သန်းကို လက်လွှတ်ဆုံးရှုံးစေရန် အမိန့်ချမှတ်လိုက်ကြောင်း သိရသည်။

ယခုချမှတ်လိုက်သည့် ပြစ်ဒဏ်သည် ၂၀၁၉ ခုနှစ်တွင် အယူခံတရားရုံးက ပြစ်ဒဏ်အားလုံးအတွက် ထောင်ဒဏ်အနှစ် ၃၀ တစ်ပေါင်းတည်းကျခံစေရန်ချမှတ်ခဲ့မှုမှ ပြစ်ဒဏ်လျှော့ပေါ့လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

သမ္မတဟောင်း ပတ်ဂွမ်ဟေးကို ပြီးခဲ့သည့် ၂၀၁၇ ခုနှစ် မတ်လအတွင်းက သမ္မတရာထူးမှ ဖယ်ရှားခဲ့ပြီး ၎င်းသည် တောင်ကိုရီးယားနိုင်ငံတွင် အကျင့်ပျက်ခြစားမှုဖြင့် တရားစွဲခံရသည့် ပထမဆုံးသမ္မတ ဖြစ်လာခဲ့ကာ ယင်းကိစ္စတွင် ၎င်းနှင့် ကာလကြာလက်တွဲလာသည့် အရင်းနှီးဆုံး ပုဂ္ဂိုလ်ဖြစ်သူ ချွိုင်ဆွန်ဆီ ပါဝင်ပတ်သက်ခဲ့ကြောင်း သိရသည်။

ပတ်ဂွမ်ဟေးသည် ချွိုင်ဆွန်ဆီ ချုပ်ကိုင်ထားသည့် ဖောင်ဒေးရှင်းနှစ်ခုသို့ အမေရိကန်ဒေါ်လာ သန်းချီလှူဒါန်းရန် ဆမ်ဆောင်းကုမ္ပဏီကို အတင်းအကျပ် ဖိအားပေးခဲ့မှုဖြင့် တရားစွဲခံခဲ့ရသည်။

**အေအက်ဖ်ပီ**



တောင်ကိုရီးယားသမ္မတဟောင်း ပတ်ဂွမ်ဟေးကို ဆိုးလ်မြို့ရှိ တရားရုံး၌ ခေါ်ဆောင်လာစဉ်။

# ပေါ်တူဂီ၌ ရောဂါကူးစက်မှုကို ထိန်းချုပ်ရန် တစ်နိုင်ငံလုံး ကန့်သတ်ပိတ်ဆို့မှုအသစ် ပြန်လည်ချမှတ်

**လစ္စဘွန်း ဇန်နဝါရီ ၁၄**

ပေါ်တူဂီ၌ မကြာသေးမီရက်များအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ထပ်မံ တိုးပွားလာခဲ့သည့်အတွက် ရောဂါကူးစက်မှုကို ထိန်းချုပ်ရန် တစ်နိုင်ငံလုံးကို အဝင်အထွက် ကန့်သတ်ပိတ်ဆို့မှုအသစ် ပြန်လည်ချမှတ်လိုက်ကြောင်း ပေါ်တူဂီဝန်ကြီးချုပ် အန်တိုနီယိုကိုစတာက ဇန်နဝါရီ ၁၃ ရက်တွင် ကြေညာလိုက်သည်။



ဇန်နဝါရီ ၁၅ ရက်တွင် တစ်နိုင်ငံလုံး ကန့်သတ်ပိတ်ဆို့မှု စတင် အသက်ဝင်မည်ဖြစ်သည်။ အဝင်အထွက် အသွားအလာ ကန့်သတ်ပိတ်ဆို့မှု ပြုလုပ်ထားသော်လည်း ခြွင်းချက်အနေဖြင့် စာသင်ကျောင်းများကိုမူ ဆက်လက်ဖွင့်လှစ်ကာ ပုံမှန်အတိုင်း လုပ်ငန်းဆောင်ရွက်စေမည် ဖြစ်ကြောင်း ကိုစတာက ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

မရှိမဖြစ်လိုအပ်သည့် အစားအသောက်နှင့် ဆေးဝါးများ ဝယ်ယူခြင်း၊ အသက်မွေးလုပ်ငန်းများ ဆောင်ရွက်မှုကိုလူမှုဝေးကွာ စည်းကမ်းချက်နှင့်အညီ လုပ်ဆောင်ခြင်းများကို ခွင့်ပြုပေးမည်ဖြစ်ကြောင်း သိရသည်။

အရေးပေါ်အခြေအနေ ကြေညာထားသည့် ကာလအတွင်း လုပ်ငန်းဆောင်တာများ ရပ်နားထားရသည့် ကုမ္ပဏီများနှင့် ကုမ္ပဏီဝန်ထမ်းများအား အစိုးရက ငွေကြေးဆိုင်ရာ အထောက်အပံ့ပေးအပ်မည် ဖြစ်ကြောင်း ပေါ်တူဂီဝန်ကြီးချုပ် ကိုစတာက အလေးအနက် ကတိပေးအပ်ခဲ့သည်။

**ဆင်ဟွာ**

# ဖိလစ်ပိုင်၌ ဖိုက်ဇာနှင့် ဘိုင်ရွန်တက်ခ်မှ ထုတ်သည့် ကိုဗစ်- ၁၉ ကာကွယ်ဆေးကို အရေးပေါ်အသုံးပြုခွင့်ပေး

**မနီလာ ဇန်နဝါရီ ၁၄**

ဖိုက်ဇာနှင့် ဘိုင်ရွန်တက်ခ်ကုမ္ပဏီတို့ ပူးပေါင်းထုတ်လုပ်ထားသည့် ကိုဗစ်-၁၉ ကာကွယ်ဆေးကို နိုင်ငံအတွင်း အရေးပေါ်အသုံးပြုရန် ဖိလစ်ပိုင်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲမှုအဖွဲ့က ခွင့်ပြုချက် ပေးအပ်လိုက်ပြီဖြစ်ကြောင်း အက်ဖ်ဒီအေအကြီးအကဲ အန်းရစ်ဒိုမင်ဂိုက ဇန်နဝါရီ ၁၄ ရက်တွင် ပြောကြားခဲ့သည်။

**ထိရောက်နိုင်**

အချိန်နှင့်တစ်ပြေးညီရရှိခဲ့သည့် အထောက်အထားများနှင့် လေ့လာစမ်းသပ်မှုများမှ ထွက်ပေါ်လာသည့် အချက်အလက်များအရ ဖိုက်ဇာနှင့် ဘိုင်ရွန်တက်ခ်မှ ထုတ်သည့် ကိုဗစ်-၁၉ ကာကွယ်ဆေးသည် ကိုဗစ်- ၁၉ လူနာများအား ကာကွယ်မှုနှင့်ကုသမှုတို့တွင် ထိရောက်နိုင်သည်ဟု ယုံကြည်စိတ်ချရန် သင့်လျော်ကြောင်း ဒိုမင်ဂိုက အွန်လိုင်းသတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

အက်ဖ်ဒီအေ၏ ခွင့်ပြုချက်ရရှိမှုနှင့်အတူ ဖိုက်ဇာနှင့် ဘိုင်ရွန်တက်ခ်၏ ကာကွယ်ဆေးကို အရေးပေါ်အသုံးပြုခွင့် ချက်ချင်းအသက်ဝင်ခဲ့ကြောင်း ၎င်းက ပြောသည်။

**ဆင်ဟွာ**

# ဂျိုးဘိုင်ဒင် ကျမ်းသစ္စာကျိန်ဆိုပွဲတွင် အကြမ်းဖက်သည့်လုပ်ရပ်များ မပြုလုပ်ကြရန် ဒေါ်နယ်ထရမ့်တိုက်တွန်း

**ဝါရှင်တန် ဇန်နဝါရီ ၁၄**

လာမည့် ရက်သတ္တပတ်တွင် အမေရိကန်သမ္မတသစ်အဖြစ် ဂျိုးဘိုင်ဒင် ကျမ်းသစ္စာကျိန်ဆိုမည့် အခမ်းအနား၌ အကြမ်းဖက်ဆန်သည့်လုပ်ရပ်များ မပြုလုပ်ကြရန် သမ္မတဒေါ်နယ်ထရမ့်က ဇန်နဝါရီ ၁၃ ရက်တွင် တိုက်တွန်းလိုက်ကြောင်း သိရသည်။

ဆန္ဒပြမှုများ ပိုမိုလုပ်ဆောင်ကြဖွယ်ရှိကြောင်း သတင်းများ ပေါ်ထွက်လျက်ရှိသည့်အတွက် ဥပဒေကို လေးစားလိုက်နာမှုမရှိသည့် အဖျက်လုပ်ရပ်များ မလုပ်ကြရန် တိုက်တွန်းလိုက်ကြောင်း ထရမ့်က ပြောသည်။

ယင်းကဲ့သို့ လုပ်ရပ်များကို ၎င်းအနေဖြင့် လက်မခံကြောင်းနှင့် အမေရိကန် နိုင်ငံသားများအနေဖြင့် တင်းမာမှုအခြေအနေများကို လျှော့ချကြရန် တိုက်တွန်းလိုကြောင်း သမ္မတထရမ့်က အိမ်ဖြူတော်သတင်းထုတ်ပြန်ရေးရုံး၏ ဖော်ပြချက်တွင် ဆိုထားသည်။

အမေရိကန်သမ္မတအဖြစ် ဒေါ်နယ်ထရမ့် ထမ်းဆောင်ခဲ့သည့် သက်တမ်း၌ အောက်လွှတ်တော် ဒီမိုကရက်တစ်အမတ်များက ဒုတိယအကြိမ် တရားစွဲဆိုရန် ကြိုးပမ်းသည့်နေ့တွင် ထရမ့်က ထိုသို့ ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ လာမည့် ဇန်နဝါရီ ၂၀ ရက်တွင် ဂျိုးဘိုင်ဒင်အား သမ္မတရာထူးအပ်နှင်းမည့် အခမ်းအနားပွဲ ချောမောစွာ ကျင်းပနိုင်စေရန်ရည်ရွယ်လျက် ဝါရှင်တန်ဒီစီ၌ လာမည့် ဇန်နဝါရီ ၂၄ ရက်အထိ အရေးပေါ်အခြေအနေကြေညာမှုကို ထရမ့်က ဇန်နဝါရီ ၁၁ ရက်တွင် အတည်ပြုခဲ့ကြောင်း သိရသည်။

အမေရိကန်ပြည်နယ်ပေါင်း ၅၀ ရှိ လွှတ်တော်များနှင့် ဝါရှင်တန်ရှိ အမေရိကန်လွှတ်တော်တွင် ဇန်နဝါရီ ၂၀ ရက်အထိ လက်နက်ကိုင်ဆန္ဒပြမှုများ ဖြစ်ပွားနိုင်ဖွယ်ရှိကြောင်း အမေရိကန်စုံစမ်းစစ်ဆေးရေးဗျူရိုက သတိပေးခဲ့သည်။

**ဆင်ဟွာ**

# အမေရိကန်ပြည်ထောင်စုတွင် ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၂၃ သန်း ကျော်လွန်လာ



ဝါရှင်တန်ဒီစီရှိ လမ်းပေါ်တွင် ပါးစပ် ၊ နှာခေါင်းစည်းတပ်လျက် သွားလာနေသူတစ်ဦးကို တွေ့ရစဉ်။

ဝါရှင်တန် ဇန်နဝါရီ ၁၄

**အမေရိကန်ပြည်ထောင်စုတွင် ဇန်နဝါရီ ၁၃ ရက်က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၂၃ သန်းကျော်လွန်လာကြောင်း အမေရိကန်ဂျွန်ဟော့ကင်းတက္ကသိုလ် သိပ္ပံနှင့် အင်ဂျင်နီယာဌာနက ပြောကြားလိုက်သည်။**

အမေရိကန် ပြည်ထောင်စုတွင် ဇန်နဝါရီ ၁၃ ရက်အထိ စုစုပေါင်း ကိုဗစ် - ၁၉ ဖြစ်ပွားသူသည် ၂၃၀၂၉၄၅၀ ရှိလာခဲ့ပြီး စုစုပေါင်း သေဆုံးသူသည် ၃၈၃၉၃၉ ဦး ဖြစ်ကြောင်း သိရသည်။

ကယ်လီဖိုးနီးယားတွင် ကိုဗစ်- ၁၉ ကူးစက် ဖြစ်ပွားသူပေါင်း ၂၈၂၁၅၁၂ ဦး၊ တက္ကဆက်တွင် ၂၀၃၂၈၀၉ ဦး၊ ဖလော်ရီဒါတွင် ၁၅၁၇၄၇၂ ဦး၊ နယူးယောက်နှင့် အီလီနွိုက် ပြည်နယ်များတွင် တစ်သန်းကျော် ရှိသည်။

ကိုဗစ် - ၁၉ ကူးစက်ဖြစ်ပွားသူ ခြောက်သိန်း ကျော်ရှိသော ပြည်နယ်များမှာ အိုဟိုင်းယိုး၊ ပင်ဆယ်ဗေးနီးယား၊ တင်နက်ဆီ၊ အရီဇိုးနား၊ မြောက်ကာရိုလိုင်းနား၊ နယူးဂျာစီတို့ ဖြစ်ကြောင်း ဂျွန်ဟော့ကင်းတက္ကသိုလ်က ထုတ်ပြန်ဖော်ပြလိုက်သော စာရင်းများအရ သိရသည်။

အမေရိကန်ပြည်ထောင်စုသည် ကမ္ဘာ့နိုင်ငံအဆင့်တွင် ကိုဗစ်- ၁၉ ကူးစက်မှု အဆိုးဆုံးခံစားနေရသည့် နိုင်ငံအဖြစ် ဆက်လက်ရပ်တည်လျက်ရှိပြီး ကူးစက်မှုနှင့် သေဆုံးမှုအများဆုံး ဖြစ်သည်။ ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂၄ ရာခိုင်နှုန်းနှင့် သေဆုံးသူ ၁၉ ရာခိုင်နှုန်းခန့်မှာ အမေရိကန်မှ ဖြစ်သည်။

အမေရိကန်ပြည်ထောင်စုတွင် ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားမှုမှာ ဇန်နဝါရီ ၁ ရက်က သန်း ၂၀ ကျော် လွန်လာခဲ့သည်။ ထိုအချိန်မှစကာ ကိုဗစ်-၁၉ ကူးစက်ခံရသူအရေ အတွက်သည် လေးရက်လျှင် တစ်ကြိမ် တစ်သန်းကျော်လွန်ခဲ့သည်။

ဂျွန်ဟော့ကင်း တက္ကသိုလ်၏ ထုတ်ပြန်ချက်များအရ ဇန်နဝါရီ ၁၂ ရက်က ကိုဗစ် - ၁၉ ဆက်စပ်ရောဂါကြောင့် သေဆုံးသူ နိုင်ငံတစ်ဝန်း ၄၄၆၂ ဦး ရှိခဲ့ကြောင်း သိရသည်။ အဆိုပါပမာဏသည် ကိုဗစ်- ၁၉ စတင်ဖြစ်ပွားချိန်မှစကာ တစ်နေ့တည်း အများဆုံး သေဆုံးခဲ့သည့်ပမာဏ ဖြစ်သည်။

ဖေဖော်ဝါရီ ၆ ရက် မတိုင်မီ အမေရိကန်ပြည်ထောင်စုတွင် ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၄၄၀၀၀၀ မှ ၄၇၇၀၀၀ ရှိနိုင်ကြောင်း အမေရိကန်ရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနက ခန့်မှန်း ပြောကြားထားသည်။

**ဆင်ဟွာ**

# တူရကီကျန်းမာရေးဝန်ကြီး တရုတ်နိုင်ငံထုတ် ကိုဗစ်- ၁၉ ကာကွယ်ဆေးထိုးနှံမှု ခံယူ

**အင်ကာရာ ဇန်နဝါရီ ၁၄**

တူရကီကျန်းမာရေးဝန်ကြီး ဖာရက်တင်ကိုကာသည် ဇန်နဝါရီ ၁၃ ရက်က တရုတ်နိုင်ငံ ဆီနိုဗက်ကုမ္ပဏီမှ သုတေသနပြုထုတ်လုပ်ထားသည့် ကိုဗစ်- ၁၉ ကာကွယ်ဆေး ထိုးနှံမှုခံယူခဲ့ကြောင်းနှင့် ကာကွယ်ဆေးထိုးနှံခံနေမှုကိုလည်း ရုပ်မြင်သံကြားမှတစ်ဆင့် တိုက်ရိုက်ထုတ်လွှင့်ပြသခဲ့ကြောင်း သိရသည်။ တူရကီကျန်းမာရေးဝန်ကြီးနှင့် အတူ တူရကီကိုဗစ်- ၁၉ရောဂါတို့ပြန်ရေးသိပ္ပံကော်မတီမှ အဖွဲ့ဝင်များလည်း ကာကွယ်ဆေးထိုးနှံမှု ခံယူခဲ့ကြသည်။

တူရကီနိုင်ငံ၏ နိုင်ငံရေးနယ်ပယ်မှ အရေးကြီးပုဂ္ဂိုလ်များ ကာကွယ်ဆေးထိုးမှုခံယူခြင်းသည် အများပြည်သူအတွက် စံနမူနာပြုခြင်းဖြစ်ကြောင်းနှင့် ပုံမှန်လူနေမှုဘဝကို ပြန်လည်ရရှိရန် ကာကွယ်ဆေးထိုးနှံခံရန် လိုအပ်ကြောင်း တူရကီကျန်းမာရေးဝန်ကြီးက ပြောကြားသည်။

တရုတ်နိုင်ငံထုတ် ကိုဗစ်- ၁၉ ကာကွယ်ဆေးသည် ဘေးကင်းကြောင်း တူရကီကျန်းမာရေးဝန်ကြီးက ပြောကြားခဲ့သည်။ တူရကီနိုင်ငံရှိ ကျန်းမာရေးဝန်ထမ်းများကိုလည်း ဇန်နဝါရီ ၁၄ ရက်တွင် ကာကွယ်ဆေးထိုးပေးခဲ့သည်။


တရုတ်နိုင်ငံ ဆီနိုဗက်ကုမ္ပဏီမှ ကိုဗစ်-၁၉ ကာကွယ်ဆေးကို အရေးပေါ်အသုံးပြုရန် တူရကီနိုင်ငံ ဆေးဝါးနှင့် ဆေးပစ္စည်းဆိုင်ရာဌာနက ဇန်နဝါရီ ၁၃ ရက်တွင် ခွင့်ပြုလိုက်သည်။ သိပ္ပံကိန်းဂဏန်းအချက်အလက်များကို လေ့လာစိစစ်ခြင်းနှင့် ကာကွယ်ဆေး တူရကီသို့ရောက်ရှိပြီး ၁၄ ရက်ကြာ စမ်းသပ်စိစစ်ချက်များကို အခြေခံကာ ယခုလို ခွင့်ပြုလိုက်ခြင်းဖြစ်သည်။

တရုတ်နိုင်ငံမှ ဝယ်ယူထားသည့် ဆီနိုဗက်ကာကွယ်ဆေး သုံးသန်းသည် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၃၀ ရက်က တူရကီနိုင်ငံ အန်ကာရာသို့ ရောက်ရှိလာခဲ့သည်။ တူရကီအစိုးရ၏အစီအစဉ်အရ ပထမအဆင့်တွင် လူပေါင်း ကိုးသန်းကို ကာကွယ်ဆေးထိုးနှံပေးမည်ဖြစ်ကြောင်းနှင့် ကျန်းမာရေးဝန်ထမ်းများနှင့် ကူးစက်မှုမြင့်မားသူများကို ကာကွယ်ဆေး ဦးစားပေးထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဆီနိုဗက် ကိုဗစ်- ၁၉ ကာကွယ်ဆေးစမ်းသပ်ထိုးနှံမှု ခံယူခဲ့သော စေတနာ့ဝန်ထမ်းများ၏ အခြေအနေကိန်းဂဏန်းအချက်အလက်များကို လေ့လာကြည့်ရာတွင် ကာကွယ်ဆေးသည် ၉၁ ဒသမ ၂၅ ရာခိုင်နှုန်း အစွမ်းထက်ထိရောက်ကြောင်း ကျန်းမာရေးဝန်ကြီးက ပြောကြားလိုက်သည်။

တူရကီနိုင်ငံတွင် ဇန်နဝါရီ ၁၃ ရက်က ထုတ်ပြန်လိုက်သည့် ကိန်းဂဏန်းအချက်အလက်များအရ လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်- ၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၉၅၅၄ ဦးရှိကြောင်းနှင့် အတည်ပြုလူနာ ၂၃၅၅၈၃၉ ဦး ရှိကြောင်း သိရသည်။ ထို့အပြင် ကိုဗစ်- ၁၉ ကြောင့်အသစ် ထပ်မံသေဆုံးသူ ၁၇၃ ဦးရှိလာကြောင်းဖော်ပြမှုနှင့်အတူ စုစုပေါင်း သေဆုံးသူ ၂၃၃၂၅ ဦးရှိလာသည်။

**ဆင်ဟွာ**




တူရကီကျန်းမာရေးဝန်ကြီး တရုတ်နိုင်ငံထုတ် ကာကွယ်ဆေးထိုးနှံမှုခံယူနေသည်ကို တွေ့ရစဉ်။



ဝူဟန်သို့ ရောက်ရှိလာသော ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကစေလွှတ်လိုက်သည့် ကျွမ်းကျင်သူများလိုက်ပါလာသော မော်တော်ယာဉ်။

# ကိုဗစ်- ၁၉ ဇာစ်မြစ်ကို လေ့လာရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က စေလွှတ်လိုက်သည့် ကျွမ်းကျင်အဖွဲ့တစ်ဖွဲ့ ဝူဟန်သို့ ရောက်ရှိ

**ဝူဟန် ဇန်နဝါရီ ၁၄**

ကိုဗစ်- ၁၉ ဇာစ်မြစ်ကို လေ့လာရန်နှင့် ကူးစက်ရောဂါ အစောပိုင်းအဆင့်တွင် မည်သို့ဖြစ်ပျက်ခဲ့သည်ဆိုသည်ကို လေ့လာရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က စေလွှတ်လိုက်သည့် နိုင်ငံတကာကျွမ်းကျင်သူများပါဝင်သည့် အဖွဲ့တစ်ဖွဲ့သည် တရုတ်နိုင်ငံ ဝူဟန်မြို့သို့ ရောက်ရှိလာခဲ့ကြောင်း သိရသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က စေလွှတ်လိုက်သည့် ကျွမ်းကျင်သူ ၁၃ ဦးပါ အဖွဲ့သည် တရုတ်နိုင်ငံ ဝူဟန်လေဆိပ်သို့ ဇန်နဝါရီ ၁၂ ရက်က ဆိုက်ရောက်လာခဲ့သည်။ ဝူဟန်သည် ကိုဗစ်- ၁၉ စတင်ဖြစ်ပွားရာ ဗဟိုချက်နေရာဖြစ်ခဲ့သည်။ ၁၄ ရက်ကြာ အသွားအလာကန့်သတ်စောင့်ကြည့်မှု ခံယူပြီးနောက် ကျွမ်းကျင်အဖွဲ့သည် ၎င်းတို့၏ စုံစမ်းစစ်ဆေးမှုများကို လုပ်ဆောင်သွားမည်ဖြစ်သည်။ ၎င်းတို့၏ ခရီးစဉ်အသေးစိတ်ကို ပြည်သူသို့ ထုတ်ပြန်ကြေညာခြင်းပြုမည် မဟုတ်ကြောင်း သိရသည်။

ဝူဟန်တွင် ကိုဗစ်- ၁၉ စတင်ဖြစ်ပွားခဲ့သည်မှာ တစ်နှစ်ကျော်ကြာမြင့်ခဲ့ပြီဖြစ်သည်။ သို့သော်လည်း ဗိုင်းရပ်စ်သည် မည်သည့်နေရာမှလာသနည်း၊ လူသို့ မည်သို့ ကူးစက်ခဲ့သနည်းဆိုသည်ကို ယခုချိန်အထိ မသိရှိသေးပေ။ တရုတ်အစိုးရပြောခွင့်ရသူများက အစပိုင်းက ဗိုင်းရပ်စ်သည် လင်းနို့မှလာသည်ဟု ပြောကြားခဲ့သည်။ သို့သော်လည်း နောက်ပိုင်းတွင် နိုင်ငံခြားမှတင်သွင်းသော အစားအစာများတွင် ဗိုင်းရပ်စ်များတွေ့ရှိခဲ့ရာမှ အဆိုပါဗိုင်းရပ်စ်သည် နိုင်ငံခြားမှ ဝင်ရောက်လာနိုင်သည်ဟု ဆိုထားပြန်သည်။ သို့သော်လည်း တိတိကျကျပြောရန် ခက်ခဲလျက်ရှိသည်။ ယခုအဖွဲ့ကို ဦးဆောင်လာသော ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အဆင့်မြင့်ကျွမ်းကျင်ပညာရှင် ပီတာဘန်ဘန်ဘာရက်ခ်က ဗိုင်းရပ်စ်ဇာစ်မြစ်အစသည် တရုတ်နိုင်ငံကပင် ဖြစ်နိုင်ကြောင်း လွန်ခဲ့သောလက အင်န်အိတ်ချ်ကေသို့ ပြောကြားခဲ့သည်။ ယင်းအဖွဲ့အနေဖြင့် ဝူဟန်ရှိ ကနဦးဖြစ်ပွားခဲ့သော ကိုဗစ်ဖြစ်စဉ်များကို အသေးစိတ် လေ့လာသွားမည်ဖြစ်ကြောင်းနှင့် တခြားဒေသများတွင်လည်း အလားတူ အစောပိုင်းဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များကို အသေးစိတ် လေ့လာသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ တရုတ်အစိုးရက အဆိုပါအဖွဲ့၏ သုတေသနဆိုင်ရာတောင်းဆိုချက်များအပေါ် အပြည့်အဝ ပူးပေါင်းလုပ်ဆောင်သွားမည်၊ မသွားမည်ကို ရှင်းရှင်းလင်းလင်း မသိရသေးချေ။

**အင်န်အိတ်ချ်ကေ**

## ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ သေဆုံးသူ ၂၀၅၀၀၀ ကျော်ရှိလာ

**ရီယိုဒီဂျနေရို ဇန်နဝါရီ ၁၄**

ဘရာဇီးနိုင်ငံတွင် ဇန်နဝါရီ ၁၃ ရက်၌ ကိုဗစ်- ၁၉ ကြောင့် ၁၂၇၄ ဦး ထပ်မံသေဆုံးခဲ့ရာ တစ်နိုင်ငံလုံး သေဆုံးသူအရေအတွက် စုစုပေါင်း ၂၀၅၉၆၄ ဦးအထိ ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြသည်။

ဘရာဇီးနိုင်ငံတွင် ပြီးခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်- ၁၉ ကူးစက်ခံရသူ ၆၀၈၉၉ ဦး ထပ်မံတိုးပွားခဲ့ရာ တစ်နိုင်ငံလုံးသေဆုံးသူ အရေအတွက် စုစုပေါင်း ၈၂၅၆၅၃၆ ဦး အထိ ရှိလာကြောင်း သိရသည်။

နိုင်ငံအတွင်း ကိုဗစ် - ၁၉ လူနာ ၆၀၀၀၀ ကျော်နှင့် သေဆုံးသူ ၁၀၀၀ ကျော် ရှိလာသည်မှာ နှစ်ရက် ဆက်တိုက်ရှိပြီဖြစ်သည်။ ထို့ပြင် ဘရာဇီး နိုင်ငံသည် အမေရိကန်ပြည်ထောင်စုပြီးလျှင် ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားမှု ဒုတိယ အဆိုးဆုံးနိုင်ငံလည်း ဖြစ်သည်။

**ဆင်ဟွာ**

# လေကြောင်းလိုင်းကဏ္ဍကို ရိုက်ခတ်မှုတွေဖြစ်စေခဲ့တဲ့ အင်ဒိုနီးရှားလေယာဉ်ပျက်ကျမှု

--- ထွန်းသစ်စ ---



ပျက်ကျခဲ့သည့် လေယာဉ်အပိုင်းအစတချို့ကို တွေ့ရစဉ်။

သီရိဝိဇယလေယာဉ်ကြီး ပျံတက်ပြီး မကြာမီ ဘာကြောင့်ပင်လယ်ထဲ ပျက်ကျသွားသလဲဆိုတာကို ရှာဖွေဖော်ထုတ်နိုင်ဖို့အတွက် အင်ဒိုနီးရှားစုံစမ်းစစ်ဆေးသူတွေ အဖြေရှာနေကြပါတယ်။ ဒီအဖြေကိုလည်း လူတိုင်းစိတ်ဝင်စားမယ်လို့ မျှော်လင့်မိပါတယ်။ အခုလို လေယာဉ်ပျက်ကျတာဟာ ပထမဆုံးတော့ မဟုတ်ပါဘူး။ လွန်ခဲ့တဲ့ နှစ်နှစ်ကျော်ကလည်း ခြင်္သေ့လေကြောင်းလိုင်း လေယာဉ်ကြီးပျက်ကျမှု ဖြစ်ပွားခဲ့ပါသေးတယ်။ အဲဒီတုန်းကလည်း လူအသေအပျောက်များခဲ့ပါတယ်။ ၁၈၉ ဦး သေဆုံးခဲ့တယ်လို့ မှတ်တမ်းတင် ဖော်ပြခဲ့ပါတယ်။

## လေယာဉ်ကြီးဘာဖြစ်သွားတာလဲ

သီရိဝိဇယလေယာဉ်ကြီးဟာ ဇန်နဝါရီ ၉ ရက်က အင်ဒိုနီးရှားနိုင်ငံရဲ့ မြို့တော်ဂျကာတာလေဆိပ်က ပျံတက်ပြီး သိပ်မကြာခင်မှာပဲ ဂျာဗားပင်လယ်ထဲသို့ ပျက်ကျခဲ့ပါတယ်။ အဲဒီလေယာဉ်ပေါ်မှာ ကလေး ၁၀ ဦးအပါအဝင် ခရီးသည် တွေရော၊ လေယာဉ်အမှုထမ်းတွေအပါအဝင် လူပေါင်း ၆၂ ဦး လိုက်ပါလာခဲ့ ပါတယ်။ ပျက်ကျမှုဖြစ်ပွားတဲ့အချိန်မှာ အဲဒီလေယာဉ်ကြီးဟာ အင်ဒိုနီးရှားနိုင်ငံ ဘော်နီယိုကျွန်းပေါ်မှာရှိတဲ့ ပွန်တီယာနက်မြို့ကို ပျံသန်းနေတာဖြစ်ပါတယ်။

လေယာဉ်ကြီးဟာ အဲဒီနေ့က ဒေသစံတော်ချိန် ညနေ ၂ နာရီ ၃၆ မိနစ်မှာ အင်ဒိုနီးရှားနိုင်ငံရဲ့ ဂျကာတာလေဆိပ်ကထွက်ခွာလာပြီး လေးမိနစ်အကြာ ၂ နာရီ ၄၀ မိနစ်မှာ အမြင့်ပေ ၁၀၉၀၀ အရောက်ကနေပြီးတော့ ရုတ်တရက် အဆက်အသွယ်ပြတ်တောက်ပြီး ပျက်ကျသွားခဲ့တာဖြစ်တယ်လို့ ဖလိုက်ရေဒါ၂၄မှာ ဖော်ပြထားပါတယ်။ ဖလိုက်ရေဒါ ၂၄ ဆိုတာကတော့ လေကြောင်းသတင်းအချက်အလက်တွေကို ဖော်ပြနေတဲ့ အင်တာနက်ဝက်ဘ်ဆိုက်တစ်ခု ဖြစ်ပါတယ်။

လေယာဉ်ပျက်ကျမှုဖြစ်ခဲ့တဲ့ ဂျကာတာမြောက်ပိုင်းမှာရှိတဲ့ ကျွန်းပေါင်းတစ်ထောင်လို့ လူသိများတဲ့နေရာတစ်ဝိုက်မှာ ရေငုပ်သမားတွေနဲ့ ရှာဖွေရေးအဖွဲ့တွေဟာ လေယာဉ်ပျက်အပိုင်းအစတွေနဲ့ လူတွေရဲ့ခန္ဓာကိုယ်အပျက်အစီးအပိုင်းအစတွေကို တွေ့ရှိခဲ့ကြပါတယ်။ တစ်ယောက်မှ အသက်ရှင်ကျန်ရစ်သူမရှိတော့ပါဘူး။ ဒါဟာ ဝမ်းနည်းကြေကွဲဖွယ်ရာကိစ္စတစ်ခု ဖြစ်ပါတယ်။

## ရှာဖွေမှုတွေကို ဆက်လက်လုပ်ဆောင်လျက်ရှိ

ရှာဖွေကယ်ဆယ်ရေးအဖွဲ့တွေဟာ သူတို့ရဲ့ ရှာဖွေမှုတွေကို ဆက်လက်လုပ်ဆောင်လျက်ရှိပါတယ်။ ထို့အတူပဲ ရလဒ်ကောင်းတွေ ရရှိမယ်လို့လည်း မျှော်လင့်တယ်လို့ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ခေါင်းဆောင် ရက်စ်မင်းန် အမ်အက်စ်က ပြောပါတယ်။ ဘလက်ဘောက်စ်လို့ ပြောနေတဲ့ လေယာဉ်ပျံသန်းမှုနဲ့ လေယာဉ်ဖြစ်စဉ်အစုစုတို့ကို မှတ်တမ်းတင်ထားတဲ့ ကိရိယာဟာ လေယာဉ်ပျက်ကျမှုကို ၉၀ ရာခိုင်နှုန်းလောက် ရှင်းပြနိုင်တယ်လို့ လေကြောင်းကျွမ်းကျင်သူတွေက ပြောပါတယ်။

ဇန်နဝါရီ ၁၃ ရက်ကတော့ ရေငုပ်သမားတွေဟာ လေယာဉ်ပျက်အပိုင်းအစတွေကို ပိုမိုရှာဖွေဖော်ထုတ်နိုင်ခဲ့သလို အလားတူပဲ လေယာဉ်ပျက်ကျမှုမှာ သေဆုံးသွားသူတစ်ဦးရဲ့ ပျက်စီးနေတဲ့ သက်သေခံကတ်ပြားတစ်ခုကိုလည်း ရရှိခဲ့တယ်လို့ ရေတပ်အရာရှိဖြစ်သူ အဗ္ဗဒူရေ့စ်ယစ်က သတင်းထောက်တွေကို သတင်းပေးလိုက်ပါတယ်။ အဝေးထိန်းကိရိယာနဲ့ ထိန်းချုပ်မောင်းနှင်နိုင်တဲ့ ရေအောက်ရှာဖွေရေးယာဉ် (အာရ်အိုဗွီ)တစ်စင်းကို ပျက်စီးလေယာဉ်ကိုရှာဖွေဖို့ ပင်လယ်ကြမ်းပြင်မှာ ဖြန့်ကြက်ထားပါတယ်။ ရှာဖွေမှုတွေကို ပိုမိုအသေးစိတ် ထပ်မံလုပ်ဆောင်နိုင်မှာဖြစ်တယ်လို့လည်း သူကဆက်လက်ပြောကြားလိုက်ပါတယ်။

## မရှင်းပြနိုင်သေးပါဘူး

အခုချိန်ထိကတော့ သက်ဆိုင်ရာအာဏာပိုင်တွေဟာ ပျံတက်ပြီး လေးမိနစ်အကြာမှာ ပျက်ကျခဲ့တဲ့ သက်တမ်း ၂၆ နှစ်ရှိပြီဖြစ်တဲ့ လေယာဉ်ကြီး ဘာကြောင့် ပျက်ကျခဲ့သလဲဆိုတာကိုတော့ မရှင်းပြနိုင်သေးပါဘူး။

အမေရိကန် အမျိုးသားသယ်ယူပို့ဆောင်ရေးဆိုင်ရာ ဘေးအန္တရာယ်ကင်းရေးအဖွဲ့က ဂျကာတာကို စုံစမ်းစစ်ဆေးရေးအဖွဲ့တွေ စေလွှတ်လိုက်ကြောင်းနဲ့ အဲဒီအဖွဲ့မှာ ဘိုးရင်း၊ အမေရိကန်လေကြောင်း အာဏာပိုင်အဖွဲ့၊ ဂျီအီးလေယာဉ်အင်ဂျင်ထုတ်လုပ်ရေးမှ တာဝန်ရှိသူတွေအပါအဝင် ကျွမ်းကျင်အဖွဲ့တွေကို စေလွှတ်ခဲ့တယ်လို့ ပြောကြားခဲ့ပါတယ်။

လူပေါင်း ၃၀၀၀ ကျော်ဟာ လေယာဉ်ပျောက်ရှာဖွေရေးမှာ ပါဝင်ခဲ့ကြပါတယ်။ ဒါတင်ပဲလားဆိုတော့မဟုတ်ပါဘူး။ လှေတွေ၊ ရဟတ်ယာဉ်တွေလည်း အင်အားဖြည့်တင်းရှာဖွေလျက်ရှိပါတယ်။ ထို့အတူ ရေအောက်ရှာဖွေရေးယာဉ်တွေကိုလည်း ရေငုပ်သမားတွေကို ကူညီဖို့ လွှတ်ထားပါတယ်။

ဒီရှာဖွေရေးဟာ မပြီးဆုံးသေးပါဘူးလို့ အင်ဒိုနီးရှားစစ်ဘက်ဆိုင်ရာ အကြီးအကဲ ဟာဒီဂျာဂျန်တို့က ဇန်နဝါရီ ၁၂ ရက်နှောင်းပိုင်းက ပြောကြားလိုက်ပါတယ်။ သေကျေပျက်စီးသူများနဲ့ ကျန်ရှိနေသေးတဲ့ အပျက်အစီးအပိုင်းအစတွေကို ဆက်လက်ရှာဖွေသွားဦးမယ်လို့ သူကပြောပါတယ်။

## ထပ်မံတွေ့ရှိ

မှောင်မိုက်နေတဲ့ ရေအောက်အနက်ဆုံးအပိုင်းက ထပ်မံတွေ့ရှိခဲ့တဲ့ လူ့ခန္ဓာကိုယ်အစိတ်အပိုင်းသုံးခုရဲ့ လက်ဗွေရာတွေ့ရှိချက်အရ နောက်ထပ်သေဆုံးခဲ့သူသုံးဦးကို ထပ်မံဖော်ထုတ်နိုင်ခဲ့တယ်လို့ အာဏာပိုင်တွေက ဇန်နဝါရီ ၁၃ ရက်က ပြောကြားလိုက်ပါတယ်။ အဲဒီပျက်ကျလေယာဉ်ပေါ်မှာ ကလေး ၁၀ ဦးလည်း လိုက်ပါလာခဲ့ပါတယ်။ အဲဒီလေယာဉ်ဟာ မြို့တော်ဂျကာတာမှ ပွန်တီယာနက်ခ်ကို ဦးတည်ပြီး ပျံသန်းနေတာ ဖြစ်ပါတယ်။ အဲဒီခရီးစဉ်ဟာ မိနစ် ၉၀ ကြာပါတယ်။

ရှာဖွေတွေ့ရှိထားတဲ့ ခန္ဓာကိုယ်အစိတ်အပိုင်း အပျက်အစီးတွေကို ရဲဘက်ဆိုင်ရာ ရင်ခွဲရုံကိုပေးပို့ခဲ့ပါတယ်။ မှုခင်းစစ်ဆေးရေးအရာရှိတွေအနေနဲ့ အဲဒီသူတွေကို ဒီအင်န်အေစစ်ဆေးခြင်းတွေ လက်ဗွေရာတွေ အသုံးပြုပြီး ခွဲခြားပေးနိုင်မယ်လို့ မျှော်လင့်ရပါတယ်။

## ဆက်လက်စုံစမ်းရဦးမယ်

လေယာဉ်ပျက်မကျခင်မှာ လေယာဉ်အမှုထမ်းတွေဟာ အရေးပေါ် အခြေအနေကြေညာခြင်း သို့မဟုတ် နည်းပညာချွတ်ယွင်းမှုဖြစ်ခဲ့တယ်ဆိုတဲ့ သတင်းဖော်ပြခြင်းမျိုးမရှိခဲ့ဘူးလို့ သက်ဆိုင်ရာအာဏာပိုင်တွေက ပြောပါတယ်။ ရေထဲကိုထိုးမကျခင် အကောင်းပကတိအတိုင်းပဲ ရှိမလား။ ရေထဲကို ထိုးကျပြီး ပျက်စီးမှုတွေပဲဖြစ်ခဲ့သလားဆိုတာ ဆက်လက်စုံစမ်းရဦးမှာ ဖြစ်ပါတယ်။

အသေးစိတ်သိဖို့အတွက်ဆိုရင်တော့ လအနည်းငယ်ကြာဦးမှာ ဖြစ်ပါတယ်။ သို့သော်လည်း ရက်ပေါင်း ၃၀ အတွင်း ကနဦးအစီရင်ခံမှုကိုတော့ ပြုလုပ်ရမှာဖြစ်ပါတယ်။ ရေထဲကိုထိုးမကျခင် လေယာဉ်ဟာ သူ့ရဲ့ဦးတည်ရာလမ်းကြောင်း ရုတ်တရက်ပြောင်းလဲလာခဲ့တယ်လို့ လေယာဉ်ခြေရာခံအချက်အလက်များက ဖော်ပြထားပါတယ်။ ကနဦးယူဆချက်များအရ လေယာဉ်ဟာ ရုတ်တရက်ဆိုးရွားတဲ့ ရာသီဥတုကြောင့်သော်လည်းကောင်း၊ လေယာဉ်မှူးအမှားကြောင့်သော်လည်းကောင်း သို့မဟုတ် စက်ပိုင်းဆိုင်ရာ ချွတ်ယွင်းမှုကြောင့်သော်လည်းကောင်း ပျက်ကျမှုဖြစ်ခဲ့တယ်လို့ သုံးသပ်ယူဆရမှာ ဖြစ်ပါတယ်။

လေယာဉ်ပျက်ကျမှုနဲ့ ပတ်သက်ပြီး အွန်လိုင်းမှာ မမှန်သတင်း ဖော်ပြမှုများလည်း ရှိခဲ့ပါတယ်။ အဲဒါကတော့ အသက်ရှင်ကျန်ခဲ့တဲ့ ကလေးတစ်ယောက်ကို ပြသခဲ့တဲ့ပုံတွေ အွန်လိုင်းမှာ ပျံ့နှံ့နေခဲ့တာပါ။ တကယ်တော့ အဲဒီပုံဟာ ၂၀၁၈ ခုနှစ် လှေအပျက်အစီးမှာ ကယ်ဆယ်ခဲ့တဲ့ ကလေးငယ်တစ်ဦးရဲ့ ပုံဖြစ်ပါတယ်။ တရားဝင်သတင်းအချက်အလက် ထုတ်ပြန်ဖော်ပြခြင်း မရှိသေးတဲ့အချိန်မှာ ကျွန်တော်တို့တွေဟာ အွန်လိုင်းသတင်းတွေကို ဆန်းစစ်တတ်ဖို့လိုပါတယ်။ အဲဒီလိုမဟုတ်ဘူးဆိုရင်တော့ မမှန်သတင်းရဲ့ အန္တရာယ်ဟာလည်း စိုးရိမ်စရာကောင်းပါတယ်။

## စိုးရိမ်စရာဖြစ်

သီရိဝိဇယလေကြောင်းလိုင်းဟာ အင်ဒိုနီးရှားနဲ့ အရှေ့တောင်အာရှမှာ ပျံသန်းနေတဲ့ လေကြောင်းလိုင်းတစ်ခုဖြစ်ပါတယ်။ အများဆုံးကတော့ လေယာဉ်ပြေးလမ်းချော်မှုလောက်ပဲ ဖြစ်ခဲ့ပါတယ်။ သူ့ရဲ့စီအီးအိုကတော့ လေယာဉ်ဟာ ပျံသန်းပြေးဆွဲဖို့သင့်တော်တယ်လို့ ပြောခဲ့ပါတယ်။

အင်ဒိုနီးရှားနိုင်ငံရဲ့ အလျင်အမြန် ဖွံ့ဖြိုးနေတဲ့လေကြောင်းလိုင်းကဏ္ဍဟာ လုံခြုံရေးဆိုင်ရာအခြေအနေတွေကြောင့် စိုးရိမ်စရာ ဖြစ်နေပါတယ်။ အင်ဒိုနီးရှားနိုင်ငံရဲ့ လေကြောင်းလိုင်းကဏ္ဍကို ဟိုးအရင်တစ်ခါက အမေရိကန်နှင့် ဥရောပလေပိုင်နက်တွေမှာ ပျံသန်းခြင်းမပြုဖို့ တားမြစ်ခဲ့ဖူးပါတယ်။ ၂၀၁၈ ခုနှစ် အောက်တိုဘာလကလည်း ခြင်္သေ့လေကြောင်းလိုင်းမှ ဘိုးရင်း ၇၃၇ မက်စ်ဂျက်လေယာဉ်ဟာ ဂျကာတာအနီးမှာ ပျက်ကျခဲ့ပါတယ်။ အဲဒီဖြစ်စဉ်မှာ လူပေါင်း ၁၈၉ ဦး သေဆုံးခဲ့ပါတယ်။

အင်ဒိုနီးရှားနိုင်ငံရဲ့ လေယာဉ်ပျက်ကျမှုရှာပုံတော်ဟာ ပြီးဆုံးဦးမှာ မဟုတ်ပါဘူး။ နောက်ဆုံး ဘာကြောင့် ပျက်ကျမှုဖြစ်ပွားခဲ့သလဲဆိုတာကို ရှင်းပြနိုင်တဲ့အထိ သက်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ အာဏာပိုင်တွေဟာ ကြိုးစားသွားရဦးမှာ ဖြစ်ပါတယ်။ ဒီဖြစ်ရပ်ဟာ အရှေ့တောင်အာရှမှာသာမက ကမ္ဘာတစ်ဝန်းလုံးကပါ စိတ်မကောင်းဖြစ်ရတဲ့ကိစ္စတစ်ခု ဖြစ်ခဲ့ပါတယ်။ ။

**ကိုးကား – အေအက်ဖ်ပီ**

---

## နိုင်ငံတကာသတင်းတိုထွာ

### ကမ္ဘောဒီးယားမင်းသမီး ကျောက်ကပ်ဝေဒနာသည်များအတွက် စီအာရ်အာရ်တီစက်လှူဒါန်း

**ဖနောင်ပင် ဇန်နဝါရီ ၁၄**

ကမ္ဘောဒီးယားမင်းသမီးလည်းဖြစ်၊ မူဒစ်တာဖောင်ဒေးရှင်း တည်ထောင်သူလည်းဖြစ်သည့် နိုရိုဒွန်အာရမ်ရက်စ်မီသည် ဆေးဘက်ဆိုင်ရာတွင် အသုံးပြုနိုင်ရန် စီအာရ်အာရ်တီစက်ကို ပရီးစ်ခက်မီလီယာဆေးရုံသို့ ဇန်နဝါရီ ၁၃ ရက်က လှူဒါန်းလိုက်သည်။

ဆေးရုံသုံးပစ္စည်းလှူဒါန်းမှုတွင် မင်းသမီးက အဆိုပါစက်သည် လူနာများကိုကုသရာတွင် ဆေးရုံ၏ လုပ်ငန်းစွမ်းဆောင်မှုများကို မြှင့်တင်ပေးမည်ဖြစ်ကြောင်း၊ အထူးသဖြင့် ကျောက်ကပ်ဝေဒနာသည်များအတွက် ကောင်းမွန်ကြောင်း ပြောကြားလိုက်သည်။ အဆိုပါစက်သည် လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားကြောင်း၊ ကျောက်ကပ်ဝေဒနာသည်များအတွက် ကျန်းမာရေးအခြေအနေတိုးတက်ကောင်းမွန်အောင် လုပ်ဆောင်ပေးနိုင်မည်ဟု ယုံကြည်ကြောင်း မင်းသမီးကပြောကြားလိုက်သည်။ မင်းသမီးတည်ထောင်ထားသော ဖောင်ဒေးရှင်းသည် အဓိကအားဖြင့် လူသားချင်းစာနာထောက်ထားကူညီမှုဆိုင်ရာ ကိစ္စရပ်များ၊ ပညာရေးနှင့် ပြည်သူ့ကျန်းမာရေးတို့ကို ဦးစားပေးလုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

### အာရှပစိဖိတ်ဒေသမှ ပြည်သူများ ကိုဗစ်- ၁၉ ကာကွယ်ဆေးထိုးရေးကြိုးပမ်းမှုကို အာရှဖွံ့ဖြိုးရေးဘဏ်က ကူညီမည်

**မနီလာ ဇန်နဝါရီ ၁၄**

အာရှပစိဖိတ်ဒေသရှိ ဖွံ့ဖြိုးဆဲနိုင်ငံမှ ပြည်သူများကို ကိုဗစ်- ၁၉ ကာကွယ်ဆေးထိုးရေး ကြိုးပမ်းဆောင်ရွက်မှုတွင် အာရှဖွံ့ဖြိုးရေးဘဏ်က ငွေကြေးထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ကာကွယ်ဆေးသယ်ယူပို့ဆောင်ရေးနှင့် စီမံခန့်ခွဲမှုစနစ်များတွင် ငွေကြေးရင်းနှီးမြှုပ်နှံမှုအကြီးအကျယ်လိုအပ်ကြောင်း အာရှဖွံ့ဖြိုးရေးဘဏ် ဥက္ကဋ္ဌ အဆာကာဝါ မက်ဆက်ဆူဂါက ပြောကြားလိုက်သည်။

အာရှဖွံ့ဖြိုးရေးဘဏ်သည် လွန်ခဲ့သောနှစ် နှောင်းပိုင်းတွင် စတင်ခဲ့သည့် အမေရိကန်ဒေါ်လာ ကိုးဘီလီယံတန်ဖိုးရှိသည့် ကာကွယ်ဆေးဆိုင်ရာစီမံချက်မှ ထောက်ပံ့မှုများလုပ်ဆောင်သွားမည်ဖြစ်သည်။ အာရှဖွံ့ဖြိုးရေးဘဏ်သည် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလအထိ ကိုဗစ်- ၁၉ ကူးစက်ပျံ့နှံ့နေသည့် အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်နိုင်ငံများကို အရေးပေါ် ငွေကြေးထောက်ပံ့မှုအဖြစ် အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံကမ်းလှမ်းခဲ့ကြောင်း သိရသည်။

အာရှဖွံ့ဖြိုးရေးဘဏ်အနေဖြင့် ဒေသတွင်းတည်ငြိမ်သည့် စီးပွားရေးတိုးတက်မှုအတွက် အားဖြည့်ပေးရန် လိုအပ်သည့် လုပ်ငန်းစဉ်အသစ်များကို ချမှတ်သွားမည်ဖြစ်ကြောင်း မစ္စတာ အာဆာကာဝါက ပြောကြားလိုက်သည်။

**အင်န်အိတ်ချ်ကေ**

# NRPC ရဲ့ လုပ်ငန်းများကို အထူးအလေးထား မြှင့်တင်တိုးချဲ့သွားမယ်



၁၉၈၈ ခုနှစ်မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို စတင်တည်ထောင်စဉ်ကတည်းက ကျွန်မတို့ မျှော်မှန်းတောင့်တတဲ့ ပြည်ထောင်စုကြီးပေါ်ထွန်းဖို့အတွက် မဖြစ်မနေ လိုအပ်ချက်ကတော့ အမျိုးသား ပြန်လည်ရင်ကြားစေ့ရေးဖြစ်တယ်ဆိုတာကို သိမြင်လက်ခံခဲ့ပါတယ်။ ကျွန်မတို့ ပြည်ထောင်စုသားများ အကြား မတူညီတဲ့ အယူအဆ၊ သဘောထားအမြင်များကြောင့် မေတ္တာဆိတ်သုဉ်း၊ ဒေါသပွားရာမှ စစ်မီး တွေ တောက်ကာ ငြိမ်းချမ်းမှုလောင်ကျွမ်းတဲ့ သံသရာဆိုးကြီးက လွတ်မြောက်စေနိုင်မယ့် အပြန်အလှန် နားလည်လေးစားယုံကြည်မှုများ များစွာခိုင်မြဲဖို့ ဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၆ ခုနှစ် ကျွန်မတို့ အစိုးရ စတင်တာဝန်ယူပြီး ပထမဦးဆုံး ဆောင်ရွက်ချက်တစ်ခုကတော့ "အမျိုးသားပြန်လည်သင့်မြတ်ရေး နှင့် ငြိမ်းချမ်းရေးဗဟိုဌာန" (NRPC) ကို ထူထောင်ခဲ့ခြင်းပဲ ဖြစ်ပါတယ်။ ယခုနှစ်အတွင်းမှာ NRPC ရဲ့ လုပ်ငန်းများကို အထူးအလေးထား မြှင့်တင်တိုးချဲ့သွားမှာ ဖြစ်ပါတယ်။

**(အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၊ ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်း စုကြည် ၁-၁-၂၀၂၁ ရက်နေ့ နိုင်ငံတကာနှစ်သစ်ကူး အထိမ်းအမှတ် အခါသမယတွင် ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)**

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၆၀၅ ဦး တွေ့ရှိ

## COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၄–၁–၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၁၃–၁–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၄–၁–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (**၁၈,၈၂၀**) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၆၀၅) ဦး တွေ့ရှိ** ရပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

**(၁၄–၁–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) | (၁,၅၂၆) ခု | (၁၂၆) ဦး |
| ဆေးသုတေသနဦးစီးဌာန (ရန်ကုန်) | (၈၃၇) ခု | (၃၂) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) | (၈၃၇) ခု | (၇၄) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) | (၂၅၁) ခု | (၅) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (တောင်ကြီး) | (၃၆၂) ခု | (၂) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မူဆယ်) | (၅၄) ခု | – |
| ဆေးတက္ကသိုလ် (၁) (ရန်ကုန်) | (၃၆) ခု | (၆) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၂၁) ခု | (၁၂) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၁၄) ခု | (၉) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁၃) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၀၁) ခု | (၁၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈၅၃) ခု | (၉၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၃,၄၁၅) ခု | (၂၃၀) ဦး |
| **စုစုပေါင်း** | (၁၈,၈၂၀) ခု | (၆၀၅) ဦး |

COVID–19 နေ့စဉ် စမ်းသပ်တွေ့ရှိရမှုနှုန်း (test positivity rate) မှာ အောက်ပါအတိုင်း ဖြစ်ပါသည် –

| | ၅–၁–၂၁ | ၆–၁–၂၁ | ၇–၁–၂၁ | ၈–၁–၂၁ | ၉–၁–၂၁ | ၁၀–၁–၂၁ | ၁၁–၁–၂၁ | ၁၂–၁–၂၁ | ၁၃–၁–၂၁ | ၁၄–၁–၂၁ |
|---|---|---|---|---|---|---|---|---|---|---|
| ဓာတ်ခွဲနမူနာ စုစုပေါင်း | ၁၉,၇၇၀ | ၁၇,၂၇၉ | ၁၈,၉၅၃ | ၂၀,၁၆၄ | ၁၉,၈၀၆ | ၁၇,၃၄၃ | ၁၈,၂၅၇ | ၂၀,၇၃၉ | ၁၇,၈၂၇ | ၁၈,၈၂၀ |
| ပိုးတွေ့လူနာ | ၆၄၇ | ၅၉၆ | ၅၉၄ | ၇၁၁ | ၅၆၆ | ၅၅၅ | ၅၈၂ | ၅၅၁ | ၅၂၃ | ၆၀၅ |
| ပိုးတွေ့ရှိမှု ရာခိုင်နှုန်း | ၃.၃ | ၃.၅ | ၃.၁ | ၃.၅ | ၂.၉ | ၃.၂ | ၃.၂ | ၂.၅ | ၂.၉ | ၃.၂ |

မှတ်ချက်။ COVID–19 စမ်းသပ်တွေ့ရှိရမှုနှုန်းမှာ ဓာတ်ခွဲစစ်ဆေးသည့်အရေအတွက်ပေါ်၌လည်း မူတည်နေပါသည်။ (၅–၁–၂၀၂၁)ရက်နေ့မှ (၁၄–၁–၂၀၂၁)ရက်နေ့အထိ နေ့စဉ်စစ်ဆေးသော ဓာတ်ခွဲနမူနာများ၏ ပျမ်းမျှ အရေအတွက်မှာ (၁၈,၉၉၆) ခု ဖြစ်ပါသည်။

* ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တစ်ပြည်လုံးအတိုင်းအတာဖြင့် ဆောင်ရွက်နေသည့် ပါးစပ်နှင့် နှာခေါင်းစည်းမဖြစ်မနေ တပ်ဆင်ရေး လူထုလှုပ်ရှားစီမံချက် (mask and face shield campaign) ၌ ပါဝင်သော ဆောင်ရွက်ရမည့် အချက်များကို တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်မှသာလျှင် ရောဂါကူးစက်ပြန့်ပွားမှုကို အမြန်ဆုံးထိန်းချုပ်နိုင်မည်ဖြစ်ပါသည်။

**မြန်မာနိုင်ငံတွင် COVID–19 လူနာဖြစ်ပွား၊ သေဆုံးမှုအခြေအနေ**

**(၁၄–၁–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၁၈,၈၂၀) ဦး | (၂,၀၇၄,၅၇၇) ဦး |
| COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၆၀၅) ဦး | (၁၃၂,၈၆၅) ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | (၄၇၉) ဦး | (၁၁၆,၁၀၀) ဦး |
| သေဆုံးလူနာ | (၁၀) ဦး | (၂,၉၁၂) ဦး |

- ယနေ့ **သေဆုံးသူ (၁၀) ဦး**အနက် ရောဂါအခံရှိသူ (၈) ဦးပါဝင်ပါသည်။
  တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများနှင့် ရန်ကုန်မြို့ရှိ COVID–19 ရောဂါကုသရေးဌာနများ၊ တပ်မတော် ဆေးရုံများမှ ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း (၄၇၉) ဦးတွင် –
  - ဆေးရုံများ – (၃၈၇) ဦး
  - COVID–19 ရောဂါကုသရေးဌာနများ (ရန်ကုန်မြို့) – (၉၂) ဦး ပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက်မှ ဓာတ်ခွဲအဖြေ Negative ထွက်ရှိခဲ့သဖြင့် အသွားအလာကန့်သတ်ထားရှိရာ နေရာများမှ ဆင်းခွင့်ပေးခဲ့ကာ နေအိမ်များတွင် ဆက်လက်၍ အသွားအလာကန့်သတ်ထားရှိသူ စုစုပေါင်း (၅၀၅) ဦး ရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၁၄-၁-၂၀၂၁) ရက်နေ့၊ ညနေ (၅:၃၀)နာရီ

၁။ (၂၃-၃-၂၀၂၀) ရက်နေ့မှ (၁၃-၁-၂၀၂၁) ရက်နေ့အထိ တွေ့ရှိရသော ဓာတ်ခွဲအတည်ပြုလူနာ (၁၃၂,၂၆၀) ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှု အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | မြို့နယ် | (၂၃-၃-၂၀) မှ (၁၃-၁-၂၁) အထိ | (၃၁-၁၂-၂၀၂၀) ရက်နေ့မှ (၁၃-၁-၂၀၂၁) ရက်နေ့အထိ | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | ၃၁-၁၂-၂၀ | ၁-၀၁-၂၁ | ၂-၀၁-၂၁ | ၃-၀၁-၂၁ | ၄-၀၁-၂၁ | ၅-၀၁-၂၁ | ၆-၀၁-၂၁ | ၇-၀၁-၂၁ | ၈-၀၁-၂၁ | ၉-၀၁-၂၁ | ၁၀-၀၁-၂၁ | ၁၁-၀၁-၂၁ | ၁၂-၀၁-၂၁ | ၁၃-၀၁-၂၁ |
| ၁။ | **ရန်ကုန်တိုင်းဒေသကြီး** | | | | | | | | | | | | | | | |
| ၁ | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၂,၀၃၈ | ၇ | ၄ | ၂ | ၀ | ၄ | ၇ | ၁၁ | ၄ | ၃ | ၃၄ | ၆၁ | ၁၄ | ၅ | ၁၅ |
| ၂ | မင်္ဂလာဒုံ | ၆,၀၀၇ | ၂၁ | ၉ | ၁၃ | ၂၁ | ၉ | ၁၄ | ၁၀ | ၂၂ | ၁၈ | ၆ | ၂၅ | ၁၄ | ၁၃ | ၁၂ |
| ၃ | တောင်ဥက္ကလာပ | ၂,၉၅၄ | ၅ | ၂ | ၃ | ၇ | ၁၄ | ၁၀ | ၅ | ၃ | ၁၀ | ၁၁ | ၃ | ၁ | ၆ | ၁၀ |
| ၄ | အင်းစိန် | ၄,၅၉၅ | ၁၃ | ၁ | ၂၈ | ၈ | ၅ | ၂ | ၈ | ၄ | ၁၀ | ၉ | ၇ | ၄ | ၀ | ၉ |
| ၅ | လှိုင်သာယာ | ၄,၇၉၁ | ၁၃ | ၄ | ၃ | ၅ | ၁၃ | ၆ | ၈ | ၁၅ | ၇ | ၉ | ၄ | ၅ | ၉ | ၇ |
| ၆ | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၂,၂၉၁ | ၁၃ | ၆ | ၁၉ | ၅ | ၆ | ၉ | ၇ | ၉ | ၁၁ | ၅ | ၁၅ | ၁၀ | ၆ | ၇ |
| ၇ | စမ်းချောင်း | ၂,၀၂၁ | ၁၅ | ၂ | ၃ | ၅ | ၁၁ | ၃ | ၅ | ၁၀ | ၅ | ၆ | ၇ | ၃ | ၄ | ၇ |
| ၈ | ရန်ကင်း | ၁,၂၉၀ | ၂ | ၄ | ၃ | ၀ | ၄ | ၆ | ၈ | ၇ | ၄ | ၆ | ၄ | ၄ | ၅ | ၇ |
| ၉ | မြောက်ဥက္ကလာပ** | ၅,၈၀၇ | ၆ | ၁၂ | ၁၁ | ၅ | ၃ | ၁၄ | ၁၅ | ၇ | ၁၈ | ၉ | ၁၂ | ၈ | ၁၄ | ၆ |
| ၁၀ | သင်္ဃန်းကျွန်း | ၄,၅၁၈ | ၄ | ၆ | ၂၂ | ၁၀ | ၁၃ | ၃၆ | ၇ | ၂၁ | ၁၂ | ၁၇ | ၇ | ၁၃ | ၁၆ | ၆ |
| ၁၁ | ရွှေပြည်သာ | ၃,၇၈၉ | ၁၇ | ၂ | ၈ | ၅ | ၁ | ၂ | ၅ | ၉ | ၃ | ၆ | ၆ | ၁ | ၃ | ၆ |
| ၁၂ | ကမာရွတ် | ၂,၄၇၉ | ၆ | ၁ | ၄ | ၆၅ | ၃ | ၃ | ၃ | ၄ | ၃ | ၁၃ | ၈ | ၂ | ၂ | ၆ |
| ၁၃ | သာကေတ | ၂,၃၈၂ | ၂ | ၃ | ၆ | ၃ | ၅ | ၃ | ၃ | ၈ | ၄ | ၃ | ၀ | ၉ | ၀ | ၆ |
| ၁၄ | မင်္ဂလာတောင်ညွန့် | ၁,၈၃၂ | ၂ | ၂ | ၅ | ၂ | ၁ | ၅ | ၈ | ၃ | ၁ | ၃ | ၄ | ၂ | ၃ | ၆ |
| ၁၅ | သန်လျင် | ၂,၈၄၅ | ၁၆ | ၅ | ၁ | ၆ | ၃ | ၂ | ၂ | ၆ | ၅ | ၁၂ | ၄ | ၆ | ၃ | ၄ |
| ၁၆ | လမ်းမတော် | ၁,၂၇၆ | ၃ | ၀ | ၁ | ၂ | ၇ | ၀ | ၁၀ | ၄ | ၁ | ၂ | ၂ | ၃ | ၃ | ၄ |
| ၁၇ | အလုံ | ၁,၀၈၇ | ၀ | ၀ | ၆ | ၄ | ၃ | ၂ | ၁ | ၂ | ၃ | ၂ | ၁ | ၁ | ၃ | ၄ |
| ၁၈ | ကျောက်တန်း | ၉၄၆ | ၃ | ၁ | ၁၀ | ၀ | ၆ | ၄ | ၇ | ၁၀ | ၂ | ၄ | ၇ | ၂ | ၆ | ၄ |
| ၁၉ | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၃,၁၆၁ | ၁၆ | ၁၄ | ၆ | ၅ | ၃ | ၁၆ | ၁၀ | ၁၇ | ၂ | ၇ | ၃ | ၃ | ၅ | ၃ |
| ၂၀ | မှော်ဘီ | ၂,၁၀၂ | ၇ | ၂၁ | ၁၁ | ၂၁ | ၁၄ | ၇ | ၁၁ | ၇ | ၂၈ | ၃ | ၁၀ | ၁၁ | ၇ | ၃ |
| ၂၁ | ပုဇွန်တောင် | ၈၀၅ | ၀ | ၂ | ၂ | ၀ | ၀ | ၁ | ၀ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၃ |
| ၂၂ | ဒဂုံ | ၆၉၇ | ၃ | ၂ | ၁ | ၁ | ၂ | ၂ | ၃ | ၂ | ၀ | ၁ | ၁ | ၂ | ၃ | ၃ |
| ၂၃ | တိုက်ကြီး | ၆၅၇ | ၂ | ၁ | ၃ | ၂ | ၀ | ၃ | ၁ | ၄ | ၁ | ၂ | ၄ | ၀ | ၂ | ၃ |
| ၂၄ | မရမ်းကုန်း | ၃,၈၂၄ | ၁၄ | ၆ | ၆ | ၅ | ၉ | ၅ | ၇ | ၁၅ | ၇ | ၃ | ၁၃ | ၉ | ၁၁ | ၂ |
| ၂၅ | ကြည့်မြင်တိုင် | ၂,၀၃၈ | ၅ | ၀ | ၃ | ၁ | ၂ | ၂ | ၂ | ၃ | ၈ | ၁ | ၈ | ၁ | ၇ | ၂ |
| ၂၆ | ဗဟန်း | ၁,၅၄၅ | ၃ | ၂ | ၄ | ၆ | ၃ | ၃ | ၄ | ၂ | ၉ | ၂ | ၂ | ၅ | ၇ | ၂ |
| ၂၇ | ဗိုလ်တထောင် | ၁,၁၆၈ | ၁ | ၃ | ၃ | ၀ | ၂ | ၁ | ၂ | ၆ | ၂ | ၂ | ၁ | ၁ | ၂ | ၂ |
| ၂၈ | လှည်းကူး | ၁,၁၁၀ | ၃ | ၁ | ၀ | ၆ | ၄ | ၁ | ၃ | ၁၈ | ၄ | ၅ | ၂ | ၆ | ၂ | ၂ |
| ၂၉ | ဒေါပုံ | ၁,၁၀၁ | ၁ | ၀ | ၆ | ၄ | ၀ | ၄ | ၃ | ၁ | ၃ | ၃ | ၂ | ၂ | ၀ | ၂ |
| ၃၀ | ကျောက်တံတား | ၆၃၄ | ၆ | ၁ | ၃ | ၁ | ၁ | ၀ | ၀ | ၀ | ၂ | ၁ | ၀ | ၂ | ၁ | ၂ |
| ၃၁ | တာမွေ | ၂,၉၉၉ | ၇ | ၅ | ၁၀ | ၁၅ | ၃ | ၁၈ | ၁၁ | ၁၂ | ၈ | ၁ | ၁၁ | ၇ | ၁၀ | ၁ |
| ၃၂ | ဒဂုံဆိပ်ကမ်း | ၁,၂၄၈ | ၁ | ၀ | ၁ | ၃ | ၈ | ၄ | ၀ | ၀ | ၄ | ၀ | ၀ | ၁ | ၁ | ၁ |
| ၃၃ | လသာ | ၇၈၅ | ၁ | ၀ | ၁ | ၀ | ၄ | ၀ | ၁ | ၂ | ၁ | ၄ | ၂ | ၂ | ၆ | ၁ |
| ၃၄ | ကွမ်းခြံကုန်း | ၂၉၄ | ၀ | ၁ | ၀ | ၀ | ၁ | ၃ | ၀ | ၁ | ၁ | ၀ | ၄ | ၃ | ၀ | ၁ |
| ၃၅ | လှိုင် | ၂,၉၅၀ | ၃ | ၁၄ | ၀ | ၂ | ၁ | ၂ | ၇ | ၈ | ၅ | ၄ | ၂ | ၄ | ၅ | ၀ |
| ၃၆ | ဒလ | ၁,၄၁၀ | ၁ | ၀ | ၂ | ၀ | ၁ | ၀ | ၂ | ၁ | ၂ | ၁ | ၀ | ၀ | ၀ | ၀ |
| ၃၇ | တွံတေး | ၉၂၃ | ၄ | ၁ | ၃ | ၃ | ၁ | ၀ | ၂ | ၀ | ၀ | ၁ | ၂ | ၀ | ၃ | ၀ |
| ၃၈ | ပန်းဘဲတန်း | ၈၇၈ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၁ | ၃ | ၅ | ၄ | ၁ | ၀ | ၁ | ၀ |
| ၃၉ | ထန်းတပင် | ၆၃၉ | ၁ | ၀ | ၃ | ၁ | ၂ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၂ | ၀ | ၀ |
| ၄၀ | ဆိပ်ကြီးခနောင်တို | ၄၃၈ | ၁ | ၀ | ၀ | ၀ | ၁ | ၃ | ၀ | ၀ | ၅ | ၀ | ၀ | ၀ | ၂ | ၀ |
| ၄၁ | ခရမ်း | ၄၃၆ | ၁ | ၀ | ၂ | ၁ | ၁ | ၃ | ၀ | ၀ | ၂ | ၀ | ၁ | ၁ | ၂ | ၀ |
| ၄၂ | သုံးခွ | ၄၁၉ | ၀ | ၁ | ၂ | ၁ | ၀ | ၁ | ၀ | ၀ | ၂ | ၀ | ၀ | ၁ | ၃ | ၀ |
| ၄၃ | ကော့မှူး | ၃၁၈ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၂ | ၀ |
| | * | ၂၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | **စုစုပေါင်း** | **၈၅,၅၄၈** | **၂၂၉** | **၁၃၉** | **၂၂၀** | **၂၃၂** | **၁၇၄** | **၂၁၀** | **၁၉၃** | **၂၅၂** | **၂၂၃** | **၂၀၃** | **၂၄၆** | **၁၆၅** | **၁၈၃** | **၁၅၉** |
| ၂။ | **မန္တလေးတိုင်းဒေသကြီး** | | | | | | | | | | | | | | | |
| ၄၄ | အောင်မြေသာစံ | ၂,၄၃၅ | ၃၇ | ၁၃ | ၁၁ | ၂၆ | ၁၀ | ၁၃ | ၂၁ | ၂၁ | ၂၂ | ၁၅ | ၁၁ | ၉ | ၁၇ | ၁၈ |
| ၄၅ | ချမ်းမြသာစည် | ၁,၈၉၉ | ၃၀ | ၁၀ | ၂၄ | ၆ | ၃၀ | ၁၃ | ၁၄ | ၁၄ | ၂၄ | ၂၃ | ၂၀ | ၂၆ | ၁၄ | ၁၈ |
| ၄၆ | ပုသိမ်ကြီး | ၆၄၆ | ၃၉ | ၄ | ၁၂ | ၂၄ | ၁၈ | ၇ | ၆ | ၃ | ၆ | ၆ | ၁၀ | ၄ | ၃ | ၁၈ |
| ၄၇ | ချမ်းအေးသာစံ | ၂,၆၄၁ | ၃၈ | ၁၂ | ၂၂ | ၃၃ | ၁၂ | ၁၉ | ၂၅ | ၁၅ | ၂၄ | ၁၂ | ၁၃ | ၂၀ | ၂၀ | ၉ |
| ၄၈ | အမရပူရ | ၁,၅၇၇ | ၁၈ | ၁၂ | ၁၉ | ၁၃ | ၁၃ | ၁၂ | ၁၄ | ၉ | ၂၀ | ၉ | ၁၀ | ၁၈ | ၆ | ၉ |
| ၄၉ | ပြည်ကြီးတံခွန် | ၉၃၇ | ၃၁ | ၁ | ၁၄ | ၇ | ၁၃ | ၉ | ၁၃ | ၁၁ | ၁၇ | ၁၂ | ၁၁ | ၁၄ | ၁၁ | ၈ |
| ၅၀ | ကျောက်ပန်းတောင်း | ၁၅၀ | ၄ | ၀ | ၀ | ၂ | ၈ | ၂ | ၀ | ၁ | ၁ | ၀ | ၃ | ၁၁ | ၀ | ၈ |
| ၅၁ | မြင်းခြံ | ၄၅၉ | ၁၇ | ၆ | ၆ | ၀ | ၉ | ၈ | ၁၀ | ၀ | ၁၂ | ၅ | ၁၁ | ၁ | ၀ | ၅ |
| ၅၂ | ကျောက်ဆည် | ၁၇၁ | ၆ | ၀ | ၉ | ၂ | ၁ | ၁ | ၁ | ၁ | ၂ | ၁ | ၂ | ၁ | ၂ | ၄ |
| ၅၃ | မဟာအောင်မြေ | ၂,၄၂၇ | ၅၁ | ၇ | ၁၅ | ၁၅ | ၂၂ | ၂၀ | ၁၄ | ၄ | ၁၅ | ၁၄ | ၁၆ | ၁၀ | ၁၅ | ၂ |
| ၅၄ | မိတ္ထီလာ | ၂၂၈ | ၆ | ၀ | ၂ | ၁ | ၀ | ၂ | ၀ | ၆ | ၀ | ၁ | ၁ | ၀ | ၃ | ၂ |
| ၅၅ | တံတားဦး | ၁၀၁ | ၄ | ၀ | ၀ | ၁ | ၃ | ၂ | ၈ | ၀ | ၆ | ၃ | ၂ | ၁ | ၅ | ၂ |
| ၅၆ | မြစ်သား | ၉၃ | ၄ | ၀ | ၁ | ၄ | ၀ | ၂ | ၁ | ၀ | ၀ | ၀ | ၂ | ၄ | ၂ | ၂ |
| ၅၇ | ဝမ်းတွင်း | ၈၅ | ၀ | ၀ | ၂ | ၃ | ၀ | ၀ | ၁ | ၀ | ၃ | ၁ | ၁ | ၂ | ၁ | ၂ |
| ၅၈ | စဉ့်ကိုင် | ၂၈၄ | ၇ | ၀ | ၀ | ၃ | ၃ | ၉ | ၆ | ၀ | ၂ | ၄ | ၁ | ၁ | ၁ | ၁ |
| ၅၉ | ငါန်းဇွန် | ၇၃ | ၀ | ၀ | ၂ | ၁ | ၀ | ၀ | ၁ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၁ |
| ၆၀ | မလှိုင် | ၄၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ |
| ၆၁ | မိုးကုတ် | ၄၃ | ၃ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ |
| ၆၂ | တောင်သာ | ၂၃၃ | ၀ | ၁ | ၄ | ၃ | ၂ | ၁၄ | ၀ | ၇ | ၁၂ | ၃ | ၆ | ၇ | ၉ | ၀ |
| ၆၃ | ပြင်ဦးလွင် | ၁၈၇ | ၀ | ၀ | ၀ | ၀ | ၁ | ၄ | ၁ | ၃ | ၄ | ၆ | ၂ | ၄ | ၃ | ၀ |
| ၆၄ | ညောင်ဦး | ၁၃၃ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၃ | ၀ | ၁ | ၁ | ၀ |
| ၆၅ | သာစည် | ၁၁၆ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၁ | ၂ | ၀ | ၁ | ၀ | ၀ | ၀ |
| ၆၆ | ပျော်ဘွယ် | ၁၀၇ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၂ | ၀ | ၀ | ၀ |
| ၆၇ | မတ္တရာ | ၁၁၅ | ၁ | ၀ | ၀ | ၁ | ၁ | ၀ | ၁ | ၁ | ၂ | ၁ | ၀ | ၃ | ၉ | ၀ |
| ၆၈ | နွားထိုးကြီး | ၉၆ | ၀ | ၂ | ၀ | ၂ | ၂ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၁ | ၂ | ၀ |
| ၆၉ | ရမည်းသင်း | ၉၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၇၀ | သပိတ်ကျင်း | ၄၃ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၃ | ၁ | ၀ | ၁ | ၀ | ၅ | ၀ | ၀ |
| ၇၁ | စဉ့်ကူး | ၁၇ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၅ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| | **စုစုပေါင်း** | **၁၅,၄၂၉** | **၂၉၈** | **၆၉** | **၁၄၃** | **၁၅၀** | **၁၄၉** | **၁၃၈** | **၁၄၀** | **၁၀၅** | **၁၇၈** | **၁၂၂** | **၁၂၅** | **၁၄၃** | **၁၂၄** | **၁၁၁** |
| ၃။ | **ပဲခူးတိုင်းဒေသကြီး** | | | | | | | | | | | | | | | |
| ၇၂ | ဖြူး | ၄၅၃ | ၄ | ၄ | ၄ | ၁၃ | ၂ | ၁၀ | ၅ | ၁ | ၁၄ | ၄ | ၆ | ၀ | ၄ | ၃၂ |
| ၇၃ | ပဲခူး | ၃,၁၅၈ | ၄၆ | ၄၄ | ၂၅ | ၇၁ | ၅၀ | ၂၇ | ၉၁ | ၂၈ | ၅၂ | ၂၈ | ၂၉ | ၂၀ | ၂၆ | ၁၀ |
| ၇၄ | ပြည် | ၂၁၅ | ၀ | ၄ | ၁ | ၁ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၅ | ၂ | ၇ |
| ၇၅ | တောင်ငူ | ၁၈၉ | ၀ | ၀ | ၀ | ၁ | ၂ | ၁ | ၁ | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၅ |
| ၇၆ | ညောင်လေးပင် | ၂၄၆ | ၁ | ၃ | ၄ | ၁ | ၁ | ၅ | ၀ | ၁ | ၀ | ၀ | ၁၃ | ၀ | ၀ | ၄ |
| ၇၇ | သာယာဝတီ | ၅၁၆ | ၀ | ၀ | ၁ | ၁၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁၁ | ၀ | ၁ | ၁ | ၂ |
| ၇၈ | မင်းလှ | ၂၃၃ | ၀ | ၀ | ၀ | ၀ | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ |
| ၇၉ | ကဝ | ၃၇၆ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၁ |
| ၈၀ | ကျောက်တံခါး | ၃၃၅ | ၂ | ၀ | ၂ | ၀ | ၃ | ၀ | ၀ | ၁ | ၂ | ၀ | ၀ | ၀ | ၁၁ | ၁ |
| ၈၁ | သနပ်ပင် | ၁၈၄ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၁၅ | ၀ | ၀ | ၁ | ၁ | ၁ |
| ၈၂ | နတ်တလင်း | ၁၃၄ | ၀ | ၀ | ၀ | ၂ | ၁ | ၀ | ၀ | ၁ | ၀ | ၃ | ၃ | ၀ | ၀ | ၁ |
| ၈၃ | ကြို့ပင်ကောက် | ၁၂၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ |
| ၈၄ | လက်ပံတန်း | ၄၆၀ | ၉ | ၁၁ | ၂ | ၀ | ၃ | ၀ | ၀ | ၈ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၈၅ | ဝေါ | ၄၂၉ | ၃ | ၀ | ၀ | ၁ | ၁ | ၅ | ၁ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ |
| ၈၆ | ဒိုက်ဦး | ၂၂၁ | ၁ | ၁ | ၁ | ၀ | ၀ | ၁ | ၁ | ၅ | ၄ | ၂ | ၀ | ၂ | ၂ | ၀ |
| ၈၇ | အုတ်ဖို | ၁၉၄ | ၀ | ၁ | ၀ | ၂ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၂ | ၂ | ၀ | ၀ |
| ၈၈ | ရေတာရှည် | ၁၇၀ | ၁ | ၀ | ၀ | ၁ | ၁ | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၈၉ | ရွှေတောင် | ၁၇၀ | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၃ | ၀ |
| ၉၀ | မိုးညို | ၁၁၅ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၉၁ | ပေါင်းတည် | ၁၁၅ | ၂ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၃ | ၀ | ၀ | ၀ | ၀ |
| ၉၂ | အုတ်တွင်း | ၁၁၂ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၁ | ၀ |
| ၉၃ | ပန်းတောင်း | ၉၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၉၄ | သဲကုန်း | ၉၇ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၃ | ၀ | ၀ | ၀ | ၀ |
| ၉၅ | ဇီးကုန်း | ၇၉ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ |
| ၉၆ | ရွှေကျင် | ၇၂ | ၀ | ၀ | ၀ | ၀ | ၉ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ |
| ၉၇ | ထန်းတပင် | ၄၉ | ၀ | ၀ | ၀ | ၁ | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၉၈ | ပေါက်ခေါင်း | ၄၇ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၉၉ | ကျောက်ကြီး | ၄၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | **စုစုပေါင်း** | **၈,၆၃၇** | **၇၃** | **၆၉** | **၄၁** | **၁၁၀** | **၈၁** | **၅၃** | **၁၀၁** | **၄၇** | **၉၄** | **၅၇** | **၅၆** | **၃၁** | **၅၁** | **၆၇** |
| ၄။ | **ဧရာဝတီတိုင်းဒေသကြီး** | | | | | | | | | | | | | | | |
| ၁၀၀ | ပုသိမ် | ၇၃၉ | ၁၁ | ၈ | ၁၅ | ၁၂ | ၆ | ၁၂ | ၈ | ၂၁ | ၆ | ၄ | ၃ | ၁၀ | ၉ | ၁၇ |
| ၁၀၁ | ဟင်္သာတ | ၆၆၆ | ၅၄ | ၁၂ | ၂ | ၅ | ၂၇ | ၄ | ၁၄ | ၃ | ၇ | ၇ | ၃၂ | ၆၉ | ၁၀ | ၄ |
| ၁၀၂ | ကျိုက်လတ် | ၂၄၇ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၁ | ၀ | ၄ | ၀ | ၀ | ၀ | ၄ |
| ၁၀၃ | ဓနုဖြူ | ၄၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၃ |
| ၁၀၄ | ကျုံပျော် | ၂၇၄ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၂ | ၀ | ၀ | ၀ | ၂ |
| ၁၀၅ | ဖျာပုံ | ၂၂၄ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၇ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၂ |
| ၁၀၆ | လပွတ္တာ | ၂၄၄ | ၁၁ | ၀ | ၀ | ၂ | ၂ | ၁၄ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၁ |
| ၁၀၇ | ဘိုကလေး | ၂၆၁ | ၁ | ၀ | ၀ | ၂ | ၁ | ၁ | ၁၁ | ၁၃ | ၄ | ၀ | ၁ | ၀ | ၂၈ | ၁ |
| ၁၀၈ | ပန်းတနော် | ၃၈ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ |
| ၁၀၉ | မအူပင် | ၅၀၄ | ၁ | ၂ | ၀ | ၁ | ၁ | ၂ | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၀ |
| ၁၁၀ | မော်လမြိုင်ကျွန်း | ၄၉၄ | ၀ | ၂ | ၀ | ၉ | ၀ | ၁ | ၈ | ၁ | ၀ | ၁ | ၀ | ၃ | ၀ | ၀ |
| ၁၁၁ | ဒေးဒရဲ | ၄၁၂ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၃ | ၀ |
| ၁၁၂ | ညောင်တုန်း | ၂၄၁ | ၁ | ၀ | ၀ | ၀ | ၉ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၀ |
| ၁၁၃ | မြောင်းမြ | ၂၁၅ | ၀ | ၀ | ၃ | ၅ | ၀ | ၀ | ၃ | ၄ | ၀ | ၂ | ၀ | ၂ | ၃ | ၀ |
| ၁၁၄ | ရေကြည် | ၁၃၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၁၅ | ဝါးခယ်မ | ၁၀၃ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၁၆ | ဓနုဖြူ | ၁၀၄ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၅ | ၂ | ၀ | ၃ | ၀ |
| ၁၁၇ | အင်္ဂပူ | ၁၀၅ | ၃ | ၀ | ၁ | ၁၅ | ၁ | ၀ | ၃ | ၂၈ | ၃ | ၀ | ၇ | ၀ | ၇ | ၀ |
| ၁၁၈ | ကျောင်းကုန်း | ၈၃ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၁၉ | ကန်ကြီးထောင့် | ၆၇ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၂၀ | အိမ်မဲ | ၆၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ |
| ၁၂၁ | လေးမျက်နှာ | ၄၆ | ၂ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၃ | ၀ | ၀ |
| ၁၂၂ | မြန်အောင် | ၄၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၂၃ | ကြံခင်း | ၃၃ | ၀ | ၂ | ၀ | ၀ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၄ | ၀ | ၀ | ၀ |
| ၁၂၄ | သာပေါင်း | ၂၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၂၅ | ငပုတော | ၁၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | **စုစုပေါင်း** | **၅,၄၀၇** | **၈၅** | **၂၇** | **၂၂** | **၅၆** | **၅၀** | **၃၆** | **၆၀** | **၇၇** | **၂၂** | **၂၅** | **၅၂** | **၈၇** | **၆၅** | **၃၅** |
| ၅။ | **ရခိုင်ပြည်နယ်** | | | | | | | | | | | | | | | |
| ၁၂၆ | စစ်တွေ | ၁,၅၄၉ | ၁ | ၁ | ၀ | ၀ | ၀ | ၈ | ၃ | ၀ | ၅ | ၀ | ၀ | ၅ | ၅ | ၄ |
| ၁၂၇ | မြောက်ဦး | ၂၆၂ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၃ |
| ၁၂၈ | အမ်း | ၁၇၁ | ၀ | ၁ | ၁၈ | ၂ | ၀ | ၀ | ၁ | ၀ | ၁ | ၀ | ၁ | ၀ | ၀ | ၁ |
| ၁၂၉ | သံတွဲ | ၁၁၈ | ၁ | ၀ | ၀ | ၁ | ၂ | ၀ | ၁ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၁ |

စာမျက်နှာ ၁၇ သို့

*စာမျက်နှာ ၁၆ မှ*

| စဉ် | မြို့နယ် | (၂၃-၃-၂၀) မှ (၁၃-၁-၂၁) အထိ | (၃၁-၁၂-၂၀၂၀) ရက်နေ့မှ (၁၃-၁-၂၀၂၁) ရက်နေ့အထိ | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | ၃၁-၁၂-၂၀ | ၁-၀၁-၂၁ | ၂-၀၁-၂၁ | ၃-၀၁-၂၁ | ၄-၀၁-၂၁ | ၅-၀၁-၂၁ | ၆-၀၁-၂၁ | ၇-၀၁-၂၁ | ၈-၀၁-၂၁ | ၉-၀၁-၂၁ | ၁၀-၀၁-၂၁ | ၁၁-၀၁-၂၁ | ၁၂-၀၁-၂၁ | ၁၃-၀၁-၂၁ |
| ၁၃၀ | မင်းပြား | ၉၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ |
| ၁၃၁ | ကျောက်ဖြူ | ၄၄၅ | ၂ | ၁ | ၀ | ၂ | ၀ | ၁ | ၀ | ၀ | ၁ | ၂ | ၀ | ၀ | ၀ | ၀ |
| ၁၃၂ | မောင်တော | ၃၉၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၃၃ | ကျောက်တော် | ၂၆၃ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၃၄ | ဘူးသီးတောင် | ၁၉၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၃၅ | တောင်ကုတ် | ၁၈၀ | ၂ | ၀ | ၀ | ၀ | ၁ | ၃ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ |
| ၁၃၆ | ရသေ့တောင် | ၁၄၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၃၇ | ပေါက်တော | ၁၂၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၃၈ | ပုဏ္ဏားကျွန်း | ၁၀၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၃၉ | မြေပုံ | ၉၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၄၀ | ဂွ | ၃၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၄၁ | ရမ်းဗြဲ | ၂၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၄၂ | မာန်အောင် | ၁၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | **စုစုပေါင်း** | **၄,၂၁၈** | **၆** | **၃** | **၂၁** | **၅** | **၃** | **၁၂** | **၇** | **၀** | **၉** | **၂** | **၁** | **၅** | **၆** | **၁၀** |
| **၆။** | **မကွေးတိုင်းဒေသကြီး** | | | | | | | | | | | | | | | |
| ၁၄၃ | မင်းဘူး | ၂၂၅ | ၁ | ၀ | ၃ | ၀ | ၁ | ၆ | ၃ | ၁ | ၀ | ၄ | ၃ | ၀ | ၀ | ၁၄ |
| ၁၄၄ | အောင်လံ | ၅၉၄ | ၁ | ၁ | ၁၀ | ၃ | ၄ | ၂ | ၁ | ၄ | ၀ | ၁၂ | ၂ | ၁ | ၈ | ၅ |
| ၁၄၅ | တောင်တွင်းကြီး | ၂၅၀ | ၁ | ၀ | ၄ | ၅ | ၅ | ၂ | ၀ | ၁ | ၁ | ၃ | ၁ | ၀ | ၀ | ၄ |
| ၁၄၆ | မြိုင် | ၉၂ | ၂ | ၀ | ၃ | ၁ | ၀ | ၃ | ၀ | ၀ | ၀ | ၄ | ၀ | ၁ | ၂ | ၄ |
| ၁၄၇ | ပွင့်ဖြူ | ၈၇ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၂ | ၂ | ၀ | ၀ | ၀ | ၄ |
| ၁၄၈ | စလင်း | ၂၇၆ | ၀ | ၀ | ၁၄ | ၆ | ၁ | ၁၉ | ၂ | ၁ | ၀ | ၁၂ | ၁၁ | ၀ | ၂ | ၃ |
| ၁၄၉ | မြို့သစ် | ၂၃၄ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၂ |
| ၁၅၀ | နတ်မောက် | ၂၀၀ | ၀ | ၀ | ၀ | ၀ | ၂ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၂ |
| ၁၅၁ | မကွေး | ၃၉၁ | ၀ | ၀ | ၈ | ၁ | ၉ | ၆ | ၁၀ | ၈ | ၆ | ၀ | ၂ | ၀ | ၂ | ၁ |
| ၁၅၂ | ရေနံချောင်း | ၁၄၄ | ၀ | ၀ | ၀ | ၀ | ၃ | ၂ | ၀ | ၀ | ၀ | ၅ | ၁ | ၀ | ၂ | ၁ |
| ၁၅၃ | ပခုက္ကူ | ၁၃၂ | ၁ | ၀ | ၃ | ၁ | ၃ | ၂ | ၀ | ၀ | ၁ | ၁ | ၀ | ၁ | ၂ | ၁ |
| ၁၅၄ | ချောက် | ၁၂၇ | ၀ | ၀ | ၂ | ၁ | ၁၁ | ၂ | ၁ | ၀ | ၀ | ၅ | ၀ | ၀ | ၀ | ၀ |
| ၁၅၅ | ဂန့်ဂေါ | ၆၉ | ၀ | ၀ | ၃ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၅၆ | သရက် | ၆၈ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ |
| ၁၅၇ | ဆိပ်ဖြူ | ၄၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၆ | ၅ | ၁ | ၂ | ၁ | ၀ |
| ၁၅၈ | ဆင်ပေါင်ဝဲ | ၃၉ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| ၁၅၉ | ရေစကြို | ၃၆ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၄ | ၀ | ၀ | ၀ | ၀ |
| ၁၆၀ | မင်းလှ | ၃၇ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၄ | ၁ | ၀ | ၁ | ၀ |
| ၁၆၁ | ပေါက် | ၃၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၆၂ | ကံမ | ၁၉ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၆၃ | ငဖဲ | ၁၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၆၄ | ဆော | ၁၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၆၅ | စေတုတ္တရာ | ၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၆၆ | ထီးလင်း | ၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၆၇ | မင်းတုန်း | ၆ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | **စုစုပေါင်း** | **၃,၁၄၆** | **၆** | **၂** | **၅၆** | **၂၀** | **၄၀** | **၄၇** | **၁၉** | **၁၇** | **၁၆** | **၆၂** | **၂၃** | **၆** | **၂၀** | **၄၁** |
| **၇။** | **မွန်ပြည်နယ်** | | | | | | | | | | | | | | | |
| ၁၆၈ | မော်လမြိုင် | ၁,၃၁၁ | ၁၅ | ၁၇ | ၁၀ | ၄၂ | ၂၀ | ၂၈ | ၂၃ | ၂၉ | ၄၂ | ၂၉ | ၉ | ၃၉ | ၂၆ | ၂၃ |
| ၁၆၉ | သထုံ | ၄၇၆ | ၂ | ၀ | ၁ | ၂ | ၀ | ၂ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၂ |
| ၁၇၀ | ရေး | ၁၀၃ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၁ |
| ၁၇၁ | ချောင်းဆုံ | ၄၇ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၁ | ၁ | ၀ | ၀ | ၀ | ၁ | ၁ |
| ၁၇၂ | ကျိုက်ထို | ၃၀၈ | ၀ | ၀ | ၀ | ၂ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၇၃ | ဘီးလင်း | ၁၆၅ | ၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ |
| ၁၇၄ | ပေါင် | ၁၃၂ | ၀ | ၄ | ၀ | ၃ | ၁ | ၄ | ၀ | ၁ | ၂ | ၂ | ၁ | ၁ | ၀ | ၀ |
| ၁၇၅ | သံဖြူဇရပ် | ၆၃ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၇၆ | ကျိုက်မရော | ၆၄ | ၀ | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၃ | ၁ | ၀ | ၀ | ၁ | ၀ |
| ၁၇၇ | မုဒုံ | ၆၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၁ | ၀ | ၀ | ၂ | ၃ | ၀ |
| | **စုစုပေါင်း** | **၂,၇၃၅** | **၂၃** | **၂၁** | **၁၂** | **၄၉** | **၂၂** | **၃၈** | **၂၆** | **၃၆** | **၄၉** | **၃၄** | **၁၀** | **၄၂** | **၃၂** | **၂၇** |
| **၈။** | **စစ်ကိုင်းတိုင်းဒေသကြီး** | | | | | | | | | | | | | | | |
| ၁၇၈ | မုံရွာ | ၁၈၀ | ၂ | ၄ | ၅ | ၁ | ၅ | ၀ | ၃ | ၀ | ၂ | ၇ | ၅ | ၃ | ၇ | ၈ |
| ၁၇၉ | ကလေး | ၄၂၃ | ၆ | ၀ | ၃ | ၂ | ၁ | ၄ | ၀ | ၀ | ၉ | ၂ | ၂ | ၆ | ၄ | ၇ |
| ၁၈၀ | စစ်ကိုင်း | ၄၉၄ | ၁၈ | ၀ | ၁ | ၁ | ၉ | ၂ | ၂ | ၁၁ | ၁ | ၃ | ၆ | ၂ | ၄ | ၅ |
| ၁၈၁ | ကလေးဝ | ၁၄ | ၁ | ၀ | ၇ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၅ |
| ၁၈၂ | ဟုမ္မလင်း | ၃၄ | ၀ | ၀ | ၀ | ၃ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၃ |
| ၁၈၃ | ကန့်ဘလူ | ၈၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၄ | ၁ | ၃ |
| ၁၈၄ | ဆားလင်းကြီး | ၆၉ | ၀ | ၁၁ | ၄ | ၀ | ၀ | ၃ | ၀ | ၀ | ၆ | ၁ | ၀ | ၀ | ၂ | ၂ |
| ၁၈၅ | ရွှေဘို | ၂၁၃ | ၀ | ၀ | ၁ | ၁ | ၀ | ၈ | ၁ | ၂ | ၅ | ၃ | ၀ | ၆ | ၀ | ၁ |
| ၁၈၆ | ချောင်းဦး | ၃၇ | ၀ | ၁ | ၀ | ၁ | ၂ | ၁ | ၃ | ၀ | ၁ | ၁ | ၀ | ၁ | ၀ | ၁ |
| ၁၈၇ | တမူး | ၉၇ | ၁ | ၀ | ၁ | ၀ | ၁ | ၂ | ၀ | ၄ | ၁ | ၄ | ၄ | ၀ | ၄ | ၀ |
| ၁၈၈ | ယင်းမာပင် | ၈၅ | ၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၈၉ | တန့်ဆည် | ၄၈ | ၅ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၉၀ | အင်းတော် | ၃၉ | ၅ | ၀ | ၀ | ၀ | ၁၀ | ၁ | ၂ | ၀ | ၃ | ၂ | ၀ | ၀ | ၀ | ၀ |
| ၁၉၁ | ဒီပဲယင်း | ၃၆ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၉၂ | ပုလဲ | ၃၅ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ |
| ၁၉၃ | ရေဦး | ၃၁ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၉၄ | မင်းကင်း | ၃၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၉၅ | ဝက်လက် | ၃၃ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၃ | ၀ |
| ၁၉၆ | ကောလင်း | ၂၇ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၁ | ၀ | ၀ | ၀ |
| ၁၉၇ | မြင်းမူ | ၂၇ | ၅ | ၁ | ၀ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ |
| ၁၉၈ | ကသာ | ၂၆ | ၁ | ၀ | ၃ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| ၁၉၉ | ခင်ဦး | ၂၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၀၀ | ကနီ | ၂၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၀၁ | ဘုတလင် | ၂၅ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ |
| ၂၀၂ | ကျွန်းလှ | ၂၁ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၀ |
| ၂၀၃ | မြောင် | ၁၈ | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၁ | ၀ |
| ၂၀၄ | အရာတော် | ၁၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ |
| ၂၀၅ | ဝန်းသို | ၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၁ | ၀ | ၀ | ၀ |
| ၂၀၆ | ဖောင်းပြင် | ၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၀၇ | နန်းယွန်း | ၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၀၈ | ထီးချိုင့် | ၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၀၉ | ခန္တီး | ၃ | ၀ | | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၁၀ | လေရှီး | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၁၁ | ဗန်းမောက် | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၁၂ | မော်လိုက် | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၁၃ | ပင်လည်ဘူး | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | **စုစုပေါင်း** | **၂,၂၁၇** | **၅၆** | **၂၀** | **၃၀** | **၁၄** | **၃၁** | **၂၂** | **၁၁** | **၂၀** | **၃၅** | **၂၅** | **၂၁** | **၂၅** | **၂၈** | **၃၅** |
| **၉။** | **ကရင်ပြည်နယ်** | | | | | | | | | | | | | | | |
| ၂၁၄ | ဘားအံ | ၅၃၂ | ၀ | ၉ | ၀ | ၁ | ၂ | ၃၂ | ၁ | ၁ | ၃၀ | ၂ | ၀ | ၁ | ၀ | ၁ |
| ၂၁၅ | သံတောင်ကြီး | ၁၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ |
| ၂၁၆ | မြဝတီ | ၃၇၈ | ၀ | ၀ | ၀ | ၁၂ | ၂ | ၁ | ၀ | ၁၂ | ၃ | ၀ | ၀ | ၁၁ | ၀ | ၀ |
| ၂၁၇ | ကော့ကရိတ် | ၂၁၇ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ |
| ၂၁၈ | လှိုင်းဘွဲ့ | ၇၇ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၃ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၁၉ | ကြာအင်းဆိပ်ကြီး | ၁၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၂၀ | ဖာပွန် | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | **စုစုပေါင်း** | **၁,၂၂၉** | **၀** | **၉** | **၀** | **၁၃** | **၄** | **၃၃** | **၁** | **၁၅** | **၃၇** | **၂** | **၀** | **၁၃** | **၀** | **၂** |
| **၁၀။** | **နေပြည်တော်** | | | | | | | | | | | | | | | |
| ၂၂၁ | ဇေယျာသီရိ | ၄၇၃ | ၃၇ | ၃၀ | ၁၃ | ၂၅ | ၀ | ၂၆ | ၁ | ၈ | ၀ | ၆ | ၂ | ၂၅ | ၁၉ | ၁ |
| ၂၂၂ | ဇမ္ဗူသီရိ | ၂၂၆ | ၂ | ၀ | ၀ | ၁ | ၂ | ၁ | ၁ | ၁ | ၁ | ၀ | ၁ | ၀ | ၀ | ၁ |
| ၂၂၃ | ဥတ္တရသီရိ | ၄၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ |
| ၂၂၄ | ပုဗ္ဗသီရိ | ၁၁၄ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ |
| ၂၂၅ | လယ်ဝေး | ၁၀၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၀ |
| ၂၂၆ | ပျဉ်းမနား | ၉၇ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ |
| ၂၂၇ | တပ်ကုန်း | ၄၈ | ၁ | ၁ | ၀ | ၀ | ၀ | ၆ | ၀ | ၀ | ၅ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၂၈ | ဒက္ခိဏသီရိ | ၃၅ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | * | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | **စုစုပေါင်း** | **၁,၁၃၆** | **၄၁** | **၃၁** | **၁၄** | **၂၇** | **၃** | **၃၅** | **၃** | **၁၀** | **၆** | **၆** | **၅** | **၂၇** | **၁၉** | **၃** |
| **၁၁။** | **ကချင်ပြည်နယ်** | | | | | | | | | | | | | | | |
| ၂၂၉ | ဖားကန့် | ၄၃၇ | ၂ | ၀ | ၀ | ၀ | ၄ | ၁ | ၆ | ၄ | ၁ | ၂ | ၂ | ၂ | ၆ | ၅ |
| ၂၃၀ | မြစ်ကြီးနား | ၁၀၉ | ၄ | ၄ | ၁ | ၀ | ၁၀ | ၃ | ၀ | ၀ | ၁ | ၀ | ၀ | ၃ | ၂ | ၅ |
| ၂၃၁ | မိုးညှင်း | ၄၄ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ |
| ၂၃၂ | ဗန်းမော် | ၁၉ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၂ | ၀ | ၂ | ၀ | ၀ | ၀ | ၁ |
| ၂၃၃ | မိုးကောင်း | ၁၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၁ |
| ၂၃၄ | ရွှေကူ | ၂၁ | ၀ | ၀ | ၀ | ၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ |
| ၂၃၅ | ဝိုင်းမော် | ၁၄ | ၀ | ၀ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ |
| ၂၃၆ | မိုးမောက် | ၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၃၇ | ပူတာအို | ၂ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၃၈ | တနိုင်း | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၃၉ | ဆွမ်ပရာဘွမ် | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | **စုစုပေါင်း** | **၆၇၃** | **၆** | **၄** | **၃** | **၁၀** | **၁၆** | **၄** | **၆** | **၇** | **၂** | **၄** | **၂** | **၈** | **၁၀** | **၁၃** |
| **၁၂။** | **တနင်္သာရီတိုင်းဒေသကြီး** | | | | | | | | | | | | | | | |
| ၂၄၀ | မြိတ် | ၃၀၅ | ၁၇ | ၀ | ၀ | ၅ | ၀ | ၃ | ၀ | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၃ |
| ၂၄၁ | ထားဝယ် | ၁၁၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၁ | ၀ | ၀ | ၀ |
| ၂၄၂ | လောင်းလုံ | ၄၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၀ |
| ၂၄၃ | ပုလော | ၄၃ | ၁ | ၀ | ၀ | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၄၄ | ရေဖြူ | ၂၇ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၄၅ | ကော့သောင်း | ၂၃ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၄၆ | သရက်ချောင်း | ၁၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၄၇ | ကျွန်းစု | ၁၄ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၄၈ | ဘုတ်ပြင်း | ၁၂ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၄၉ | တနင်္သာရီ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | **စုစုပေါင်း** | **၅၉၇** | **၂၃** | **၀** | **၀** | **၉** | **၀** | **၃** | **၀** | **၄** | **၁** | **၁** | **၁** | **၀** | **၁** | **၃** |
| **၁၃။** | **ချင်းပြည်နယ်** | | | | | | | | | | | | | | | |
| ၂၅၀ | တီးတိန် | ၁၂၄ | ၀ | ၁၄ | ၀ | ၅ | ၄ | ၂ | ၇ | ၀ | ၉ | ၁ | ၀ | ၂၀ | ၁ | ၁ |
| ၂၅၁ | မင်းတပ် | ၄၃ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၅၂ | မတူပီ | ၂၉ | ၀ | ၀ | ၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၅၃ | ပလက်ဝ | ၂၆ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ |
| ၂၅၄ | တွန်းဇံ | ၂၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ |
| ၂၅၅ | ဟားခါး | ၂၃ | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ |
| ၂၅၆ | ဖလမ်း | ၂၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၂ | ၃ | ၀ |
| ၂၅၇ | ကန်ပက်လက် | ၇ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ |
| ၂၅၈ | ထန်တလန် | ၅ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ |
| | **စုစုပေါင်း** | **၃၀၁** | **၃** | **၁၄** | **၈** | **၇** | **၄** | **၂** | **၉** | **၀** | **၉** | **၂** | **၂** | **၂၅** | **၅** | **၁** |
| **၁၄။** | **ရှမ်းပြည်နယ် (တောင်ပိုင်း)** | | | | | | | | | | | | | | | |
| ၂၅၉ | တောင်ကြီး | ၂၃၂ | ၃၁ | ၂ | ၄ | ၁ | ၃ | ၉ | ၁၀ | ၁ | ၀ | ၁၃ | ၁ | ၀ | ၀ | ၅ |
| ၂၆၀ | ရွာငံ | ၅၄ | ၁ | ၁ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၂ | ၁ | ၀ | ၀ | ၀ | ၃ |
| ၂၆၁ | ကလော | ၉၉ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၂ |
| ၂၆၂ | ပင်လောင်း | ၂၂ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၁ |
| ၂၆၃ | ဟိုပုံး | ၁၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ |
| ၂၆၄ | ရပ်စောက် | ၃၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၅ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၆၅ | လွိုင်လင် | ၂၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ |

*စာမျက်နှာ ၁၈ သို့*

# ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် မြန်မာသင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်ခဲ့

**နေပြည်တော် ဇန်နဝါရီ ၁၄**

နိုင်ငံတကာခရီးသည်တင်လေယာဉ်များ ပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ပြင်သစ်၊ စပိန်နှင့် အနီးတစ်ဝိုက်ဒေသတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသား ၂၈ ဦးအား ပါရီမြို့ရှိ မြန်မာသံရုံးမှ စီစဉ်သည့် Amelia လေကြောင်းလိုင်း စင်းလုံးငှား အထူးကယ်ဆယ်ရေးလေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

ထို့ပြင် ဂျပန်နိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၇၉ ဦးအား တိုကျိုမြို့ရှိ မြန်မာသံရုံးမှ စီစဉ်သည့် (၁၉)ကြိမ်မြောက် All Nippon Airways လေကြောင်းလိုင်း(ANA) ကယ်ဆယ်ရေးလေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညနေ ၅ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။ **(ယာပုံ)**

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေး၊ သီးသန့်စီစဉ်ပေးသည့်နေရာ / သတ်မှတ်ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ၁၄ ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ၇ ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် သင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာ နိုင်ငံများရှိ မြန်မာသံရုံးများ၊ သင်္ဘောကုမ္ပဏီများ/ အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



## COVID-19 Call Center ကို နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထား

**နေပြည်တော် ဇန်နဝါရီ ၁၄**

COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်အတွက် COVID – 19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ လေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID-19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နံနက် ၈ နာရီမှ ည ၈ နာရီအထိ ဖွင့်လှစ်ခဲ့ပြီး ယခုအခါ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်းဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။

**သတင်းစဉ်**

## ၁၄-၁ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုးကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၃၆၃၁၆၅၅ | ၁၃၉၈၈၆၇၀ | ၃၉၄၃၀၀ |
| ၂။ | အိန္ဒိယ | ၁၀၅၂၅၄၅၂ | ၁၀၁၅၇၈၇၉ | ၁၅၁၉၁၀ |
| ၃။ | ဘရာဇီး | ၈၂၅၇၄၅၉ | ၇၂၇၇၁၉၅ | ၂၀၆၀၀၉ |
| ၄။ | ရုရှား | ၃၄၉၅၈၁၆ | ၂၈၈၂၀၄၄ | ၆၃၉၄၀ |
| ၅။ | ဗြိတိန် | ၃၂၁၁၅၇၆ | ၁၄၀၆၉၆၇ | ၈၄၇၆၇ |
| ၆။ | ပြင်သစ် | ၂၈၃၀၄၄၂ | ၂၀၅၆၇၂ | ၆၉၀၃၁ |
| ၇။ | တူရကီ | ၂၃၅၅၈၃၉ | ၂၂၂၇၉၂၇ | ၂၃၃၂၅ |
| ၈။ | အီတလီ | ၂၃၁၉၀၃၆ | ၁၆၇၃၉၃၆ | ၈၀၃၂၆ |
| ၉။ | စပိန် | ၂၁၇၆၀၈၉ | စိစစ်ဆဲ | ၅၂၈၇၈ |
| ၁၀။ | ဂျာမနီ | ၁၉၉၁၄၆၄ | ၁၆၂၀၂၀၀ | ၄၄၈၆၀ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၄- ၁ - ၂၀၂၁

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၈၆၉၆၀၀ | ၇၁၁၂၀၅ | ၂၅၂၄၆ |
| ဖိလစ်ပိုင် | ၄၉၄၆၀၅ | ၄၅၉၂၅၂ | ၉၇၃၉ |
| မလေးရှား | ၁၄၇၈၅၅ | ၁၁၃၂၈၈ | ၅၇၈ |
| မြန်မာ | ၁၃၂၈၆၅ | ၁၁၆၁၀၀ | ၂၉၁၂ |
| စင်ကာပူ | ၅၉၀၂၉ | ၅၈၇၅၇ | ၂၉ |
| ထိုင်း | ၁၁၂၆၂ | ၇၆၆၀ | ၆၉ |
| ဗီယက်နမ် | ၁၅၃၁ | ၁၃၆၉ | ၃၅ |
| ကမ္ဘောဒီးယား | ၄၁၁ | ၃၇၇ | ၀ |
| ဘရူနိုင်း | ၁၇၄ | ၁၆၈ | ၃ |
| လာအို | ၄၁ | ၄၁ | ၀ |

*စာမျက်နှာ ၁၇ မှ*

| | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၂၆၆ | ဆီဆိုင် | ၁၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၆၇ | ပင်းတယ | ၁၄ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၆၈ | ညောင်ရွှေ | ၁၂ | ၀ | ၀ | ၀ | ၀ | ၁ | ၂ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၆၉ | နမ့်စန် | ၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၇၀ | ဖယ်ခုံ | ၇ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၇၁ | မိုးနဲ | ၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၇၂ | မိုင်းရှူး | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၇၃ | လင်းခေး | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၇၄ | ကျေးသီး | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၇၅ | မိုင်းပန် | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၇၆ | မောက်မယ် | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | **စုစုပေါင်း** | **၅၃၆** | **၃၄** | **၅** | **၅** | **၁** | **၆** | **၁၂** | **၁၄** | **၂** | **၉** | **၁၄** | **၁** | **၁** | **၁** | **၁၂** |
| **၁၅။** | **ရှမ်းပြည်နယ် (မြောက်ပိုင်း)** | | | | | | | | | | | | | | | |
| ၂၇၇ | မူဆယ် | ၆၂ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၂ | ၃ | ၀ | ၂ |
| ၂၇၈ | မိုးမိတ် | ၁၁ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၁ |
| ၂၇၉ | လားရှိုး | ၃၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၄ | ၀ | ၀ | ၀ |
| ၂၈၀ | နောင်ချို | ၃၅ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၂ | ၀ | ၁ | ၀ | ၁ | ၀ | ၁ | ၀ |
| ၂၈၁ | ကျောက်မဲ | ၂၉ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ |
| ၂၈၂ | နမ့်ဆန် | ၂၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၈၃ | သီပေါ | ၁၃ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၂ | ၀ |
| ၂၈၄ | ကွတ်ခိုင် | ၁၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| ၂၈၅ | နမ့်ခမ်း | ၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၈၆ | နမ္မတူ | ၇ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၈၇ | မဘိမ်း | ၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၈၈ | တန့်ယန်း | ၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၈၉ | မိုင်းရယ် | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၉၀ | သိန္နီ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၉၁ | ဟိုပန် | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | **စုစုပေါင်း** | **၂၄၇** | **၄** | **၀** | **၀** | **၀** | **၄** | **၂** | **၃** | **၀** | **၄** | **၅** | **၈** | **၃** | **၃** | **၃** |
| **၁၆။** | **ရှမ်းပြည်နယ် (အရှေ့ပိုင်း)** | | | | | | | | | | | | | | | |
| ၂၉၂ | တာချီလိတ် | ၁၀၄ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၉၃ | မိုင်းယောင်း | ၁၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၉၄ | ကျိုင်းတုံ | ၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၉၅ | မိုင်းဖြတ် | ၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၉၆ | မိုင်းတုံ | ၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၉၇ | မိုင်းပြင်း | ၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၉၈ | မိုင်းဆတ် | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | **စုစုပေါင်း** | **၁၄၀** | **၀** | **၀** | **၀** | **၀** | **၁** | **၀** | **၀** | **၀** | **၀** | **၀** | **၀** | **၀** | **၀** | **၀** |
| **၁၇။** | **ကယားပြည်နယ်** | | | | | | | | | | | | | | | |
| ၂၉၉ | လွိုင်ကော် | ၅၉ | ၄ | ၀ | ၂ | ၀ | ၁ | ၀ | ၃ | ၂ | ၂ | ၂ | ၂ | ၀ | ၃ | ၁ |
| ၃၀၀ | မယ်စဲ့ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၃၀၁ | ဒီမောဆို | ၃ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ |
| | စုစုပေါင်း | ၆၄ | ၄ | ၀ | ၂ | ၀ | ၂ | ၀ | ၃ | ၂ | ၂ | ၂ | ၂ | ၁ | ၃ | ၁ |
| | စုစုပေါင်း | ၁၃,၂၂၆၀ | ၈၉၁ | ၄၁၃ | ၅၇၇ | ၇၀၃ | ၅၉၀ | ၆၄၇ | ၅၉၆ | ၅၉၄ | ၆၉၆ | ၅၆၆ | ၅၅၅ | ၅၈၂ | ၅၅၁ | ၅၂၃ |

မှတ်ချက်။ – (၁၃-၁-၂၀၂၁) ရက်နေ့အထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ကူးစက်ဖြစ်ပွားခဲ့သော မြို့နယ် စုစုပေါင်း (၃၀၁)မြို့နယ် ရှိပြီဖြစ်ပါသည်။
– အထက်ဖော်ပြပါစာရင်းတွင် မပါဝင်သော မြို့နယ်များသည် ယနေ့အထိ COVID-19 ရောဂါ ကူးစက်ဖြစ်ပွားမှုမရှိသော မြို့နယ်များဖြစ်ပါသည်။

* ဓာတ်ခွဲအတည်ပြုလူနာ၏ နေရပ်မြို့နယ်အား စုံစမ်းဆဲဖြစ်ပါသည်။

** မြောက်ဥက္ကလာပမြို့နယ်မှ (၁) ဦးသည် ကိုရီးယားသမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူဖြစ်ပြီး ၎င်းအား အသွားအလာကန့်သတ်ထားရှိခြင်းကို တင်းကျပ်စွာ ဆောင်ရွက်ထားရှိပါသည်။

အထက်ပါစာရင်းဇယားများကို ယခုကဲ့သို့ထားရှိ၍ပေးပို့သော တိုင်းဒေသကြီး/ ပြည်နယ်များနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ပြည်သူ့ကျန်းမာရေးပညာရှင်များကို အထူးကျေးဇူးတင်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# လွိုင်းဘွဲ့မြို့နယ်တွင် မိုးလုံလေလုံအားကစားရုံ တည်ဆောက်ရန် ပန္နက်တင်

**လွိုင်းဘွဲ့ ဇန်နဝါရီ ၁၄**



ကရင်ပြည်နယ် လွိုင်းဘွဲ့မြို့နယ်တွင် မိုးလုံလေလုံအားကစားရုံ တည်ဆောက်ရန် ပန္နက်တင်မင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် ကရင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးမင်းကိုခိုင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးစောချစ်ဦး၊ ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးခွန်မျိုးတင့်၊ ပြည်နယ် အားကစားနှင့်ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးနိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသိန်း၊ မြသီတာအောင်စိုးစိုး ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးရန်နိုင်ထွဋ်နှင့် လွိုင်းဘွဲ့မြို့နယ် ဘောလုံး ဆပ်ကော်မတီဥက္ကဋ္ဌ ဒေါက်တာဝင်းမြင့်ထွန်းတို့က မိုးလုံလေလုံအားကစားရုံ တည်ဆောက်ရန်အတွက် မင်္ဂလာပန္နက်တင်ပြီး **(အပေါ်ပုံ)** အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

အဆိုပါ မိုးလုံလေလုံအားကစားရုံကို ပြည်ထောင်စုရန်ပုံငွေ ငွေလုံးငွေရင်းအသုံးစရိတ် ၂၉၇ ဒသမ ၆ သန်းဖြင့် အလျားပေ ၁၂၀၊ အနံ ပေ ၉၀၊ အမြင့် ၃၆ ပေရှိပြီး မြသီတာအောင်စိုးစိုး ကုမ္ပဏီလီမိတက်က ဇန်နဝါရီလမှစတင်၍ ခြောက်လအတွင်း အပြီးသတ် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပဲခူးမြို့မှ အလှူရှင်များက ကိုဗစ်-၁၉ ကာကွယ်ဆေး ဝယ်ယူရန် အလှူငွေလှူဒါန်း

**ပဲခူး ဇန်နဝါရီ ၁၄**

ပဲခူးမြို့ သီရိဟံသာခန်းမတွင် ဖွင့်လှစ်ထားရှိသည့် We Love Bago Charity organization သို့ ယမန်နေ့က ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရန်အတွက် အလှူရှင်များက အလှူငွေများ လှူဒါန်းကြသည်။

ထိုသို့ လှူဒါန်းကြရာတွင် ဦးမြင့်စိန်အား ရည်စူး၍ သီဟသုမ္မ သိင်္ဂီ၊ သီရိသုမ္မ သိင်္ဂီဒေါ်လှကြည် (မြင်းကျား၊ ရွှေဒေါင်းပျံ၊ လိပ်စွန် ဆေးပေါ့လိပ်) မိသားစု၊ ပဲခူးမြို့ ငွေကျပ်သိန်း ၅၀၀၊ We Love Bago Charity organization ဥက္ကဋ္ဌ ဦးတင်စိုး+ ဒေါ်သန်းသန်းမူ (နေလဝန်း ပွဲရုံ) မိသားစုမှ အလှူငွေကျပ်သိန်း ၁၀၀၊ ဦးတင်မောင်နိုင် Chairman Myanmar Top Business Group Co,ltd မိသားစု အလှူငွေကျပ်သိန်း ၁၀၀၊ ဦးစောဟန်+ဒေါ်ခင်စန်းယု မိသားစုမှ ငွေကျပ်သိန်း ၅၀၊ ဦးဝင်း+ဒေါ်လှလှဝင်း (ဒီပါကျော်ပွဲရုံ) မိသားစု ငွေကျပ်သိန်း၂၀၊ ကိုပေါ်သင်းဦး+မလင်းလင်းဝေမိသားစု ငွေကျပ်သိန်း ၃၀၊ ဟံသာဝတီတိုင်း သတင်းဂျာနယ် မိသားစုငွေကျပ် ၁၀ သိန်း၊ အထက(၃)အငြိမ်းစားကျောင်းအုပ်ဆရာမကြီး ဒေါ်ဦးနှင့် တပည့်များက ငွေကျပ် ၁၀ သိန်း၊ ဦးသန်းထွန်း+ ဒေါ်ညွန့်ညွန့်ဝင်း မိသားစု ငွေကျပ် ၁၀ သိန်း၊ ဒေါ်အေးသိန်းနှင့် မောင်နှမများက ငွေကျပ် ၁၁ သိန်း၊ ဦးဝင်းထိုက်ဦး+ ဒေါ်မူမူမြင့် မိသားစု ငွေကျပ် ၁၀ သိန်း၊ ဒေါက်တာ ဇော်နိုင်+ ဒေါ်မြင့်မြင့်ဝေ မိသားစုမှ ငွေကျပ် ၁၀ သိန်း၊ ကလျာဏမိတ္တ လူမှုကူညီရေးအသင်းမှ ငွေကျပ် ၅ သိန်းနှင့် အခြား အလှူရှင်များကလည်း လာရောက်လှူဒါန်းပေးကြရာ We Love Bago Charity organization တာဝန်ရှိသူများက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်း ပြန်လည်ပေးအပ်သည်။

အဆိုပါ အဖွဲ့သို့ လာရောက်လှူဒါန်းကြသော အလှူငွေများအား ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရန်အတွက် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့သို့ ပြန်လည်ပေးပို့ လှူဒါန်းပေးမည် ဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**




# အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာပါ

# ယနေ့စျေးကွက်ပေါက်စျေးများ

၁၄ - ၁ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းစျေး | တစ်ကျပ်သား | ကျပ် | ၁၃၂၅၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်စျေး | တစ်ကျပ်သား | ကျပ် | ၁၃၂၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၄၇၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းစျေး | တစ်ကျပ်သား | ကျပ် | ၁၃၂၅၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်စျေး | တစ်ကျပ်သား | ကျပ် | ၁၃၂၁၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၄၇၁၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီစျေး(ရန်ကုန်) | | လက်လီစျေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၆၄၀/၆၈၅ | ကျပ် | ၆၈၅/၆၉၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၆၅၀/၇၀၀ | ကျပ် | ၇၀၀/၇၂၀ | ကျပ် |
| အောက်တိန်း ၉၂ | ၆၁၅/၆၄၅ | ကျပ် | ၆၈၀/၆၈၅ | ကျပ် |
| အောက်တိန်း ၉၅ | ၇၃၅/၇၆၀ | ကျပ် | ၈၀၅/၈၂၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၃၂ . ၆ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၂၀ . ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၀၂ . ၂ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၈၀၅ . ၉ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၇၈ . ၉ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၂၉ . ၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၀၆ . ၁၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၁၆၇ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၁ . ၂၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၈ . ၁၅ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၄ . ၁၉၉ |

(ဗဟိုဘဏ်ပေါက်စျေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းစျေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်စျေး (ကျပ်) | အပိတ်စျေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၇၀၀ | ၉၈၀၀ | ၁၃၆၃ | ၁၃၂၂၇၇၀၀ |
| MTSH | ၃၇၀၀ | ၃၇၀၀ | ၂၂၀၆ | ၈၁၆၉၆၅၀ |
| MCB | ၈၁၀၀ | ၈၁၀၀ | ၇၀ | ၅၆၇၀၀၀ |
| FPB | ၂၂၀၀၀ | ၂၂၅၀၀ | ၂၉၅ | ၆၄၉၇၀၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၁၀၂၃ | ၂၈၁၃၂၅၀ |
| EFR | ၃၆၅၀ | ၃၆၅၀ | ၁၆၉ | ၆၁၆၈၅၀ |

ခင်ရတနာ - စုစည်းသည်

**မြန်မာ့အလင်း**

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - ဝင်းကျော် |
| သတင်းထောက်ချုပ် | - မြင့်ဆွေ |
| စာတည်းများ | - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန် စာတည်း | - ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်း သတင်းထောက်များ | - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး၊ မီမီဖြိုး |
| ဓာတ်ပုံ သတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE

# အမှောင်ခွင်း အလင်းဆောင်နေသော ကိုကိုးကျွန်းမြို့ရဲ့ ဖွံ့ဖြိုးမှု ပြယုဂ်

မောင်စိန်လွင်(မြန်မာ့အလင်း)

**နိုင်ငံတော်အစိုးရသည် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများ နိုင်ငံတစ်ဝန်း ဖြစ်ထွန်းလာအောင် အစဉ်တစိုက် ဆောင်ရွက်လျက်ရှိသည်။ မြို့ပြနှင့် ကျေးလက်ဒေသများသာမက ဝေလံခေါင်ဖျားနေရာဒေသများရှိ ပြည်သူများ၏ လူမှုစီးပွားဘဝအခြေအနေ ဖွံ့ဖြိုးတိုးတက်လာစေရေးကိုပါ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို တိုင်းရင်းသားပြည်သူအားလုံး ရပ်ဝေးဒေသများပါမကျန် ညီတူညီမျှခံစားရရှိနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်မှာ ယနေ့ကိုကိုးကျွန်းမြို့၏ ဖွံ့ဖြိုးတိုးတက်မှု ပြယုဂ်က သာဓက ပြခဲ့ပြီဖြစ်သည်။**



ကိုကိုးကျွန်းမြို့၏ အလင်းရောင်ဖြာနေသော ညဘက်မြင်ကွင်း။ ဓာတ်ပုံ- ကျော်စိုး(ကိုကိုးကျွန်း)

ယင်းသို့ ဆောင်ရွက်ရာတွင် ဘက်စုံထောင့်စုံ ကဏ္ဍစုံမှ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းမြှင့်တင် ဆောင်ရွက်လျက်ရှိပြီး ဖွံ့ဖြိုးတိုးတက်ရေး၏ အခြေခံအဆောက်အအုံဖြစ်သော လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဓာတ်အား ရရှိရေးတို့ကိုလည်း အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။ ယင်းအထဲမှ သာဓကတစ်ခုကို ပြရမည်ဆိုလျှင် ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်ပင် ဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်သည် ကမ်းရိုးတန်းဒေသနှင့် ဝေးကွာသော ကျွန်းမြို့နယ် တစ်ခုဖြစ်သည်။ နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားပေးနိုင်ခြင်း မရှိသည့်အတွက် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းက ဒီဇယ်ဆီသုံးမီးစက်များဖြင့် နေ့စဉ်အချိန် အကန့်အသတ်ဖြင့်သာ ယခင်က ဓာတ်အားဖြန့်ဖြူးပေးနေရာမှ ယခုအခါ ၂၄ နာရီ လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်အောင် အကောင်အထည်ဖော်နိုင်ခဲ့ပြီဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီးအစိုးရ ဘဏ္ဍာရန်ပုံငွေဖြင့် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းက ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

### အမြင့်ဆုံးသုံးစွဲနိုင်မှု

ကိုကိုးကျွန်းမြို့နယ်သည် ရန်ကုန်တိုင်းဒေသကြီး (တောင်ပိုင်း)ခရိုင်အတွင်းရှိပြီး ရန်ကုန်မြို့မှ ရေမိုင် ၂၆၀ အကွာအဝေးတွင် တည်ရှိသည်။ ဧရိယာအားဖြင့် ၁၈ စတုရန်းမိုင်ခန့်ကျယ်ဝန်းကာ အိမ်ထောင်စုဦးရေ ၂၆၇ စု လူဦးရေစုစုပေါင်း ၁၀၄၃ ဦး နေထိုင်လျက်သည်။ ကိုကိုးကျွန်းမြို့နယ်ရှိ ပြည်သူများအနေဖြင့် ယခင်က ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ၃၁၅ ကေဗွီအေ ဒီဇယ်မီးစက်ဖြင့် နေ့စဉ် ညနေ ၆ နာရီမှ ည ၁၂ နာရီအထိ တစ်နေ့လျှင် ခြောက်နာရီကြာ အချိန်အကန့်အသတ်ဖြင့်သာ ဓာတ်အားပေးခဲ့ရပြီး အမြင့်ဆုံးသုံးစွဲနိုင်မှု ဝန်အားမှာ ၁၂၀ ကီလိုဝပ် ခန့်သာရှိခဲ့သည်။

### စတင်ဆောင်ရွက်

ယခုအခါ ကိုကိုးကျွန်းမြို့နယ်အား ဓာတ်အားစနစ် (Grid) ပြင်ပ သီးခြားဓာတ်အားပေးစနစ်ဖြင့် ၂၄ နာရီ စဉ်ဆက်မပြတ် ဓာတ်အားပေးနိုင်ရေး ၀ ဒသမ ၅ မဂ္ဂါဝပ် တပ်ဆင်အင်အားရှိသော နေရောင်ခြည်စွမ်းအင်သုံး "Solar + Battery + Diesel Generator” Hybrid System ဓာတ်အားပေးစနစ်ဖြင့် ဓာတ်အားပေးနိုင်ခဲ့ပြီဖြစ်သည်။ ယင်းသို့ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့ခြင်းသည် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ၂၀၁၉ -၂၀၂၀ နှင့် ၂၀၂၀-၂၀၂၁ ခုနှစ်ဘဏ္ဍာရန်ပုံငွေဖြင့် လျာထား၍ အဆင့်ဆင့်တင်ပြကာ တင်ဒါခေါ်ယူ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ တင်ဒါတင်သွင်းသည့် ကုမ္ပဏီ ကိုးခုအနက် တင်ဒါစည်းမျဉ်းစည်းကမ်းနှင့်အညီ Kyocera Communic ation Systems Kinetic Myanmar Co., Ltd. ကို စိစစ်ရွေးချယ်ကာလုပ်ငန်းများကို ၂၀၂၀ ပြည့်နှစ် ဩဂုတ်၇ ရက်တွင် စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

> **"အကန့်အသတ် အခက်အခဲများကြားမှ ကြိုးပမ်းတည်ဆောက် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁ရက်တွင် ဓာတ်အားစမ်းသပ်မောင်းနှင်ခြင်း လုပ်ငန်းကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီး ကိုကိုးကျွန်းမြို့နယ်အနေဖြင့် ၂၄ နာရီ လျှပ်စစ်ဓာတ်အား အသုံးပြုနိုင်သည့် သမိုင်းမှတ်တိုင်တစ်ခုကို စိုက်ထူနိုင်ခဲ့"**

ကိုကိုးကျွန်း နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံသည် "Solor + Battery + Diesel Generator" Hybrid System ဓာတ်အားပေးစနစ်ဖြစ်ပြီး ဆိုလာတပ်ဆင်အင်အား ၅၃၇ ဒသမ ၆ ကီလိုဝပ် ၀ ဒသမ ၅၃၇၆ မဂ္ဂါဝပ်ရှိကာ Jinko Solar အမျိုးအစားဖြစ်သည်။ Solar Module တစ်ခုလျှင် 400 WP ရှိသော Solar Module ၁၃၄၄ ခုကို တပ်ဆင်ထားသည်။ Smart Microgrid Inverter အမျိုးအစားကို တွဲဖက်အသုံးပြုထားပြီး တစ်ခုလျှင် ၁၂၀ ကီလိုဝပ်ရှိသော Inverter လေးလုံးမှ စုစုပေါင်း ၄၈၀ ကီလိုဝပ် တပ်ဆင်အသုံးပြုထားသည်။ ဓာတ်အားသိုလှောင်သုံးစွဲသည့် ဘက်ထရီမှာ တစ်ခုလျှင် 268 8 KWh ရှိ Lithium ဘက်ထရီ လေးခု စုစုပေါင်း 1075 . 2 KWh တို့ ပါဝင်သည့်အပြင် ၅၀၀ ကေဗွီအေ အင်အားရှိ ဒီဇယ်မီးစက် တစ်လုံးလည်း တပ်ဆင်အသုံးပြုထားကြောင်း သိရသည်။

### ဓာတ်အားပေးစနစ်

အဆိုပါ နေရောင်ခြည်စွမ်းအင်သုံး “Solor + Battery + Diesel Generator” Hybrid System ဓာတ်အားပေးစက်ရုံသည် နေ့အချိန်များတွင် နေရောင်ခြည်စွမ်းအင်ဖြင့် တိုက်ရိုက်အသုံးပြုနိုင်ပြီး တစ်ပြိုင်တည်းမှာပင် နေရောင်ခြည်စွမ်းအင်မှ ရရှိလာသော လျှပ်စစ်စွမ်းအင်ကို ဘက်ထရီများသို့ အားဖြည့်သိုလှောင်ပေးထားခြင်းဖြစ်ကာ ညအချိန်တွင် နေ့ဘက် သိုလှောင်ထားရှိခဲ့သည့် ဘက်ထရီများမှ လျှပ်စစ်ဓာတ်အားကို ပြန်လည်ထုတ်လွှတ် ဓာတ်အားပေးနိုင်ခြင်းဖြစ်သည်။ ထွက်ရှိလာသော ဒီစီ လျှပ်စစ်ဓာတ်အားများကို အင်ဗာတာဖြင့် အေစီဓာတ်အား စနစ်သို့ ပြောင်းလဲဓာတ်အားပေးခြင်းဖြစ်သည်။ ရာသီဥတုအခြေအနေကြောင့် နေရောင်ခြည်ရရှိမှု နည်းပါးသည့်အခါများတွင် ဒီဇယ်အင်ဂျင်မှ ဓာတ်အားဖြည့်ကူ ထုတ်လုပ်ပေးနိုင်သော ဓာတ်အားပေးစနစ်လည်း ထပ်မံဖြည့်စွက်ထားသည်။

### နိုင်ငံတကာအဆင့်မီဓာတ်အားပေးစက်

အဆိုပါ ဓာတ်အားပေးစက်ရုံသည် မြေနေရာ အကျယ်အဝန်း သုံးဧကခန့်ပေါ်တွင် ဂျပန်နိုင်ငံ Kyocera ကုမ္ပဏီ၏ ဒီဇိုင်းတွက်ချက်မှုဖြင့် တပ်ဆင်တည်ဆောက်ထားသော ဓာတ်အားပေးစက်ရုံဖြစ်ပြီး မီးစနစ်များအနေဖြင့် အလိုအလျောက် မီးသတိပေးနှင့် မီးသတ်စနစ်၊ မိုးကြိုးလွှဲစနစ်နှင့် မြေဓာတ်ချစနစ်၊ ရေစီးရေလာကောင်းမွန်အောင် ဆောင်ရွက်ပေးသည့်စနစ်၊ CCTV ခေတ်မီလုံခြုံရေးစနစ်၊ အဝေးထိန်း ဆက်သွယ်သတင်းရယူနိုင်သည့်စနစ်၊အနာဂတ်ကာလတွင် ဝန်အားတိုးတက်လာပါက အလွယ်တကူ ထပ်မံတိုးချဲ့ ဓာတ်အားပေးနိုင်သည့်စနစ်၊ ဆိုလာပြားများ သန့်ရှင်းရေးဆောင်ရွက်ပေးနိုင်မည့် ရေဖျန်းပိုက်လိုင်းစနစ်နှင့် နေရောင်ခြည်ရရှိမှုအပေါ် အလိုအလျောက် ထိန်းညှိမောင်းနှင်ပေးနိုင်သည့် စနစ်စသည်တို့ကို အသုံးပြု တပ်ဆင်ထားသည့် နိုင်ငံတကာအဆင့်မီ အဆင့်မြင့် ဓာတ်အားပေးစက်ရုံ ဖြစ်သည်။

စီမံကိန်း စတင်ဆောင်ရွက်စဉ်ကတည်းက မြေပြင်လုံခြုံရေး အကန့်အသတ်များ၊ သယ်ယူပို့ဆောင်ရေး အခက်အခဲများ၊ ကမ္ဘာတစ်ဝန်းဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ကပ်ရောဂါ မပျံ့နှံ့နိုင်ရေး စည်းမျဉ်းစည်းကမ်း အကန့်အသတ်များ၊ ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးစီမံကိန်းဆိုင်ရာပစ္စည်းများ၊ အင်ဂျင်နီယာများနှင့် ကျွမ်းကျင်လုပ်သားများ ပို့ဆောင်ပေးရသည့် ရန်ကုန်- ကိုကိုးကျွန်း သင်္ဘော ခရီးစဉ်မှာလည်း အကြိမ်အရေအတွက် အကန့်အသတ်ဖြင့်သာ ပြေးဆွဲပေးနိုင်သည့်အတွက် အချိန်ကာလ အကန့်အသတ်များစသည့် အခက်အခဲများကြားမှ ယခုကဲ့သို့ အောင်မြင်ခဲ့၍ အမှောင်ခွင်း အလင်းဆောင်နိုင်သော ဖွံ့ဖြိုးမှုအသီးအပွင့်ကို ရရှိခဲ့ခြင်းဖြစ်သည်။

ယင်းသို့ အကန့်အသတ် အခက်အခဲများကြားမှ ကြိုးပမ်းတည်ဆောက် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ဓာတ်အားစမ်းသပ်မောင်းနှင်ခြင်းလုပ်ငန်းကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီး ကိုကိုးကျွန်းမြို့နယ်အနေဖြင့် ၂၄ နာရီ လျှပ်စစ်ဓာတ်အား အသုံးပြုနိုင်သည့် သမိုင်းမှတ်တိုင်တစ်ခုကို စိုက်ထူနိုင်ခဲ့သည်။ ထို့ကြောင့် ကိုကိုးကျွန်းမြို့နယ်နေ ပြည်သူများအနေဖြင့် ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် (၇၃) နှစ်ပြည့်မြောက်သော မြန်မာ့လွတ်လပ်ရေးနေ့ အောင်ပွဲနှင့်အတူ ၂၄ နာရီ လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်မှု အောင်ပွဲကို ဂုဏ်ယူဝမ်းမြောက်စွာ ကျင်းပနိုင်ခဲ့သည်မှာ မှတ်တမ်းသစ်တစ်ရပ်ပင် ဖြစ်သည်။

သို့ဖြစ်၍ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်အား ၂၄ နာရီ လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးနိုင်ခဲ့မှုသည် နိုင်ငံတော်အစိုးရ၏ ပြည်သူတို့အတွက် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်တစ်ရပ်ကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရတို့က ပူးပေါင်းဆောင်ရွက် အကောင်အထည်ဖော်ပေးနိုင်ခြင်းဖြစ်သည့်အပြင် အစိုးရဌာန အဖွဲ့အစည်းများနှင့် ပြည်ပူတို့၏ ပူးပေါင်း ဆောင်ရွက်မှုကြောင့် ဖွံ့ဖြိုးတိုးတက် အောင်မြင်မှု အသီးအပွင့်ရလဒ်တစ်ခုပင် ဖြစ်ပါကြောင်း။ ။



၂၄ နာရီ လျှပ်စစ်ဓာတ်အား ပေးနေသော ဓာတ်အားပေးစက်ရုံကို တွေ့ရစဉ်။ ကျော်စိုး(ကိုကိုးကျွန်း)

## မင်းတပ်မြို့နယ်အတွင်းရှိလမ်းများ ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဖောက်လုပ်လျက်ရှိ



မင်းတပ်- ဘော(၃)- ရှက်- ယာယော- လုပ်ရဲ- ခွဲလုံလမ်း အဆင့်မြှင့်တင်ဆောင်ရွက်စဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၄**
နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ချင်းပြည်နယ် မင်းတပ်မြို့နယ်အတွင်းရှိ မင်းတပ်- ဘော(၃)- ရှက်- ယာယော- လုပ်ရဲ- ခွဲလုံလမ်း မိုင် ၂၀ အနက် ကိုးမိုင်မှာ ကျောက်ချောလမ်း ခင်းကျင်းမှုပြီးစီးပြီး ကျန် ၁၁ မိုင်မှ နှစ်မိုင်ကို ကျောက်ချောလမ်း ခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး (ပြည်ထောင်စု) ရန်ပုံငွေကျပ် ၂၇၄ ဒသမ ၂၈ သန်းဖြင့် မင်းတပ်- ဘော(၃)- ရှက်- ယာယော- လုပ်ရဲ- ခွဲလုံလမ်း မိုင် ၂၀ အား သတ်မှတ်ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေ လျာထားပြီး ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ကျောက်ချောလမ်းပြီးစီးမှု အခြေအနေကို မင်းတပ်ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးရမ်ပောနှင့် တာဝန်ရှိသူများက ဇန်နဝါရီ ၁၃ ရက်က ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကျောက်ချောလမ်းပြီးစီးပါက ယင်းဒေသရှိ တောင်ယာစိုက်ပျိုးသည့် တောင်သူများ၏ ဒေသထွက် သီးနှံများနှင့် ဝဠုစိုက်ပျိုးသည့် တောင်သူများအနေဖြင့် မိမိတို့၏ ဒေသထွက်သီးနှံများကို ဈေးကွက်သို့ အချိန်မီ တင်ပို့ရောင်းချနိုင်ခြင်းကြောင့် ဝင်ငွေမြင့်မားလာပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာခြင်းကြောင့် ကျေးရွာအုပ်စုရှစ်အုပ်စု၊ ကျေးရွာ ၂၇ ရွာ၊ အိမ်ခြေ ၁၆၆၇ အိမ်၊ လူဦးရေ ၇၈၀၀ တို့၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး (ပြည်ထောင်စု) ခွင့်ပြုရန်ပုံငွေကျပ် ၂၅၄၅ ဒသမ ၉၅၇ သန်းဖြင့် မင်းတပ်မြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း ချင်းပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး (ဟားခါး)မှ သိရသည်။

**ဇော်ရှိန်း(ခတု)**

## ပွင့်ဖြူမြို့နယ်၌ ရန်ပုံငွေကျပ် ၅၄၆ သန်းဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်း ၄၄ ခု ဆောင်ရွက်မည်

**ပွင့်ဖြူ ဇန်နဝါရီ ၁၄**
မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ်တွင် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် ၅၄၆ သန်းဖြင့် မြို့နယ်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်း ၄၄ ခု အကောင်အထည်ဖော်ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးမှ သိရသည်။

ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ဘဏ္ဍာနှစ်အလိုက် ခွင့်ပြုငွေလုံးငွေရင်း ရန်ပုံငွေများဖြင့် မြို့တွင်းရှိ ရေနုတ်မြောင်းများတူးဖော်ခြင်း ၊ ကတ္တရာလမ်းများ ချဲ့ထွင်ပြုပြင်ခြင်း၊ ဈေးတွင်းလမ်းများ ကောင်းမွန်အောင် ပြုပြင်ခြင်းနှင့် မြို့ပြသာယာလှပရေး လမ်းဘေးပလက်ဖောင်းများ ပြုပြင်မွမ်းမံခြင်း၊ ပန်းအလှပင်များနှင့် အရိပ်ရသစ်ပင်များ စိုက်ပျိုးခြင်း၊ ရပ်ကွက်များအတွင်း အမှိုက်များ စနစ်တကျသိမ်းဆည်းခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ်တွင်လည်း ဌာန၏ ခွင့်ပြုငွေလုံးငွေရင်းရန်ပုံငွေဖြင့် မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်း ၄၄ ခုကို ထပ်မံဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

" ယခု ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ်မှာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေနဲ့ လမ်းလုပ်ငန်း ၁၀ ခု၊ တံတား တည်ဆောက်ခြင်းလုပ်ငန်း ၁၇ ခု ၊ ရေစီးရေလာကောင်းမွန်ရေးအုတ်ရေနုတ်မြောင်း ဆောင်ရွက်ခြင်းလုပ်ငန်း ၁၂ ခု နဲ့ အခြား ဖွံ့ဖြိုးရေးလုပ်ငန်းငါးခု စုစုပေါင်း ဖွံ့ဖြိုးရေးလုပ်ငန်း ၄၄ ခုကို ဌာနခွင့်ပြုငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၅၄၆ သန်းနဲ့ ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်" ဟု ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒေါ်ဆွေဆွေဝင်းက ပြောသည်။

**ရဲဝင်းနိုင်(ပြန်/ဆက်)**

## ပုဏ္ဏားကျွန်းမြို့နယ် သမဝါယမကဏ္ဍမှ ရေထွက်ကုန်ပစ္စည်းများ ရောင်းချ

**နေပြည်တော် ဇန်နဝါရီ ၁၄**
ပုဏ္ဏားကျွန်းမြို့နယ်ရှိ ဦးရာဇ်မောင်ရေထွက်သမဝါယမအသင်းလီမိတက်သည် ကိုဗစ်-၁၉ ကာလအတွင်း မိမိတို့၏ ရေထွက်ကုန်ပစ္စည်းများရောင်းချရာတွင် ဈေးကွက်ရရှိရေး၊ နှောင့်နှေးမှုမဖြစ်စေရေးနှင့် စားသုံးသူပြည်သူများ လွယ်လင့်တကူ ဝယ်ယူစားသုံးနိုင်ရေးအတွက် ပင်လယ်ထွက်ကုန်ပစ္စည်းများကို ရောင်းချပေးလျက်ရှိသည်။

ပင်လယ်ထွက်ကုန်ပစ္စည်းများရောင်းချရာတွင် အဆင်ပြေချောမွေ့ရေးအတွက် မြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက ပံ့ပိုးကူညီဆောင်ရွက်ပေးပြီး ပင်လယ်ထွက်ကုန်ပစ္စည်းများဖြစ်သည့် ငါးပလာတူး၊ ငါးတံခွန်၊ ငါးရင်းရုံး၊ ငါးပုဏ္ဏားစသော ငါးမျိုးစုံ ပိဿာ ၃၀၀ ကို ရောင်းချပေးခဲ့သည်။ ရခိုင်ပြည်နယ်အတွင်း၌ ရေထွက်ကုန်ပစ္စည်းများ ဝယ်ယူရောင်းချခြင်းကို ငါးလုပ်ငန်းဦးစီးဌာန၊ မြို့နယ်သမဝါယမဦးစီးဌာန၊ မြို့နယ်သမဝါယမအသင်းစုတို့နှင့် ပူးပေါင်းပြီး ကျောက်ဖြူမြို့နယ်၊ မောင်တောမြို့နယ်၊ မာန်အောင်မြို့နယ်၊ သံတွဲမြို့နယ်များတွင်လည်း ရောင်းချပေးကြောင်း သိရသည်။

**သတင်းစဉ်**

## မတ္တရာမြို့နယ်တွင် မီးသတ်စခန်းဝန်ထမ်းအိမ်ရာ ဆောက်လုပ်ရန် ပန္နက်တင်မင်္ဂလာကျင်းပ

**မတ္တရာ ဇန်နဝါရီ ၁၄**
မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်မီးသတ်ဦးစီးဌာနရုံးတွင် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ရန် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဇန်နဝါရီ ၁၄ ရက်က အမှတ်(၁)ရပ်ကွက် မီးသတ်စခန်းဝင်းအတွင်းရှိ ဝန်ထမ်းအိမ်ရာဆောက်လုပ်မည့် မြေနေရာ၌ ကျင်းပသည်။

မီးသတ်စခန်းဝန်ထမ်းအိမ်ရာ ဆောက်လုပ်ရန်အတွက် ပန္နက်တင်မင်္ဂလာအခမ်းအနားတွင် လွှတ်တော်ကိုယ်စားလှယ်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်မီးသတ်ဦးစီးမှူးတို့က သတ်မှတ်နေရာများအလိုက် ပန္နက်တင်၍ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

အဆိုပါဝန်ထမ်းအိမ်ရာမှာ ၂၀၂၀-၂၀၂၁ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေမှ တင်ဒါအောင်မြင်သည့်ငွေကျပ် ၂၅၀၆၀၀၀၀၀ ဖြင့် အလျားပေ ၈၀၊ အနံ ပေ ၃၀၊ လေးခန်းတွဲ လေးထပ် သံကူကွန်ကရစ်အဖြစ် လင်းသူရိန်ဆောက်လုပ်ရေးကုမ္ပဏီက ဆောက်လုပ်မည်ဖြစ်ကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

## နိုင်ငံတော်၏ ပြည်ထောင်စုစည်သူသဂ်ဟ ဂုဏ်ထူးဆောင်ဘွဲ့ဖြစ်သည့် "သရေစည်သူ" ဘွဲ့ချီးမြှင့်ခံရသည့် ကမ္ဘောဇဘဏ် နာယက " ဝဏ္ဏကျော်ထင်၊ စည်သူ၊ သရေစည်သူ ဦးအောင်ကိုဝင်း" အတွက် ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန်ကို " ပထမ" နေရာမှ ဝင်ငွေခွန်အများဆုံး (၈)နှစ်ဆက်တိုက် ထမ်းဆောင်ခဲ့ခြင်း၊ နိုင်ငံတော်နှင့် ပြည်သူအတွက် ရန်ကုန်တိုင်းဒေသကြီးအပါအဝင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လူမျိုးမရွေး၊ ဘာသာမရွေး၊ နေရာဒေသမရွေး လိုအပ်သည့်နေရာများသို့ ယနေ့အချိန်အထိ ကျပ်ငွေ(၁၈၀)ဘီလီယံကျော် ကိုယ်ရောစိတ်ပါ လူအား၊ ငွေအားဖြင့် သဒ္ဓါထက်သန်စွာ လှူဒါန်းခဲ့ခြင်းတို့ကြောင့် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံ၏ ၂၀၂၁ ခုနှစ် ဂုဏ်ထူးဆောင်ဘွဲ့များချီးမြှင့် အပ်နှင်းခြင်း အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က ကမ္ဘောဇဘဏ် နာယက **"ဝဏ္ဏကျော်ထင်၊ စည်သူ ဦးအောင်ကိုဝင်း"** အား မြန်မာနိုင်ငံသမိုင်းတွင် အရပ်ဘက်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များအနက် ပထမဆုံးနှင့် အမြင့်ဆုံးဖြစ်သည့် **"သရေစည်သူဘွဲ့"** ကို ချီးမြှင့်ခဲ့ပါသည်။ ယင်းသို့ မြန်မာနိုင်ငံသမိုင်းတွင် အရပ်ဘက်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များအနက် ပထမဆုံးနှင့် အမြင့်ဆုံးဖြစ်သည့် **" သရေစည်သူ"** ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် အထူး ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံအကျိုးပြု၊ ပြည်သူအကျိုးပြု လုပ်ငန်းများအား ဆတက်ထမ်းပိုး တိုးပွားဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

# DENKO ကံစမ်းမဲအစီအစဉ်မှ ကံထူးသူများစာရင်း

Denko Trading Co.,Ltd သည် Denko စက်သုံးဆီ အရောင်းဆိုင်များတွင် အားပေးကြသော Customer များအား ကျေးဇူးတုံ့ပြန်သည့် အနေဖြင့် ပြုလုပ်သော (၁၀)နှစ်ပြည့်အထိမ်းအမှတ် ကံထူးရှင်ရွေးချယ်ပွဲ(ပထမအသုတ်)ကို ၄.၁.၂၀၂၁ (တနင်္လာနေ့)၊ ရန်ကုန်မြို့ Sky Star Hotel တွင် ည ၇ နာရီမှစ၍ Channel ME ရုပ်သံလိုင်း နှင့် Denko facebook page တို့တွင် တိုက်ရိုက်(Live) ရိုက်ကူးထုတ်လွှင့်ပြီး ပွင့်လင်းမြင်သာစွာကျင်းပပြုလုပ်ခဲ့ပါသည်။

## GRAND PRIZE BMW (3) စီး



| စဉ် | ပေါက်မဲနံပါတ် | အမည် | ဆိုင်ခွဲအမည် | ဆုအမျိုးအစား |
|---|---|---|---|---|
| ၁ | AO168577 | ဦးဉာဏ်လင်းမောင် | နေပြည်တော်-၁ | BMW THE-1 |
| ၂ | AS922924 | ဦးအောင်ကျော်လင်း | မူဆယ် | BMW THE-2 |
| ၃ | AP541746 | ဦးထက်အောင် | မန္တလေး(၂၆လမ်း) | BMW THE-3 |

## NISSAN SUNNY SL (50) စီး



| စဉ် | ပေါက်မဲနံပါတ် | အမည် | ဆိုင်ခွဲအမည် |
|---|---|---|---|
| ၁ | AG170039 | ဦးကျော်ဦး | အောင်ပန်း |
| ၂ | AP291786 | ဦးနေမင်း | ချောက် |
| ၃ | AO010659 | ဦးရွှေမိုး | မုံရွာ-၁ |
| ၄ | AN409332 | ဦးသောင်းလှ | ကျိုက်ထို |
| ၅ | AK789282 | ရှင်းမာရီ(ကိုစော) | အင်းစိန် |
| ၆ | AG990062 | ဦးမိုးထက် | မုံရွာ-၃ |
| ၇ | AM715507 | ဦးကျော်သန်းဌေး | ဖယ်ပုန်း |
| ၈ | AT820450 | ဦးဝမ် | လှိုင်သာယာ-၃ |
| ၉ | AB118959 | ဦးပြုံးမိုးလှိုင် | မုံရွာ-၂ |
| ၁၀ | AQ323726 | ဦးကောင်းမြတ်ဆောင်း | မော်လမြိုင် |
| ၁၁ | AV348964 | ဦးညီဝင်းစံ | ထုံးဘို |
| ၁၂ | AB137889 | ဦးအောင်ဇင်ဖြိုး | မုံရွာ-၃ |
| ၁၃ | AW684412 | ဒေါ်မြလေးယဉ် | မြင်းခြံ |
| ၁၄ | AG484532 | ဦးဝင်းကိုဦး | ချောက် |
| ၁၅ | AD968131 | ဦးချစ်ဦး | တောင်ငူ |
| ၁၆ | AX700789 | ဦးဝင်းမြင့် | တောင်ဒဂုံ |
| ၁၇ | AH893292 | ဦးခင်မောင်စိုး | ဖြူး |
| ၁၈ | AQ670695 | ဦးမြစိန် | တောင်ငူ |
| ၁၉ | AP644996 | ဦးမြင့်ဦး | တပ်ကုန်း |
| ၂၀ | AL962818 | ဦးကျော်မြတ်စိုး | ပြွန်တန်ဆာ |
| ၂၁ | AC430337 | ဦးအောင်ထက်ဝင်း | မြောက်ဒဂုံ-၃ |
| ၂၂ | AG552610 | ဦးကျော်ထူး | ထုံးဘို |
| ၂၃ | AP633486 | ဦးကျော်မျိုးထွန်း | မန္တလေး(စွယ်တော်ကားကြီးဝင်း) |
| ၂၄ | AQ010119 | ဦးထွန်းနိုင် | ထန်းတပင် |
| ၂၅ | AE242132 | ဦးလင်းအောင် | ကုန်းတလပေါင် |
| ၂၆ | AE579882 | ဦးစန်းဝင်း | ရွှေကျင် |
| ၂၇ | AX618028 | ဦးနိုင်ဝင်းဦး | မန္တလေး(စွယ်တော်ကားကြီးဝင်း) |
| ၂၈ | AW861928 | ဦးသန်းဇော် | မြောက်ဒဂုံ-၁ |
| ၂၉ | AA586843 | ဦးဇော်မြင့်ထွန်း | မန္တလေး(၇၄လမ်း) |
| ၃၀ | AB097306 | ဦးတိုးနိုင်ဝင်း | မုံရွာ-၁ |
| ၃၁ | AL036457 | ဦးသက်နိုင်ဦး | ကျွဲတပ်ဆုံ |
| ၃၂ | AO276954 | ဦးဇင်မင်းထက် | စစ်ကိုင်း(အုန်းတော) |
| ၃၃ | AT842536 | ဦးအောင်ကိုဦး | လှည်းကူး |
| ၃၄ | AW735502 | ဦးဥတ္တမ | မူဆယ် |
| ၃၅ | AH563129 | ဦးသက်မြတ်ကျော် | ဘားအံ-၁ |
| ၃၆ | AH735821 | ဦးသက်မောင်မောင် | မန္တလေး(၇၄လမ်း) |
| ၃၇ | AS016015 | ဒေါ်နေခြည်ဖြိုး | တပ်ကုန်း |
| ၃၈ | AI667908 | ဦးရန်ပိုင် | ရွှေပြည်သာ |
| ၃၉ | AJ634260 | ဦးဝေယံဖြိုး | နေပြည်တော်-၁ |
| ၄၀ | AA198145 | ဦးလှမိုးသိန်း | ကျွဲတပ်ဆုံ |
| ၄၁ | AM349713 | ဦးတင်ညို | တပ်ကုန်း |
| ၄၂ | AR058963 | ဦးမိုးဝင်း | အင်းစိန် |
| ၄၃ | AU890937 | ဦးကိုဝင်း | ကုန်းတလပေါင် |
| ၄၄ | AV315325 | ဦးသန်းဇော်ဝင်း | ထုံးဘို |
| ၄၅ | AS896061 | ဦးနေမျိုးထွန်း | မန္တလေး(စွယ်တော်ကားကြီးဝင်း) |
| ၄၆ | AR284435 | ဦးခင်မောင်မောင် | လှည်းကူး |
| ၄၇ | AQ446682 | ဦးဇော်သန့် | စစ်ကိုင်း(အုန်းတော) |
| ၄၈ | AC503220 | ဦးစိန်နွယ် | လှိုင်သာယာ-၁ |
| ၄၉ | AM418500 | ဦးဇော်ဇော်အောင် | သန်လျင်-၂ |
| ၅၀ | AO529491 | ဦးသိန်းသန်းအောင် | မန္တလေး(ဆေးအိုးဖိုအပိုင်း) |

## အသိပေးကြေညာခြင်း

ကံစမ်းမဲပေါက်မဲလက်မှတ် ကိုင်ဆောင်ထားသူများသည် ကြော်ငြာပါသည့်နေ့မှစ၍ ရက်ပေါင်း (၃၀) အတွင်း Denko Trading Co.,Ltd ၏ လိပ်စာ အမှတ် ၁၊ ကနောင်မင်းသားကြီးလမ်း၊ ရွှေလင်ဗန်းစက်မှုဇုန်၊ လှိုင်သာယာ မြို့နယ်၊ ဆက်သွယ်ရန် ဖုန်းနံပါတ် ၀၉ ၂၅၅၄၆၀၂၁၈၊ ၀၉ ၄၂၄၁၄၆၂၁၄ သို့ ကံစမ်းမဲလက်မှတ် လာရောက် ဆက်သွယ် တင်ပြ ပေးရပါမည်။ သတ်မှတ်ထားသော ရက်အတွင်း ကံစမ်းမဲ ပေါက်မဲလက်မှတ် တင်ပြနိုင်ခြင်း မရှိပါက ကံစမ်းမဲလက်မှတ်တွင် ထည့်သွင်းဖော်ပြထားသောစည်းကမ်းချက်များနှင့်အညီ ကံထူးရှင်အဖြစ်မှ ပယ်ဖျက်ပြီး Denko Trading Co.,Ltd ၏ အဆုံးအဖြတ်အတိုင်းသာ ပြုလုပ်သွားမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

DENKO
Denko Trading Co.,Ltd.



## "အထူးဂမ်းမြောက်ဂုဏ်ယူပူဇော်ခြင်း"

(၇၃) နှစ်မြောက် (လွတ်လပ်ရေးနေ့) အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၁) ဖြင့် နိုင်ငံခြားသာသနာပြု **"အဘိဓဇ မဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်"** ဆက်ကပ်ချီးမြှင့်ပူဇော်ခြင်းခံရသော အိန္ဒိယနိုင်ငံ၊ ယူပီပြည်နယ်၊ ကာဆီယာမြို့နယ်၊ ဗုဒ္ဓနဂရိရပ်ကွက်၊ မြန်မာဘုန်းတော်ကြီးကျောင်းတိုက် ပဓာနနာယကဆရာတော် **ဒေါက်တာ ဘဒ္ဒန္တဉာဏိသာရ** အား ပစ္စည်းလေးပါး ဒကာ/ဒကာမများအဖွဲ့ (ရန်ကုန်) မှ အထူးပင်ကြည်ညိုဂုဏ်ယူဂမ်းမြောက်လျက်ရှိပါကြောင်းနှင့် သာသနာပြုလုပ်ငန်းများကို ကျန်းမာစွာဖြင့် သက်တော်ရာကျော်တိုင် ဆောင်ရွက်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သ လျှောက်ထားအပ်ပါသည်ဘုရား။



### ပစ္စည်းလေးပါးဒကာ/ဒကာမများအဖွဲ့ (ရန်ကုန်)

ဒေါ်သောင်းကျင် - သမီး မရီရီချို မစန်းစန်းချို မိသားစု၊ ဗိုလ်ချုပ် (ငြိမ်း) ဦးအေးမြင့် + ဒေါ်ခင်ဂင်းမြင့် မိသားစု၊ ဒေါ်စန်းမြင့် နှင့် ဗိုလ်ကြီး (ငြိမ်း) ဦးမျိုးအောင် + ဒေါ်ခိုင်ခိုင်စိုး မိသားစု၊ ဦးသိန်းဖေ + ဒေါ်တင်တင်မေ မိသားစု၊ ဒေါ်အုံးမြင့်၊ ဒေါ်မာမာစိန် မိသားစု၊ သမ္မတ သင်္ကန်းတိုက် ဦးသန်းနိုင် + ဒေါ်ကြည်ကြည်ဆွေ မိသားစု၊ ဦးမျိုးတင့် + ဒေါ်မြလေး မိသားစု၊ ဒု-ညွှန်မှူး (ဆမ.ငြိမ်း) ဦးမြအေး + ဒေါ်သန်းမွေး မိသားစု၊ ဦးစိုးလွင် + ဒေါ်မြင့်မြင့်မေ မိသားစု၊ ညွှန်မှူး (ကညန.ငြိမ်း) ဒေါ်ခင်ဂင်း မိသားစု၊ ဒေါ်သူဇာခင် မိသားစု၊ ဒေါ်လှရှိန် မိသားစု၊ ဒေါ်ခင်အေးအေးနိုင် မိသားစု၊ ဒေါ်ဦးညွန့်သိန်း ဒေါ်သန်းကြည် ဒေါ်သူဇာထွန်း မိသားစု၊ ကိုအောင်မျိုးသန့် + မချစ်ချစ် မိသားစု၊ ဒေါ်သီတာနိုင် မိသားစု၊ ဦးသက်နိုင် + ဒေါ်ညိုညိုစိမ့် မိသားစု။


## "အထူးဂုဏ်ယူဝမ်းမြောက်ခြင်း"

(၄-၁-၂၀၂၁) ရက်၊ လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံးအမိန့် ကြော်ငြာစာအမှတ် -၁/၂၀၂၁ ဖြင့် မြန်မာနိုင်ငံတော်အစိုးရမှ ဘာသာသာသနာအကျိုးကို စွမ်းစွမ်းတမံ ဆောင်ရွက်ပြီး မြတ်ဗုဒ္ဓ၏သာသနာအတွင်း၌ ပစ္စည်းလေးပါးဒါယကာ၊ ဒါယိကာမ အဖြစ် စဉ်ဆက်မပြတ် လှူဒါန်းသည့် လူပုဂ္ဂိုလ်များ ကို ချီးမြှင့်ပေးသော သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်များဖြစ်သည့် -

"အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဘွဲ့" မိခင်ကြီး သီဟသုဓမ္မသိင်္ဂီ ဒေါ်ညွန့်ညွန့်

"သီရိသုဓမ္မမဏိဇောတဓရဘွဲ့" ဦးမျိုးမြင့် (ဥက္ကဋ္ဌ - Myo Naing-Nine Group of Companies)

